# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးကောင်စီများအနေဖြင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၃၀**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

ဘင်္ဂါလီတွေဟာ မရှိတဲ့ 'ရိုဟင်ဂျာလူမျိုး'နာမည်နဲ့ ဘာကြောင့် တိုင်းရင်းသားဖြစ်ချင်နေကြတာလဲ ဆောင်းပါး စာ ၁၇

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးရေးဥပဒေ သိကောင်းစရာများ ဆောင်းပါး စာ ၁၆

မြန်မာ့အလင်း

## အနုပညာရှင်တို့၏ ခေတ်သမိုင်းတာဝန်

ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် တရားစွဲဆိုခံထားရသည့် သဘင်၊ ဂီတ၊ ရုပ်ရှင်လောကမှ အနုပညာရှင် ၂၄ ဦးတို့ကို ယမန်နေ့က အမှုရုပ်သိမ်းပေးလိုက်ရာ ၎င်းတို့၏ ပရိသတ်များ ဝမ်းမြောက်ဝမ်းသာ နှစ်ထောင်းအားရ ဖြစ်ခဲ့ကြသည်။ ၎င်းအနုပညာရှင်များသည် CDM လှုပ်ရှားမှုများ၊ ဆူပူဆန္ဒပြမှုများ၊ လူမှုကွန်ရက်မှတစ်ဆင့် ရေးသားမှုများ ပြုလုပ်ခဲ့ကြသော်လည်း ပြင်ပ ပယောဂ တစ်စုံတစ်ရာကြောင့် အဆိုပါလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ရသည်ဟု ယူဆရသဖြင့် အမှုဖွင့်တရားစွဲဆိုထားခြင်းမှ ရုပ်သိမ်းပေးလိုက်ခြင်းဖြစ်သည်။

သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များမှာ လူသိထင်ရှားကျော်ကြားသူများ ဖြစ်ကြသည့်အလျောက် ဆူပူဆန္ဒပြလှုပ်ရှားမှုများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်လာကြခြင်းအားဖြင့် အကျိုးသက်ရောက်မှု ကြီးမားသည်ဖြစ်ရာ မပါပါအောင် တွန်းအားပေးမှု၊ ဆွဲဆောင်မှု၊ ဘေးကျပ်နံကျပ်ဖြစ်အောင် ဖိအားပေးမှုများကို လူမှုကွန်ရက်ပေါ်တွင် တွေ့မြင်ခဲ့ကြရသည်။ မည်သူမပါသေး။ မည်သူက အပေါ်ယံဟန်ပြလုပ်နေသည်။ မည်သူတို့ကို ဝိုင်းကြဉ်လိုက်ကြပါ။ မည်သူတို့ကို အနုပညာအသိုင်းအဝိုင်းမှ ထုတ်ပစ်လိုက်ကြပါ စသည်ဖြင့် လှုံ့ဆော်ဘေးတီးမှုများက အနုပညာရှင်များကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နှင့် ငြိစွန်းသည့်အခြေအနေများဆီသို့ ဆိုက်ရောက်သွားစေသည့် ပြင်ပ ပယောဂများပင်ဖြစ်သည်။

သဘင်၊ ဂီတ၊ ရုပ်ရှင်စသည့် အနုပညာများသည် အများပြည်သူအပေါ် လွှမ်းမိုးနိုင်သည့် နူးညံ့ပျော့ပျောင်းသည့် တန်ခိုးသြဇာရှိသော မီဒီယာများပင်ဖြစ်သည်။ ၎င်းတို့၏ အနုပညာအစွမ်းဖြင့် ပြည်သူကို လှုံ့ဆော်နိုင်သလို တားလည်းတားဆီးနိုင်သည်။ အသိပညာလည်း ဖြန့်ဝေနိုင်သည်။ စည်းရုံးသိမ်းသွင်းနိုင်သည်။ သို့ဖြစ်ရာ ပြည်သူချစ်သည့်၊ ပရိသတ်များပြားအားကောင်းသည့် အနုပညာရှင်များကို နိုင်ငံရေးပါတီများက ချဉ်းကပ်ဆွဲဆောင်အသုံးချမှုများကို အခြားဒီမိုကရေစီနိုင်ငံများတွင်လည်း တွေ့ရသည်။ အနုပညာရှင်များကို နိုင်ငံရေးပါတီများက အသုံးချသည်ဟုဆိုရာတွင် ရွေးကောက်ပွဲအကြိုကာလ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက်မျှသာ ရည်ရွယ်ခြင်းက များစွာမထောင်းတာ လှသော်လည်း နိုင်ငံတော်ဆန့်ကျင်ရေး၊ အစိုးရကို အကြည်ညိုပျက်စေရေး၊ ပုန်ကန်ရေးကဲ့သို့သော အခြေအနေမျိုးသို့ ရောက်ရှိသွားလျှင်မူ ဖြစ်မှုအလိုက် တရားဥပဒေဖြင့် အရေးယူအပြစ်ပေးခံရသည့်ဘဝသို့ ကျရောက်သွားတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဒီမိုကရေစီစနစ်ကို အခိုင်အမာတည်ဆောက်ကာ ဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်ချီတက်နေဆဲဖြစ်သည့် ဒီမိုကရေစီသက်တမ်းနုနယ်သေးသည့် နိုင်ငံဖြစ်သည်။ မျက်မှောက်ကာလ နိုင်ငံ၏ လိုအပ်ချက်များဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ မြန်မာ့လူ့ဘောင်တွင် ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားရေး၊ ရွေးကောက်ပွဲများမှတစ်ဆင့် လစ်ဘရယ်အာဏာရှင်များ ပေါ်ပေါက်မလာရေး၊ ပါတီစွဲ ပုဂ္ဂိုလ်စွဲဝါဒများ ထွန်းကားမလာရေး၊ နိုင်ငံအတွင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော လောကပါလတရားများ ထွန်းကားရေးစသည်တို့ကို အနုပညာစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ခြင်းကသာ အနုပညာရှင်တို့၏ ခေတ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရာရောက်မည်ဖြစ်သည်။

ငြိမ်းချမ်းစွာဆန္ဒပြခြင်းမှ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းကာ အကြမ်းဖက်ပစ်ခတ်၊ ဖောက်ခွဲ၊ သတ်ဖြတ်မှုများနှင့် မြို့ပေါ်မှာရောတောတွင်းမှ ပေါ်ထွက်လာသည့် သတင်းများအရပါ နွေဦးတော်လှန်ရေးဟူသည့် ကဗျာဆန်ဆန် ခေါင်းစဉ်အောက်တွင် အကြမ်းဖက်ဝါဒသည် အရာရာကို ဖျက်ဆီးနေပြီဖြစ်သည်။ အနုပညာရှင်တို့၏ နှလုံးသားနှင့် အနုပညာစွမ်းပကားတို့သည် မိမိတို့၏ လူ့ဘောင်သာယာလှပရေး တည်ဆောက်ရန်သာ ဖြစ်သင့်ကြောင်းနှင့် အကြမ်းဖက်ဝါဒ၏ အစတေးခံတို့ မဖြစ်သင့်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဇွန် ၃၀

**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၁) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကော်မတီအဖွဲ့ဝင်များအနေဖြင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် နိုင်ငံတော်၏ အကျိုးစီးပွား၊ အစိုးရ၏မူဝါဒနှင့် မြေပြင်တွင် အမှန်တကယ်လိုအပ်ချက်များနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များတွင် လူသားချင်းစာနာထောက်ထားမှု ကိစ္စများနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုကိစ္စများ ပါဝင်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများသည် မြေပြင်၌ ထင်သာမြင်သာရှိသည့် ရလဒ်ဖြစ်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်အတူ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းတို့ ဆောင်ရွက်လျှင် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း သတင်းမှန်ပြန်ကြားရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်တွင် ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက ရခိုင်ပြည်နယ်တွင် အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ပညာရေး၊ ကျန်းမာရေး အပါအဝင် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ကဏ္ဍများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီအနေဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က သတင်းမှန်ပြန်ကြားရေး၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်စွာသွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ စိုးစိုးအေး<br>ဒုတိယပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ယောဟန်ထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ဟားခါးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဦးထွန်းမြင့်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်<br>ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်<br>ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |

## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ပုသိမ်မြို့ အမှတ် (၁၁) ရပ်ကွက်တို့၌ နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

**နေပြည်တော် ဇွန် ၃၀**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက ကျောင်းများသို့ သွားရောက်၍ နှာခေါင်းစည်းများ ပေးဝေလှူဒါန်းသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက နှာခေါင်းစည်း ၅၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ သွားရောက်ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်

လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "ညီညွတ်ခြင်းသည် အင်အား" ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**



ပြည်ထောင်စုဝန်ကြီး
ဦးမောင်မောင်အုန်း



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းရှိန်



ပြည်ထောင်စုဝန်ကြီး
ဦးအောင်နိုင်ဦး

◆ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌက ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု ထိန်းချုပ်နိုင်မှု အပေါ်မူတည်၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားစီးပွားရေးကဏ္ဍများ ပြန်လည်ထူထောင်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေး အကြံပြုနိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း။

### အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများဖွံ့ဖြိုးတိုးတက်မှုအတွက် သန်းပေါင်းများစွာသော အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အပြင် သဘာဝနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အနာဂတ်မျိုးဆက်သစ်များ လက်ဆင့်ကမ်းခံစားနိုင်ရန်နှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သော အချို့နိုင်ငံများတွင် ခရီးသွားလုပ်ငန်းမှရရှိသည့်ဝင်ငွေသည် နိုင်ငံစီးပွားရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့စီးပွားရေး၏တတိယအကြီးဆုံး ပို့ကုန်ကဏ္ဍဖြစ်ကြောင်း၊ ထို့ပြင် သဘာဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရေးနှင့် လူသားများအတွက် နေရာသစ်များ၊ ယဉ်ကျေးမှုများနှင့် အတွေ့အကြုံသစ်များကို စူးစမ်းရှာဖွေဖော်ထုတ်ရာတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ခု ဖြစ်ကြောင်း။

### အကောင်အထည်ဖော်ဆောင်ရွက်

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ တစ်ခုတည်းအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးပါသည့် လုပ်ငန်းတစ်ခု ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကို စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals) နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်း ခရီးသွားကန့်သတ်မှုများ ပြုလုပ်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်သည် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း၏ အဆိုးရွားဆုံးသော နှစ်တစ်နှစ် ဖြစ်ခဲ့ကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization – UNWT)၏ ၂၀၂၁ ခုနှစ်၊ မတ်လ စာရင်းဇယားများအရ ကမ္ဘာအနှံ့ခရီးသည် ဝင်ရောက်မှုသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပဒေသတွင် ၈၃ ရာခိုင်နှုန်း၊ အာဖရိကဒေသတွင် ၈၁ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ၇၈ ရာခိုင်နှုန်း၊ အာရှပစိဖိတ်ဒေသတွင် ၈၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းက ရရှိသည့် ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံခန့် ဆုံးရှုံးခဲ့ပြီး အာရှပစိဖိတ်ဒေသတွင် ၇၀ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ၆၉ ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရကြောင်း။

ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ခရီးသည်ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၇၉ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေ ၈၁ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဆုံးရှုံးနစ်နာခဲ့သည်ကို တွေ့ရှိရကြောင်း။

### ပုံမှန်အခြေအနေရောက်ရှိနိုင်မည်

ကမ္ဘာနိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလဆန်းမှ စတင်ပိတ်သိမ်းထားခဲ့သည့် ခရီးစဉ်ဒေသများ၏ ၅၃ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်ခဲ့သည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ စစ်တမ်းကောက်ယူချက်အရ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာခရီးသွားလုပ်ငန်း၏ ၄၀ ရာခိုင်နှုန်းခန့်နှင့် ၂၀၂၂ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်စတင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေအပြည့်အဝထိန်းချုပ်နိုင်ပါက ၂၀၂၄ ခုနှစ်မှသာ ခရီးသွားလုပ်ငန်း ပုံမှန်အခြေအနေ ရောက်ရှိနိုင်မည် ဖြစ်သည်ဟု ခန့်မှန်းထားကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် Global Tourism Crisis Committee ကို ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါကော်မတီက ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေးအစီအမံများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် Global Tourism Crisis Committee နှင့် UNWTO / IATA (International Air Transport Association) ပူးပေါင်း၍ Destination Tracker စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ Harmonize Common Guidelines Recommendations on Health and Safety Protocols ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

### သတိပြုကြရန်လို

ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့၏ ၂၀၂၁-၂၀၂၃ ခုနှစ် နိုင်ငံတကာခရီးသည် ဝင်ရောက်မှုခန့်မှန်းစာရင်းအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသည် ဝင်ရောက်မှု အများဆုံး ၁ ဒသမ ၈ သန်းမှ အနည်းဆုံး ၀ ဒသမ ၅ သန်းရှိမည်ဟု ခန့်မှန်းသုံးသပ်ထားကြကြောင်း၊ အဆိုပါအခြေအနေများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအပေါ် များစွာမူတည်နေသည်ကို သတိပြုကြရန်လိုကြောင်း။

လတ်တလောကာလတွင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါတတိယလှိုင်း ကူးစက်မှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရသည့်အတွက် နိုင်ငံတကာခရီးသွားများ ပြန်လည်ဖွင့်လှစ်နိုင်ရန် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း စတင်ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ မတ်လတွင် ရောဂါကူးစက်မှု အနည်းငယ် ထိန်းချုပ်လာနိုင်ပြီ ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

# ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများဖွံ့ဖြိုးတိုးတက်မှုအတွက် သန်းပေါင်းများစွာသော အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်



ပြည်ထောင်စုဝန်ကြီး ဦးကိုကို



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း

*စာမျက်နှာ ၃ မှ*

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူပြီးသည့်ကာလမှစတင်၍ ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းခရီးသွားများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည့် ခရီးစဉ်ဒေသများကို သွားရောက်လည်ပတ်လျက်ရှိပြီဖြစ်ရာ ၂၀၂၁ ခုနှစ်၊ သင်္ကြန်ကာလအတွင်း မြန်မာနိုင်ငံ ခရီးစဉ်ဒေသများတွင် ပြည်တွင်းခရီးသွားဦးရေ ၄၃၂၈၂၉ ဦးအထိ သွားရောက်လည်ပတ်ခဲ့ကြကြောင်း၊ သို့သော် ကိုဗစ်-၁၉ ကူးစက်မှုအနေဖြင့် ဇွန်လဒုတိယပတ်မှစ၍ မျှော်လင့်ထားသည့် ဗီဇပြောင်းရောဂါပိုး ကူးစက်မှုများ ဖြစ်ပွားလာခဲ့ပြီး ရောဂါကာကွယ် ထိန်းချုပ်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါကူးစက်မှု မြန်မြန်ဆန်ဆန် ရပ်တန့်စေရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

**ကြံ့ဆဆောင်ရွက်ကြရန်လို**

ရောဂါကာကွယ် ထိန်းချုပ်ကုသမှုများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း တွဲဖက်လုပ်ကိုင်နိုင်သည့် Agri Tourism, Faming Tourism, Nature-based Tourism စသည့် သဘာဝနှင့်နီးစပ်သော ခရီးသွားလုပ်ငန်းအမျိုးအစားများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ရှိရင်းစွဲ ခရီးသွားဆွဲဆောင်မှုများအပြင် ခရီးသွားများ စိတ်ဝင်စားနိုင်မည့် အစီအစဉ်များကို ကြံ့ဆဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ဒေသထုတ်ကုန်များကို အရည်အသွေးကောင်းမွန်ပြီး ခေတ်မီဆန်းသစ်သော ထုပ်ပိုးမှုပုံစံများဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ထုတ်ကုန်များ ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ASEAN Tourism Recovery Plan တွင် ပါဝင်သည့် ကိုဗစ်-၁၉ ကြောင့် ဒေသတွင်း သက်ရောက်မှုများ ကုစားဖြေလျှော့ရေးနှင့် ပြန်လည်တိုးတက်ကောင်းမွန်ရေးအတွက် အာဆီယံအဆင့် ဆောင်ရွက်ရမည့် မူဝါဒများ ချမှတ်ခြင်း၊ Common Health Guideline များ ရေးဆွဲဖော်ဆောင်ခြင်း၊ ASEAN Travel Corridor များ ဖော်ဆောင်ခြင်း၊ အာဆီယံအဆင့် Travel Pass နှင့် Safely Protocol များရေးဆွဲ၍ အပြန်အလှန်အသိအမှတ်ပြုခြင်းနှင့် ASEAN Tourism Recovery Fund ထူထောင်ခြင်း ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုံးခွဲများ၊ ခရီးစဉ်ဒေသများရှိ ဒေသခံအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသများတွင် ကနဦးစီမံချက် (Pilot Project)များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဆိုသည်ကို သိရကြောင်း၊ ကနဦး စီမံချက်ပါ အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည့် ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးကောင်စီများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ခရီးသွားလုပ်ငန်းသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော်လည်း ခရီးသွားဧည့်သည်များကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပြန့်ပွားနိုင်သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်စတင်ဆောင်ရွက်ရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပြုစုရေးဆွဲ ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များကို အလေးထားလိုက်နာကြရန် အထူးကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**


ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုကိုပြသသည်။

ထို့နောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ယခင် ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများ၊ ခရီးသွားလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းမှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်တွင်းခရီးသွားမြှင့်တင်ရေးအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း



ဒုတိယဝန်ကြီး ဦးရဲတင့်

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ခရီးသွားလုပ်ငန်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ၊ ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေမှုများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ခရီးသွားလုပ်ငန်းတွင် ပြည်ဝင်ဗီဇာ ထုတ်ပေးနေမှု အခြေအနေနှင့် ပြည်တွင်း ပြည်ပခရီးသွားလာ ကန့်သတ်မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာနိုင်မည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်မှုများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ခွင့်ပြုဆောင်ရွက်နေမှုများ၊ သဘာဝအမွေအနှစ် တန်ဖိုးများနှင့် တည်ရှိမှုများ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာ ကူညီထောက်ပံ့မှု၊ ခရီးသွားလာခြင်းနှင့် စပ်လျဉ်းသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများနှင့် အသွားအလာ ကန့်သတ်ထိန်းချုပ်ဆောင်ရွက်မှုများနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာသို့ အသိပေးပြန်ကြားမှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များက ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ခရီးသွားလုပ်ငန်းနှင့် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဦးစားပေး အစီအစဉ်**

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် ဦးစားပေး အစီအစဉ်အလိုက် ဖော်ဆောင်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ခရီးသွားများနှင့်ဒေသခံများ၏ လုံခြုံရေးအာမခံပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာလုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၃၀

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**တာဝန်ရှိသူများ တက်ရောက်**

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထဲရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကူးစက်မြန် COVID–19 ရောဂါများဖြစ်ပေါ်နေ**

ဦးစွာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအခါ COVID–19 ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လာမှုကြောင့် ကူးစက်မှုလျှော့ချနိုင်ရေးအတွက် မိမိတို့ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အနေဖြင့် တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ COVID–19 ရောဂါ ကူးစက်မှု ကာကွယ်ရေးအတွက် ဆောင်ရွက်ရာတွင် တစ်ဦးချင်း၏ ကြိုတင်ကာကွယ်မှုများသည် အဓိကအကျဆုံးဖြစ်ကြောင်း၊ ယခုအခါ ကလေးငယ်များ ပညာသင်ကြားရေးအတွက် စာသင်ကျောင်းများ ဖွင့်လှစ်ခြင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ဖြေလျှော့မှုများ ပြုလုပ်ပေးခြင်းနှင့် စေတီပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာနေရာများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၌လည်း မျိုးရိုးဗီဇပြောင်း ကူးစက်မြန် COVID–19 ရောဂါများဖြစ်ပေါ်နေသလို မိမိတို့နိုင်ငံအတွင်း၌လည်း စတင်ဖြစ်ပေါ်နေပြီဖြစ်၍ မဖြစ်မနေကျော်လွှားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု အမြန်လျှော့ချနိုင်ရေးမှာ တစ်ဦးချင်းကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကာကွယ်ဆေးများထိုးနှံနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း။

- ❖ COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု အမြန်လျှော့ချနိုင်ရေးမှာ တစ်ဦးချင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကာကွယ်ဆေးများထိုးနှံနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်
- ❖ တစ်ဦးချင်း ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိက ဦးစားပေးအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ကူးစက်မှုမဖြစ်စေရေး လိုအပ်သည့် Face Mask များ လုံလောက်စွာ စဉ်ဆက်မပြတ် ဝေငှနိုင်ရေး၊ စာသင်ကျောင်းခန်းသို့ ဝင်/ထွက်ရာတွင် လက်ဆေးနိုင်ရေး ဆပ်ပြာ၊ သုံးရေရရှိစေရေးအတွက် နိစ္စဓူဝ ကြပ်ကြပ်မတ်မတ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လို

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရုရှားနိုင်ငံခရီးစဉ်အတွင်း COVID–19 ရောဂါကာကွယ်ဆေးများရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးအလုံးရေနှစ်သန်း ဝယ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ရောဂါစစ်ဆေးရန်အတွက်လည်း PCR စက် သုံးလုံး ဝယ်ယူခဲ့သည်ဟုသိရှိရကြောင်း၊ အဆိုပါ PCR စက်သည် တစ်ကြိမ်လျှင် လူဦးရေ ၁၄၀ ခန့်အား ၁ နာရီ မိနစ် ၃၀ အတွင်း စစ်ဆေးနိုင်ကြောင်း၊ အလားတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကာကွယ်ဆေးများဝယ်ယူရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးများမရရှိသေးသည့်ကာလအတွင်း

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား

နေပြည်တော် ဇွန် ၃၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Metropol Hotel ၌ လက်ခံတွေ့ဆုံ၍ သိရှိလိုသည်များကို ဖြေကြားသည်။**

**အဆိုပါ မေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည် –**

*(ယမန်နေ့မှအဆက်)*

**မေး ။ ။ အခုအသစ်ဖွဲ့လိုက်တဲ့ UEC အနေနဲ့ စုံစမ်းမှုတွေပြုလုပ်ပြီးမှသာ ရွေးကောက်ပွဲကို ကျင်းပလို့ရမယ်လို့ နားလည်ထားပါတယ်။ ဒီလိုသန်းဆယ်ချီပြီး မှားယွင်းနေမှုကို စစ်ဆေးမှုဟာ အချိန်ဘယ်လောက်ကြာနိုင်ပါသလဲ။ ဘယ်အချိန်လောက်ပြီးမယ်လို့ ခန့်မှန်းထားပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ တော်တော်များများတော့ ပြီးနေပြီ။ ၉၀ ရာခိုင်နှုန်းလောက် စစ်ဆေးတာ ပြီးသွားပါပြီ။ ကျွန်တော်တို့ လာမယ့် ဇူလိုင်လနောက်ဆုံးအပတ် သို့မဟုတ် ဩဂုတ် ပထမပတ်ထဲမှာ ကျွန်တော်တို့အနေနဲ့ အဲဒါကို တရားဝင် ရှင်းလင်းဖို့ ရှိပါတယ်။

**မေး ။ ။ မဖြစ်မနေ လုပ်ငန်းစဉ်တွေ အားလုံး ပြီးသွားလို့ ရွေးကောက်ပွဲကျင်းပဖို့ အဆင့်သင့်ဖြစ်တဲ့အချိန်မှာ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံရေးပါတီတွေ အားလုံးအနေနဲ့ ဒီရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသလား။**

ဖြေ ။ ။ ပြိုင်နိုင်ပါတယ်။ ပြိုင်ခွင့်ရှိတာပေါ့။ ဒါပေမယ့် သူက သတ်မှတ်တဲ့စည်းကမ်းတွေ ရှိတယ်။ ဥပမာအားဖြင့် မဲဆန္ဒနယ်ဘယ်နှခု ဝင်ရောက်ယှဉ်ပြိုင်ရမယ်တို့ ဒါတွေလည်း ရှိပါတယ်။ အဲဒီလို စည်းကမ်းနဲ့ ကိုက်ညီမယ်ဆိုရင်တော့ အားလုံးယှဉ်ပြိုင်ခွင့်ရှိပါတယ်။

တစ်ခုရှိတာပေါ့ဗျာ၊ အဲဒါဘာလဲဆိုရင် ပါတီများဖွဲ့စည်းခြင်းနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိတယ်။ ဒါတွေနဲ့လည်း ကိုက်ညီဖို့ လိုအပ်ပါတယ်။ ဖွဲ့စည်းမှုနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီဖို့လိုတယ်။ ပြီးရင် ရွေးကောက်ပွဲဝင်နိုင်မယ့် စည်းမျဉ်းစည်းကမ်းတွေ ကိုက်ညီဖို့လိုတယ်၊ ဒီနှစ်ခုနဲ့ ပြည့်စုံတဲ့ ဘယ်နိုင်ငံရေး ပါတီတွေမဆို ယှဉ်ပြိုင်ခွင့်ရှိပါတယ်။

အကြမ်းဖက်မှုကတော့ ပထမဦးဆုံး ရိုးရိုးဆန္ဒပြတာကနေပြီးတော့ နောက်ပိုင်းမှာ ဒီလို ဆန္ဒပြတာတွေကနေတစ်ဆင့် တက်လာပြီး အကြမ်းဖက်မှုတွေ ရှိနေတယ်။ ဒါပေမယ့် အခုတော့ အကြမ်းဖက်မှုတွေက အရင်လို မများတော့ဘူး။ တော်တော်တော့ ကျသွားပါပြီ။ လက်လုပ်ဗုံးတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာတို့၊ လူတွေ ချောင်းမြောင်းပစ်ခတ်တာတို့ ဒီလို အနည်းအကျဉ်းတော့ရှိပါတယ်။ ဒါက ဘာလဲဆိုရင် ပြည်သူတွေ အကြောက်တရားတွေဖြစ်အောင်၊ နောက်တစ်ခါ နိုင်ငံတော်အစိုးရအနေနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ဘူးဆိုတာကို နိုင်ငံတကာမှာ ပုံရိပ်တစ်ခုပျက်ပြားအောင်၊ နိုင်ငံတကာရဲ့ ပုံရိပ်မှာ ကျွန်တော်တို့ရဲ့ အနေအထိုင် ပျက်ပြားအောင် ဆောင်ရွက်တာ ဖြစ်နိုင်ပါတယ်။

နောက်တစ်ခုကတော့ သူတို့ ဒီလိုလုပ်ပြီးတော့၊ ဒီလိုလုပ်ခြင်းအားဖြင့် သူတို့အပေါ် တစ်ဖက်က အားပေးတဲ့သူတွေ စိတ်ဓာတ်တက်ကြွပြီး ဒီထက်ပိုမိုအရှိန်ပြင်းပြင်း လုပ်ဆောင်နိုင်အောင် လုပ်နိုင်တဲ့ ရည်ရွယ်ချက်လည်း ရှိနိုင်ပါတယ်။ ဒါပေမယ့် အများပြည်သူက လက်မခံဘူး၊ အကြမ်းဖက်မှုကို ဘယ်သူမှ လက်မခံဘူး၊ တော်တော်များများတော့ အခု နှိမ်နင်းဆောင်ရွက်နိုင်တာတော့ ရှိတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana ၏ သိရှိလိုသည့် မေးမြန်းချက်များကို ဖြေကြားစဉ်။

သူတို့ မျှော်လင့်ထားတာကတော့ ဒီအကြမ်းဖက်မှုတွေက အရှိန်ပြင်းထန်လာလိမ့်မယ်လို့ မျှော်လင့်ထားတာပဲ။ ပြင်းထန်လာလို့ရှိရင် ကျွန်တော်တို့ရဲ့ တုံ့ပြန်ချက်ကလည်း ပြင်းထန်လာလိမ့်မယ်။ ပြင်းထန်လာလို့ရှိရင် နိုင်ငံတကာက ဝင်ရောက်စွက်ဖက်ဖို့ အခွင့်အရေးတွေက သူတို့ မျှော်မှန်းနိုင်တဲ့ အခြေအနေမျိုးမှာ ပိုရောက်သွားမယ်။ ဒါပေမယ့် သူတို့ ဒီလိုအခြေအနေမျိုး လုံးဝရောက်ဖို့ ဘယ်သူမှ မရှိနိုင်ဘူး။ ဒါကတော့ အမြင့်ဆုံး ကျွန်တော် တွက်ကြည့်တာပါ။ ဒီလိုတော့ မှန်းလို့ရပါတယ်။

**မေး ။ ။ ဒီလိုမျိုးအကြမ်းဖက်မှုတွေကို ထောက်ခံတဲ့သူတွေ ပေါ်ပေါက်လာအောင် လုပ်ဆောင်နေတယ်လို့ ပြောတဲ့အချိန်မှာ ထောက်ခံသူတွေအနေနဲ့ နိုင်ငံရေးအရ ထောက်ခံသူကို ဆိုလိုတာလား။ ဒါမှမဟုတ် ငွေရေးကြေးရေးအရ ထောက်ခံသူကို ဆိုလိုတာလား။**

ဖြေ ။ ။ နိုင်ငံရေးအရ ထောက်ခံသူတွေရဲ့ ဦးဆောင်မှုနဲ့ ငွေကြေးနဲ့ လိုက်လုပ်နေတဲ့ သူတွေ ပိုများတာပေ့ါ။ ဦးဆောင်တဲ့သူတွေကတော့ နိုင်ငံရေးအရ ဆန့်ကျင်တဲ့သူတွေ ဦးဆောင်တာ ရှိတယ်။ သူတို့ရဲ့ ငွေကြေးတွေနဲ့ ခိုင်းတဲ့အခါ ငွေကြေးရတဲ့ သူတွေက လိုက်လုပ်ကြတာပေ့ါ။ အဲဒီတော့ သူတို့က နိုင်ငံရေးအရတော့ မဟုတ်ဘူး။ ပိုက်ဆံကြောင့် လုပ်တာ၊ ဦးဆောင်တဲ့ သူတွေကတော့ နိုင်ငံရေးအရ ဦးဆောင်တဲ့သူတွေပါ။ ဒါပေမယ့် သူတို့မလုပ်ရဲဘူး။ ဦးဆောင်တဲ့သူတွေကတော့ အကြမ်းဖက်မှု မလုပ်ရဲဘူး။ သူတို့က ပိုက်ဆံပေးခိုင်းတာ။

**မေး ။ ။ ကမ္ဘာမှာ အခုလက်ရှိရှိတဲ့ ကမ္ဘာ့နိုင်ငံရေး အသိုင်းအဝိုင်းထဲကနေမှ ဒီနိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ရော အရှေ့တောင်အာရှဒေသ အတွင်းမှာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ အနေနဲ့ပါ မြန်မာနိုင်ငံရဲ့ အခြေအနေကို တည်ငြိမ်အေးချမ်းဖို့အတွက် ဘယ်လိုအကူအညီမျိုးတွေ ပေးနိုင်ပါသလဲ။ ဘယ်လိုအကူအညီမျိုးတွေဆိုရင် မြန်မာနိုင်ငံအနေနဲ့ လက်ခံဆောင်ရွက်ပေးဖို့ ရှိပါသလဲ။**

ဖြေ ။ ။ နံပါတ်တစ်အချက်ကတော့ဗျာ။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှုကိုတော့ နားလည်ဖို့လိုတယ်။ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ယဉ်ကျေးမှုနားလည်ဖို့ လိုတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ ဥပဒေကို နားလည်ဖို့လိုတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှု ဖြစ်စဉ်တွေကို နားလည်ဖို့လိုတယ်။ ဒီလို နားလည်ပြီးတော့မှ ဦးဆောင်မယ်ဆိုရင် ပိုပြီး အကျိုးရှိလိမ့်မယ်လို့ ကျွန်တော်တို့မြင်ပါတယ်။

ဒါတွေကို နားမလည်ဘဲ သူတို့လိုချင်ရာကို ဆွဲပြီးတော့ ရရှိတဲ့သတင်းတွေ၊ နံပါတ် (၁)အချက် ရရှိတဲ့ သတင်းပေါ်မူတည်ပြီး သူတို့လိုချင်ရာ ကောက်ချက်ချတာ၊ ရရှိတဲ့သတင်းတွေကလည်း ဒီအနောက်နိုင်ငံ အဖွဲ့အစည်းတွေကျတော့ သူတို့ရဲ့ လိုချင်တဲ့ပုံစံကိုသွားနိုင်ဖို့ သူတို့က လုပ်တာပါ။ အဲဒီအပေါ်မှာ မူတည်ပြီး သတင်းတွေ တင်တဲ့အခါ ဒီအပေါ်မှာရှိတဲ့ နိုင်ငံတွေကလည်း ဒီအပေါ်မှာပဲ Analyze လုပ်ပြီးတော့ ပြောကြတာပါ။ ဒါပေမယ့် ပကတိအချိန်တွေမှာတော့ ကွဲပြားခြားနားတာ ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်း ပကတိအချိန်တွေကို သိဖို့လိုအပ်ပါတယ်။ အဲဒီလိုဆိုရင် ပူးပေါင်းဆောင်ရွက်ဖို့ သိပ်ကောင်းတယ်။ ကျွန်တော်တို့လည်း နိုင်ငံတစ်နိုင်ငံဆိုတာ၊ ကျွန်တော်တို့နိုင်ငံ ပြည်တွင်းရေးဆိုတာ ဟုတ်ပါတယ်။ သို့သော်လည်းပဲ တစ်ဖက် နိုင်ငံတကာကနေပြီးတော့ ပူးပေါင်းဆောင်ရွက်လို့ရတဲ့ နယ်ပယ်တွေမှာ ရှိကောင်းရှိနိုင်ပါတယ်။ ဥပမာ အကောင်းဘက်ကနေ အပြုသဘောဆောင်တဲ့ ဆောင်ရွက်မှုမျိုးဆိုရင် ကျွန်တော်တို့အနေနဲ့ မလုပ်နိုင်စရာ မရှိပါဘူး။

နိုင်ငံတကာမှာ ကျွန်တော်တို့ အထီးကျန်လို့ မရဘူး။ ပူးပေါင်းဆောင်ရွက်မှုတွေကို ဘယ်လိုပဲ ဖြစ်ဖြစ်လုပ်ရမှာပါ။ အခု ကျွန်တော်တို့ ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိတယ်။ တရုတ်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်။ အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ဆက်ဆံမှုတွေရှိတယ်။ အကုန်ရှိပါတယ်၊ နိုင်ငံတွေ အကုန်လုံးဆက်ဆံမှုတွေရှိတယ်၊ ဒါအရေးကြီးတာမို့ နားလည်ဖို့လိုတယ်။

**မေး ။ ။ အဆွေတော်ဗိုလ်ချုပ်မှူးကြီး ဖြေကြားသွားတဲ့အထဲမှာ ရုရှားနိုင်ငံနဲ့ လက်ရှိမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ တရုတ်နိုင်ငံနဲ့လည်း ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်လို့ ဖြေကြားသွားပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ အခု မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုတည်ဆောက်ရေးအတွက် ဒီမိတ်ဖက်နိုင်ငံ နှစ်နိုင်ငံက ကူညီဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ ဘယ်လိုအကူအညီ အစီအစဉ်ရှိပါသလဲ။**

ဖြေ ။ ။ ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေကတော့ ရှိတယ်ဗျ။ မြန်မာနိုင်ငံရဲ့ အခြေအနေအမှန်ကို သူတို့သိအောင်ကြိုးစားပြီးတော့ နိုင်ငံတကာ မျက်နှာစာတွေမှာ သူတို့က ကျွန်တော်တို့ရဲ့ နိုင်ငံရေးအခြေအနေကို သိအောင် ပြန်ပြီးတော့မှ ဆောင်ရွက်ပေးတာတွေဟာ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေပါ။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**မေး ။ ။ မြန်မာနိုင်ငံအကြောင်းကို မေးမြန်းတဲ့ အချိန်မှာ အခုလက်ရှိ ကာလကြီးမှာ မဖြစ်မနေမေးရမယ့် မေးခွန်းလေးတစ်ခု ရှိပါတယ်။ တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့အချိန် မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မှုတွေ အလျဉ်မီပါသလား။ ဘယ်လို အခက်အခဲတွေ၊ ဘယ်လိုအောင်မြင်မှုတွေရှိတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ကိုဗစ်-၁၉ ရောဂါစဖြစ်တဲ့ ပထမလှိုင်းပေါ့ဗျာ။ ပထမလှိုင်းဖြစ်တဲ့ အချိန်မှာတော့ သိပ်မများဘူး။ ဒုတိယလှိုင်းဖြစ်တဲ့အချိန်မှာတော့ ကျွန်တော်တို့ တော်တော်လေး များသွားတယ်။ ကျွန်တော်တို့ ဒါကိုလည်း ပြန်ထိန်းနိုင်ပါတယ်။ အဲဒီအချိန်မှာ ကိုဗစ်ကာကွယ်ဆေးတွေ ပေါ်လာတော့ ကျွန်တော်တို့ ကာကွယ်ဆေးထိုးနိုင်ဖို့ လုပ်တယ်။ ပထမဦးက အိန္ဒိယနိုင်ငံကနေ၊ နောက်ကျ အိန္ဒိယနိုင်ငံကနေ အကြောင်းအမျိုးမျိုးကြောင့်၊ သူတို့ရဲ့ ပြည်တွင်းရေးမှာရှိနိုင်တဲ့ အခက်အခဲတွေကြောင့် သူတို့ရဲ့ ကာကွယ်ဆေးတွေ ကျွန်တော်တို့ကို ရောင်းချမှုတွေ ခဏတော့ ရပ်ဆိုင်းထားတာပေါ့။

အဲဒီအချိန်မှာ ရုရှားနိုင်ငံကထုတ်တဲ့ ကာကွယ်ဆေးလက်ခံရရှိတဲ့အချိန်၊ အခု ကျွန်တော်တို့ဆီမှာ စမ်းသပ်သုံးစွဲပြီးလည်းဖြစ်တယ်။ နောက်ထပ်လည်း ရုရှားနိုင်ငံကနေ ထပ်ပြီး တိုးချဲ့ဝယ်ယူဖို့အတွက် ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးနေတာရှိပါတယ်။ ထို့အတူပဲ တရုတ်နိုင်ငံကနေပြီးတော့ ကျွန်တော်တို့နိုင်ငံအတွက် ကာကွယ်ဆေးတွေ ပေးပို့ခဲ့တာရှိတယ်။ ဒါကိုလည်း ကျွန်တော်တို့ သုံးစွဲပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ တရုတ်နိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်သွားဖို့ရှိပါတယ်။

တတိယလှိုင်းကတော့ ရုံဖန်ရုံခါတော့ နည်းနည်းပြန်ဖြစ်တဲ့ သဘောတော့ တွေ့တယ်။ တစ်နေ့ တစ်နေ့ တွေ့ရှိတဲ့ ရာခိုင်နှုန်းက ၁၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်ရှိတယ်။ နည်းနည်း နည်းလာတဲ့ ရက်တွေရှိတယ်၊ များလာတဲ့ရက်တွေလည်း ရှိတယ်။ သို့သော် တွေ့ရှိတဲ့ရက်၊ တွေ့ရှိတဲ့ပမာဏကတော့ ၁၀ ရာခိုင်နှုန်းပတ်ဝန်းကျင်လောက်မှာ ရှိနေတဲ့အတွက်ကြောင့် အရင်ထက်စာရင် နည်းနည်းပိုများလာတဲ့ သဘောရှိတယ်။

သို့သော် နိုင်ငံတကာမှာဖြစ်နေတဲ့ ဒီပြန့်ပွားမှုနှုန်းထက်စာရင် ကျွန်တော်တို့ နိုင်ငံမှာတော့ အများကြီး မဟုတ်သေးပါဘူး။ ကျွန်တော်တို့ ကောင်းကောင်းမွန်မွန် စည်းကမ်းတကျ လိုက်နာမယ်ဆိုရင် ထိန်းသိမ်းနိုင်တဲ့ အနေအထားရှိတယ်လို့ ကျွန်တော်ပြောထားပါတယ်။ ဒါလည်း တတ်နိုင်သလောက် ကြိုးစားပြီး ဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ ရုရှားနိုင်ငံက ကာကွယ်ဆေးကို တင်သွင်းဖို့ ညှိနှိုင်းတာနဲ့ ပတ်သက်ပြီး အရေအတွက်အားဖြင့် ဘယ်လောက်ဖြစ်နိုင်မလဲ ဆိုတာ သိပါရစေ။**

ဖြေ ။ ။ လောလောဆယ် ကျွန်တော်တို့ နှစ်သန်းဝယ်ဖို့ လုပ်ထားတယ်၊ နောက်တော့လည်း ခုနစ်သန်းဝယ်ဖို့ တစ်ဖက်ကနေ စီစဉ်နေတာရှိပါတယ်၊ ဒါကလည်း ညှိနှိုင်းဆဲဖြစ်ပါတယ်။ ဒီဘက်ကလည်း ပို့နိုင်တဲ့အခြေအနေအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့က တွက်ချက်ပြီး စောင့်ရတာဖြစ်ပါတယ်။ ရုရှားနိုင်ငံက တစ်ကမ္ဘာလုံးကို ဖြန့်နေရတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်ကို တစ်ပြိုင်နက်တည်း မပေးနိုင်ဘူးဆိုတာ သိရှိထားရမှာဖြစ်ပါတယ်။

**မေး ။ ။ ရုရှားနိုင်ငံမှာ တရားဝင်ခွင့်ပြုထားတဲ့ ကာကွယ်ဆေး(၃)မျိုးရှိပါတယ်။ အဲဒီထဲမှာ စပို့နစ်ဗီတစ်မျိုးကိုပဲ စိတ်ဝင်စားဖို့ ရှိတာပါလား၊**

ဖြေ ။ ။ စပို့နစ်ဗီရယ်၊ စပို့နစ်လိုက်ရယ် ရှိပါတယ်။

**မေး ။ ။ အခု ဗိုလ်ချုပ်မှူးကြီးရဲ့ ရုရှားနိုင်ငံခရီးစဉ် အခုလို မော်စကိုမြို့ကို ရောက်ရှိတုန်းမှာ (၉)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံကို တက်ရောက် ခဲ့တာအပြင် တခြားဘာအစီအစဉ်တွေ ရှိခဲ့ပါသလဲ။ အကြမ်းဖျင်းလေးပြောပြလို့ရရင် သိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ လုံခြုံရေးကောင်စီ အထွေထွေအတွင်းရေးမှူးနဲ့ တွေ့ဆုံဆွေးနွေးမှုလုပ်ခဲ့တယ်။ ကာကွယ်ရေးဝန်ကြီးနဲ့လည်း ဆွေးနွေးမှုလုပ်ခဲ့တယ်၊ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ စစ်တက္ကသိုလ် ကျွန်တော်သွားပြီးတော့ ကျွန်တော့်ကို ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ပေးတုန်းက ကျွန်တော်လက်ခံခဲ့တယ်။ မော်စကိုမှာရှိတဲ့ အထင်ကရနေရာတချို့ကို ကျွန်တော်ရောက်ခဲ့တယ်။ ပြီးတော့ တခြားနေရာ တချို့ကို ကျွန်တော်သွားဖို့ ရှိပါတယ်။ နောက်တစ်ခုက မော်စကိုမှာရှိတဲ့ ထေရဝါဒဗုဒ္ဓဘာသာကျောင်းကိုလည်း ကျွန်တော်သွားခဲ့တယ်။ အဲဒီမှာလည်း သိမ်ရေစက်ချတာ လုပ်ခဲ့တယ်။ ဒါကတော့ မော်စကိုနဲ့ ရုရှားနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေအတွက် ဘာပဲပြောပြော အထောက်အကူရမယ့် နေရာတစ်ခုလို့ ကျွန်တော်ပြောလိုပါတယ်။

**မေး ။ ။ နောက်ထပ် သွားရောက်လည်ပတ်မယ့် မြို့တွေနဲ့ ပတ်သက်ပြီးတော့ သိလို့ရမလား။ ဘယ်မြို့တွေသွားဖို့ စီစဉ်ထားပါသလဲ။**

ဖြေ ။ ။ သေချာတာကတော့ ရုရှားနိုင်ငံရဲ့ထင်ရှားတဲ့ မြို့တွေပါပဲ။ ကာဇန်ရယ်၊ လိုဗိုစီဗီရယ် ကျွန်တော်သွားမယ်။ နာဗာစီဗီကိုလည်း ရောက်အောင် သွားပါမယ်။ အဲဒါ လှပတဲ့မြို့လို့ ပြောကြပါတယ်။

**မေး ။ ။ ခရီးစဉ်ကတော့ ဆက်လက်ပြီးတော့ သွားရောက်ဦးမှာ ဖြစ်တဲ့အတွက် မပြီးဆုံးသေးပါဘူး။ ဒါပေမယ့် အခု ဒီနေ့အထိ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ခံစားရတဲ့ စိတ်ခံစားချက်ကို သိလိုပါတယ်။**

ဖြေ ။ ။ ကောင်းမွန်တဲ့ ခရီးစဉ်ပါပဲ။ ဘာပဲပြောပြော ကျွန်တော်တို့ လာရောက်ဆောင်ရွက်ခဲ့တဲ့ ကိစ္စအားလုံး အောင်အောင်မြင်မြင် ရှိပါတယ်လို့ပဲ ပြောချင်ပါတယ်။

**မေး ။ ။ အခုလို အချိန်ပေးပြီး ဖြေကြားပေးတဲ့ အတွက် ကျေးဇူးအများကြီး တင်ပါတယ်ဗျာ။**

ဖြေ ။ ။ ကောင်းပါပြီ၊ ဒီနေ့က ခင်ဗျားတို့ RIA သတင်းဌာနရဲ့ နှစ် (၈၀) ပြည့်နေ့လို့ သိထားရတယ်။ ဒီလိုသတင်းတွေ ကျော်ကြားတဲ့၊ ဒီလို နှစ်ပေါင်း(၈၀)ကြာအောင် အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့တာနဲ့ ပတ်သက်ပြီး အထူးပဲ ချီးကျူးဂုဏ်ပြုကြောင်း ပြောလိုပါတယ်။ ဆက်လက်ပြီးလည်း ဒီထက်မက အောင်မြင်တိုးတက်ပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းပါရစေ။ အောင်မြင်ပါစေ။

---

*စာမျက်နှာ ၅ မှ*

ယခုလ ၂၉ ရက်နေ့တွင် ရောဂါတွေ့ရှိသူ ၁၃၁၂ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၅ ဒသမ ၉၄ ရာခိုင်နှုန်းရှိကြောင်း၊ ကူးစက်မြန်သည့် ဗိုင်းရပ်စ်ပိုးဖြစ်သဖြင့် ရောဂါကူးစက်မှုများ ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ ရောဂါကူးစက်ခံရသူများအား ဆေးရုံများ၌ ကုသပေးလျက်ရှိသော်လည်း ယခုထက်ပို၍ ရောဂါကူးစက်မှု မြင့်တက်လာချိန်တွင် Quarantine Center များထပ်မံ၍ လုံလောက်စွာထားရှိရေး ကြိုတင်စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တစ်ဦးချင်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကဦးစားပေးအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ကူးစက်မှုမဖြစ်စေရေး လိုအပ်သည့် Face Mask များလုံလောက်စွာ စဉ်ဆက်မပြတ် ဝေငှနိုင်ရေး၊ စာသင်ကျောင်းခန်းသို့ ဝင်/ထွက်ရာတွင် လက်ဆေးနိုင်ရေး ဆပ်ပြာ၊ သုံးရေရရှိစေရေးအတွက် နိစ္စဓူဝ ကြပ်ကြပ်မတ်မတ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ လူအများစု သွားလာလှုပ်ရှားလျက်ရှိသည့် ဈေးများ၊ စက်ရုံအလုပ်ရုံများနှင့် ရုံးဌာနများအတွက်လည်း Face Mask များ ဝေငှနိုင်ရေး ကမ်ပိန်းဆောင်ရွက်ပေးရန် လိုကြောင်း၊ လူတစ်ဦးချင်း၏ ကာကွယ်ရေးအတွက် Face Mask များ တပ်ဆင်စေရေး ရပ်ကွက်၊ မြို့၊ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Face Mask တပ်ဆင်သည့် ကမ်ပိန်းများအား ယခုထက် မြှင့်တင်ဆောင်ရွက်ကြရန်အတွက် တိုက်တွန်းဆောင်ရွက်ရန် လိုကြောင်း၊ ပြည်သူများအတွက် Face Mask များ လုံလောက်စွာ ရရှိစေရေး သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တပ်မတော်အနေဖြင့်လည်း Face Mask များ လိုအပ်သည့် အရေအတွက်ရရှိစေရေး တိုးမြှင့်ထုတ်လုပ်လျက်ရှိကြောင်း၊ အလားတူ Stay at Home သတ်မှတ်ထားသည့် မြို့နယ်များရှိ ပြည်သူများ Face Mask များ တပ်ဆင်ရေး ကမ်ပိန်းများ ပြုလုပ်သွားရန်လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ပြန့်ပွားနေမှုအခြေအနေ၊ COVID-19 ရောဂါ ဒုတိယလှိုင်းနှင့် တတိယလှိုင်း ဖြစ်ပွားမှုအခြေအနေ၊ တတိယလှိုင်းအတွင်း ရောဂါစစ်ဆေးတွေ့ရှိမှု၊ ကုသပေးမှုနှင့် သေဆုံးမှုအခြေအနေ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများတွင် ရောဂါကူးစက်ခံရမှုအခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရောဂါကူးစက်မှုအခြေအနေ၊ ရောဂါကူးစက်မှုနှုန်း မြင့်မားသည့် မြို့နယ်များတွင် Stay at Home သတ်မှတ်ထားမှုအခြေအနေနှင့် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသူများအား Fasility Quaritine ထားရှိနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးတို့က လက်ရှိ COVID-19 ရောဂါ စစ်ဆေးတွေ့ရှိမှု၊ ကုသပေးမှုနှင့် သေဆုံးမှုအခြေအနေ၊ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်ပြန့်ပွားနေမှုအခြေအနေ၊ ရောဂါစစ်ဆေးရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ COVID-19 ရောဂါ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ပြည်သူများ သိသင့်သိထိုက်သည်များ ထုတ်လွှင့်ပြန်ကြားပေးရေး၊ ရောဂါတွေ့ရှိမှုများပြားလာပါက လူနာများထားရှိရန် Quratine Center များ ကြိုတင်ပြင်ဆင်ထားရှိမည့် အခြေအနေ၊ တပ်မတော်အနေဖြင့် ရောဂါကုသထိန်းချုပ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေး စုဖွဲ့ထားရှိမှုအခြေအနေ၊ ရောဂါတွေ့ရှိမှုများပြားလာပါက အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေး၊ မြို့ဝင်မြို့ထွက်များတွင် စနစ်တကျ စိစစ်ကြပ်မတ်ရေးနှင့် ရှောင်ကွင်းလမ်းများမှ ဝင်ရောက်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရေး၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ ကျောင်းများတွင် COVID-19 စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး ညွှန်ကြားထားရှိမှု၊ COVID-19 ရောဂါဆိုင်ရာ အချက်အလက်များနှင့် ရောဂါကာကွယ်ရေးအတွက် နှိုးဆော်ချက်များအား အော်ပရေတာများမှ တစ်ဆင့် ပြည်သူများသိရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ယာဉ်မောင်းများနှင့် ဝန်ထမ်းများ ကာကွယ်ဆေးထိုးနှံနိုင်ရေးနှင့် ရောဂါစစ်ဆေးမှုများ ပြုလုပ်နိုင်ရေးဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ရောဂါကူးစက်မှုခံရသည့် အလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ငွေများပေးအပ်ခဲ့မှုနှင့် ဆေးဝါးကုသပေးမှု အခြေအနေ၊ တက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူများ ရောဂါကူးစက်မှုအခြေအနေ၊ Stay at Home ပြုလုပ်ထားသည့် မြို့နယ်များရှိ အခြေခံပညာကျောင်းအချို့ ယာယီပိတ်ထားမှု အခြေအနေများနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ စာသင်ကျောင်းများတွင် ရောဂါကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေထားရှိမှုအခြေအနေ၊ COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့်အခြေအနေ၊ Social Distancing ရှိစေရေး ဆောင်ရွက်သွားရမည့်အခြေအနေများနှင့် COVID-19 စည်းကမ်းချက်များ၊ SOP/ Guideline များအား လိုက်နာမှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ COVID-19 ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာ သင်တန်းများပို့ချပေးနေမှုနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးမှု အခြေအနေများ၊ COVID-19 ရောဂါ ကူးစက်ခံရသူများအတွက် လိုအပ်သည့် အောက်ဆီဂျင် လုံလောက်စွာရရှိနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်မှုများအား ရှင်းလင်းဆွေးနွေး အကြံပြုတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

**အမှာစကားပြောကြား**

ယင်းနောက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုရှားကာကွယ်ရေး ဒုတိယဝန်ကြီး Colonel General Alexander V. Fomin ၏ အင်တာဗျူးမေးမြန်းချက်များအပေါ် ဖြေဆိုချက်များ

**မေး ။ ။ ဗိုလ်ချုပ်ကြီးရှင့်။ ဗိုလ်ချုပ်ကြီးအနေနဲ့ စစ်ဘက်နှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍတွေမှာ နိုင်ငံတကာနှင့် ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံကောင်းများစွာရှိပါတယ်။ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေမှာလည်း အောက်ခြေဝန်ထမ်းဘဝမှ ယခုလို အကြီးအကဲရာထူးထိ တာဝန်ထမ်းဆောင်လာခဲ့ပါတယ်။ ဒီလို ဘဝလမ်းခရီးမှာ မြန်မာနိုင်ငံဆိုတာကို သိကျွမ်းခွင့်ရခဲ့တာ ဘယ်လောက်ကြာပါပြီလဲ။ မြန်မာနိုင်ငံကို ပထမဆုံးရောက်ခဲ့စဉ်က ဘာကို အမှတ်တရ ရှိနေပါသလဲ။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအကြောင်းကို ရင်းနှီးသိကျွမ်းခဲ့တာဟာဆိုရင် ဆယ်စုနှစ်တစ်ခုကို ကျော်ခဲ့ပါပြီ။ ၂၀၁၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့ပြီး သာယာလှပတဲ့ မြန်မာနိုင်ငံရဲ့ အလှအပက ပထမဆုံးအကြိမ်မှာတင် ကျွန်တော့်ကို အလွန်နှစ်သက် သဘောကျစေပါတယ်။

ကျွန်တော် အခုအချိန်ထိ အမှတ်ရနေတာတစ်ခုကတော့ လေယာဉ်ဆင်းသက်ခါနီးမှာ နေရောင်ကြောင့် ရွှေရောင်တွေ တဖိတ်ဖိတ်တောက်နေတဲ့ ဘုရားပုထိုးတွေကို လှမ်းမြင်နေရတာပါပဲ။ တစ်ချိန်တည်းမှာပဲ ဘာဖြစ်လို့ မြန်မာနိုင်ငံကို ရွှေရောင်တွေ တဖိတ်ဖိတ်တောက်နေတဲ့ ရွှေမြန်မာနိုင်ငံလို့ ခေါ်လဲဆိုတာကို နားလည်သဘောပေါက်ခဲ့ပါတယ်။ ပြီးတော့ ရွှေတိဂုံစေတီတော်ကို သွားရောက် လေ့လာတဲ့အခါမှာလည်း အံ့သြစရာကောင်းလောက်အောင် ကမ္ဘာ့အဆင့်အတန်းမီ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ပြီး စေတီတော်ကြီးရဲ့ကြီးကျယ်ခမ်းနားမှုကို တွေ့ရှိခဲ့ရပါတယ်။

ဒါ့အပြင် အင်းလေးဒေသမှာ နေထိုင်သူတွေရဲ့ နေထိုင်မှုပုံစံနဲ့ အင်းလေးကန်အလှ၊ သစ်ပင်ပန်းပင်များနဲ့ အလှဆင်ထားတဲ့ အေးချမ်းသာယာလှတဲ့ ပြင်ဦးလွင်မြို့ရဲ့ အလှ၊ လူနေမှုအဆင့်အတန်းမြင့်မားတဲ့ မန္တလေးမြို့နဲ့ ရန်ကုန်မြို့ရဲ့ အလှ၊ ရန်ကုန်မြို့မှာရှိတဲ့ (၁၉) ရာစုနှစ်က သမိုင်းဝင်အဆောက်အအုံများ စတာတွေကို အခုချိန်ထိ အမှတ်ရနေတုန်းပါပဲ။

အမြဲတမ်း ရင်ထဲထိစွဲနေအောင် အမှတ်ရနေတာကတော့ မြန်မာလူမျိုးတွေရဲ့ ပွင့်လင်းမှု၊ ဖော်ရွေမှု၊ ရိုးသားမှု၊ ယဉ်ကျေးမှုနဲ့ ညှော်ဝတ်ကျေပွန်မှုတွေပဲ ဖြစ်ပါတယ်။

**မေး ။ ။ လက်ရှိ မြန်မာနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေး အခြေအနေကတော့ ဗိုလ်ချုပ်ကြီး သိရှိထားပြီးဖြစ်တဲ့အတိုင်းပါပဲ။ ဖေဖော်ဝါရီလ ၁ ရက်နေ့က နိုင်ငံကို အရေးပေါ် အခြေအနေ ကြေညာခဲ့တာဟာဆိုရင်လည်း ဗိုလ်ချုပ်ကြီးတို့ သိရှိထားပြီးသလို နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး**



ရုရှားကာကွယ်ရေး ဒုတိယဝန်ကြီး Colonel General Alexander V. Fomin

**ကောင်စီ အစည်းအဝေးခေါ်ယူပြီး ဆောင်ရွက်ခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ယခုလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တာဝန် လွှဲပြောင်းထမ်းဆောင်ခဲ့ရသည်ကို မလိုလားသူများလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ၎င်းတို့ထဲက အများစုဟာ CDM လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ကြပါတယ်။ ဗိုလ်ချုပ်ကြီးအနေနဲ့ နိုင်ငံရေးခံယူချက်ကြောင့် ဆေးရုံဆေးခန်းတွေ ပိတ်ပစ်ရအောင် လုပ်ခဲ့တဲ့ CDM ဆရာဝန်တွေနဲ့ ပတ်သက်ပြီး ဘာများမှတ်ချက်ပေးလိုပါသလဲ။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ မပြောနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံက ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပတ်သက်လို့ သုံးသပ်ဖို့ ကျွန်တော့်မှာ အခွင့်အရေးမရှိပါဘူး။

တစ်ဖက်က ကြည့်မယ်ဆိုရင် အေးချမ်းစွာနေလိုတဲ့ ပြည်သူလူထုတွေ၊ တာဝန်သိ အစိုးရဝန်ထမ်းတွေ၊ မိမိအလုပ်ကို တန်ဖိုးထားသူတွေကို ခြိမ်းခြောက်၊ ညှဉ်းပန်းနှိပ်စက်၊ နှောင့်ယှက်တဲ့ လုပ်ရပ်တွေကို ဘယ်နိုင်ငံ ဘယ်အစိုးရမှ လက်မခံပါဘူး။ ဒီလို လုပ်ဆောင်ခြင်းဟာလည်း စစ်မှန်တဲ့ ဒီမိုကရေစီကို ရရှိနိုင်မှာမဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။

ကျန်းမာရေးဝန်ထမ်းဆိုတာက လူ့အသက်နဲ့ လူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက် ကာကွယ်ပေးတဲ့ လွန်စွာမြင့်မြတ်သော အလုပ်တစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းတွေဟာ မေတ္တာနဲ့ ကရုဏာထားပြီး လူသားတွေအပေါ် ဂရုစိုက်မယ်ဆိုရင် ပိုမိုကောင်းမွန်ပါတယ်။ အခုလို တစ်ကမ္ဘာလုံး ကပ်ရောဂါဆိုက်နေချိန်မှာ ကျန်းမာရေး ဝန်ထမ်းတွေဟာ မိမိကိုယ်တိုင်က တက်ကြွစွာနဲ့ လူသားတွေကို ပိုမိုကူညီသင့်တယ်လို့မြင်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေဟာ ကောင်းမွန်စွာ လေ့ကျင့်သင်ကြားထားပြီးတဲ့ လူတွေဖြစ်တယ်၊ မိမိပရော်ဖက်ရှင်နယ်ကိုလည်း ယုံကြည်ချက် ခံယူချက် မြင့်မားစွာထားတဲ့ လူတွေဖြစ်တာရယ်၊ တိုင်းသူပြည်သားတွေအတွက်လည်း လိုအပ်တာ ဖြစ်တဲ့အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိစွာဖြင့် ပြန်လည်ပူးပေါင်းဆောင်ရွက်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံရဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်း ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနဲ့ ပတ်သက်ပြီး လက်ရှိကမ္ဘာ့မီဒီယာများမှာ အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုရေးသားဖော်ပြနေကြတာကို တွေ့မြင်နေရပါတယ်။ ဒီလိုရေးသားကြသူများ အနက်မှာ ရုရှားနိုင်ငံက အစိုးရပိုင်နဲ့ အစိုးရမဟုတ်တဲ့ မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေဟာ အခြားနိုင်ငံတွေရဲ့ မီဒီယာများနဲ့မတူဘဲ ဘက်မလိုက်တဲ့ အမြင်နဲ့ သမာသမတ်ကျကျ ရေးသားဖော်ပြကြတာကို တွေ့မြင်ဖတ်ရှုမှတ်သားခဲ့ရပါတယ်။ မိမိတို့မြဝတီမီဒီယာအနေနဲ့လည်း မြဝတီသတင်းစာမှာ ရုရှားနိုင်ငံ မီဒီယာများမှာ ရေးသားဖော်ပြခဲ့တဲ့ သတင်းဆောင်းပါးတွေကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ ဖတ်ရှုနိုင်ဖို့အတွက် ဘာသာပြန်ဆိုပြီး ပြန်လည်ဖော်ပြပေးခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ရုရှားနိုင်ငံရဲ့ မြန်မာ့နိုင်ငံရေးအပေါ် ရပ်တည်ချက်နဲ့ ထင်မြင်ယူဆချက်များကို ယခုလို အခွင့်အခါကြုံကြိုက်တုန်းမှာ မေးမြန်းလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရန် လိုအပ်သလို နိုင်ငံရေးအပြောင်းအလဲကြောင့်လည်း စိန်ခေါ်မှုတွေ များစွာကြုံတွေ့နေရတဲ့ အချိန်လည်း ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်နေတယ်လို့လည်း သိရပါတယ်။ ပြည်တွင်းတည်ငြိမ်မှု ရရှိလာရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးပြီးတော့ အနိုင်ရတဲ့ပါတီကို တိုင်းပြည်အာဏာ ပြန်လည် လွှဲပြောင်းပေးမယ်လို့လည်း သိရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြည်ပရဲ့ စီးပွားရေး ပိတ်ဆို့မှုအောက်မှာ ဆယ်စုနှစ်ပေါင်းများစွာ နေခဲ့ရပေမယ့်လည်း အဲ့ဒီအချိန်က တပ်မတော်အစိုးရက ဖြစ်ပေါ်နေတဲ့ အခက်အခဲများကို အကောင်းဆုံး ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။

အနောက်နိုင်ငံ မီဒီယာတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအကြောင်းကို ဖြစ်ပေါ်နေတဲ့ အခြေအနေကို မချပြဘဲ သူတို့စိတ်ကြိုက် ဖော်ပြနေတယ်ဆိုတာက မထူးဆန်းပါဘူး။ အနောက်မီဒီယာတွေက စိတ်ကူးယဉ်ဆန်ဆန် လုပ်ဆောင်ကြတယ်။ တကယ်ဖြစ်ပျက်နေတာကို မြင်ချင်မှလည်း မြင်တယ်။ ဒါပေမယ့် မရှိတဲ့အရာကိုလည်း ပုံကြီးချဲ့ရေးသားတတ်တာက သူတို့ရဲ့ အကျင့်ပဲလေ။ ကူးစက်ရောဂါတွေ ဖြစ်ပွားနေချိန်မှာ စီးပွားရေးပိတ်ဆို့မှုတွေ ဖြစ်ပေါ်လာတာကလည်း လူတွေရဲ့ စားဝတ်နေရေးကို ပိုမိုအခက်တွေ့စေပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ အနောက်နိုင်ငံက ပိတ်ဆို့မှုတွေ ပြုလုပ်လို့ မရနိုင်တဲ့ နည်းတွေကို စဉ်းစားရမယ်။ ရုရှားနိုင်ငံကိုလည်း စီးပွားရေးပိတ်ဆို့မှုတွေ ပိုမိုလုပ်ဆောင်လာတာလည်း တွေ့ရတယ်။

ဘယ်လိုပဲ ပြည်တွင်းရေး၊ နိုင်ငံရေး အခက်အခဲတွေ တွေ့ကြုံနေရလည်း မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံဟာ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့အတိုင်း နှစ်နိုင်ငံ တပ်မတော်အကြား အပြန်အလှန် ကူညီမှုတွေရှိတယ်။ ဒါ့အပြင် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ ယဉ်ကျေးမှုနယ်ပယ်၊ အားကစားနယ်ပယ်တို့မှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမို လုပ်ဆောင်နိုင်မယ်လို့ မြင်ပါတယ်။

**မေး ။ ။ ၁၉၄၅ ခုနှစ်တုန်းက ရုရှားဟာ နယ်ချဲ့ဖက်ဆစ်စနစ်ကို ဥရောပတိုက်မှာ အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း တပ်မတော်ဟာ နယ်ချဲ့ဖက်ဆစ်ကို တိုက်ထုတ်ပြီး နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ မော်စကိုမြို့မှာ ၂၀၂၀ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က ကျင်းပတဲ့ အောင်ပွဲနေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးအနေနဲ့လည်း နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၇၆) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်သည် အမိမြေငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီအချက်ကို သမိုင်းဖြစ်စဉ်တွေက သက်သေထူပေးနိုင်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံတကာရဲ့ ဖိအားတွေကြားမှ အာရှပစိဖိတ်ဒေသတွင်း ခေတ်သစ်ပထဝီဝင်နိုင်ငံရေး အခင်းအကျင်းတွေကြားမှာ မြန်မာနိုင်ငံအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်စွာဖြင့် ကြံ့ကြံ့ခိုင် ရပ်တည်နိုင်မယ်လို့ ထင်ပါသလား။**

ဖြေ ။ ။ မြန်မာနိုင်ငံနဲ့ ဆိုဗီယက်ပြည်ထောင်စုမှာ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဝါဒကို တွန်းလှန်တိုက်ခိုက်ခဲ့တဲ့ တူညီတဲ့ သမိုင်းကြောင်း ရှိပါတယ်။ ၁၉၄၂ ခုနှစ်မှာ ဖက်ဆစ်ကျူးကျော်သူ ဂျပန်တွေ သိမ်းပိုက်ခဲ့တဲ့ မြန်မာနိုင်ငံကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ ဖက်ဆစ်တွေကို ရှုပ်ရှုပ်ချုံချုံ တိုက်ထုတ်နိုင်ခဲ့တယ်။ ဒါက ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဖက်ဆစ်ကို အတူတူ တွန်းလှန်တိုက်ထုတ်ခဲ့တဲ့ သမိုင်းပဲ။ ဒီလို သမိုင်းကြောင်းမျိုးကို မေ့ပစ်လို့မရပါဘူး။

လက်ရှိကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုတွေ ဖြစ်နေတာအတွက် နိုင်ငံတိုင်းက ကြုံလာနိုင်တဲ့ စိန်ခေါ်မှု အသစ်အသစ်တွေ၊ ခြိမ်းခြောက်မှုတွေ၊ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားသင့်တယ်လို့ထင်တယ်။ မြန်မာနိုင်ငံဟာ ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာကြား တည်ရှိနေပြီး အရှေ့တောင်အာရှရဲ့ အကြီးဆုံး ကုန်းတွင်းပိုင်းနိုင်ငံ ဖြစ်တယ်။ တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံကတော့ အာရှ-ပစိဖိတ်ဒေသတွင်းကိစ္စတွေကို ပါဝင်လိမ့်မယ်လို့ မထင်ပါဘူး။ နိုင်ငံတကာဆက်ဆံရေးမှာ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းစေရန်အတွက် အပြန်အလှန် ကူညီပေးနိုင်တဲ့ မဟာမိတ်နိုင်ငံတွေ ဖွဲ့ရတယ်။ မြန်မာနိုင်ငံအနေနဲ့ ရုရှားနဲ့ မဟာမိတ်နိုင်ငံအဖြစ် အမြဲယုံကြည်လို့ရတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပထဝီအနေအထားအရ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်စီးဆင်းမှုများမှာ မဟာဗျူဟာမြောက်အနေအထားမှာ ရှိခြင်းကလည်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာရှ-ပစိဖိတ်ဒေသတွင်း မဟာဗျူဟာမြောက် အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားလာကောင်းတွေများစွာရှိတယ်လို့ ကျွန်တော်မြင်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံဟာဆိုရင် နိုင်ငံရဲ့ အနောက်ဘက် နယ်နိမိတ်တစ်လျှောက် အိန္ဒိယသမုဒ္ဒရာနဲ့ ထိစပ်နေပြီး ပစိဖိတ်ဒေသ၏ အနောက်ဖျားအစွန်းတစ်နေရာမှာ ပထဝီဝင်နိုင်ငံရေးအတွက် အရေးပါသည့် နိုင်ငံတစ်ခုအဖြစ် ဖြစ်တည်လျက်ရှိပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဒီဒေသတွင်းမှာ ပထဝီဝင်နိုင်ငံရေး အင်အားစုအသစ်များ ဖော်ဆောင်ဖွဲ့စည်းလျက် ရှိနေပါတယ်။ အင်ဒိုပစိဖိတ်မဟာမိတ်နိုင်ငံများ ဖွဲ့စည်းခြင်းကို သာဓကတစ်ခုအနေဖြင့် တွေ့မြင်နိုင်ပါတယ်။ ဒီအင်ဒိုပစိဖိတ်မဟာမိတ်အဖွဲ့နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ကြီး ဘယ်လိုမြင်ပါသလဲ။ မြန်မာက ဒီအခင်းအကျင်းတွေကြားမှာ ဘယ်လိုပါဝင်လာနိုင်ပါသလဲ။ ရုရှား-မြန်မာ နှစ်နိုင်ငံ စစ်ဘက်နှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက် အရှိန်အဟုန်တိုးမြှင့်ခြင်းဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်သွားလို့ ရနိုင်ပါသလား။ ဒီလို အခြေအနေမှာ ဘာတွေ လုပ်သင့်ပါသလဲ။**

*စာမျက်နှာ ၉ သို့*

## တွေ့ဆုံမေးမြန်း

စာမျက်နှာ ၈ မှ

ဖြေ ။ ။ အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့ မဟာမိတ်တွေကတော့ အာရှ-ပစိဖိတ်အရေးမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနေတာကြာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကအချက်အချာနေရာဟာ သဘာဝသယံဇာတများနဲ့ သယ်ယူပို့ဆောင်ရေး အခွင့်အလမ်းများစွာရှိတဲ့ အရှေ့တောင်အာရှ ဒေသရပ်ဝန်းဖြစ်နေလို့ ဖြစ်ပါတယ်။ အဓိကကတော့ အာရှ-ပစိဖိတ်ဒေသကို စိုးမိုးနိုင်ရင် စီးပွားရေးကောင်းမွန်စွာ တိုးတက်လာမှာဖြစ်တယ်။

အမေရိကန်နိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ်ဒေသအတွင်း လွတ်လပ်ခွင့် ခေါင်းစဉ်နဲ့ ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ပင်လယ်ရေကြောင်းနဲ့ လေယာဉ်ပျံသန်းနိုင်ရေး လွတ်လပ်စွာ သွားလာနိုင်ရေးကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိတယ်။ အမှန်တကယ် နောက်ကွယ်မှာ သူတို့လိုချင်နေတာကတော့ ဒေသတွင်း လှုပ်ရှားမှုများကို ထိန်းချုပ်ခြင်းဖြင့် စီးပွားရေးအရ အကျိုးအမြတ်များရမည့်အပြင် ပထဝီအနေအထားအရ စစ်ရေးမဟာဗျူဟာမြောက်တဲ့နေရာကို ပိုင်ဆိုင်လိုခြင်းလည်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒေသတွင်း ကိစ္စရပ်များနှင့် ပတ်သက်ပြီး နီးစပ်တဲ့ နိုင်ငံများမှ အပြန်အလှန် ဆက်သွယ်မှုဖြင့် ဆုံးဖြတ်ကိုင်တွယ်ဖြေရှင်းနေပါတယ်။

ဒေသတွင်းကိစ္စရပ်များကို အနောက်အုပ်စုများ ပါဝင်ပတ်သက်နေခြင်းက အာဆီယံနိုင်ငံတွေရဲ့ အရည်အသွေးကို ကျဆင်းစေပြီး ဒေသတွင်းလုံခြုံမှုကိုလည်း ထိပါးစေပါတယ်။ ဒါ့အပြင် ဒေသတွင်း နိုင်ငံများချိတ်ဆက်လုပ်ဆောင်မှုကို အင်အားလျော့နည်းစေပြီး ပဋိပက္ခများကို ပိုပြီးဖြစ်စေပါတယ်။

ဒေသတွင်းနိုင်ငံအချင်းချင်း ပဋိပက္ခတွေ ပိုများပြားလာလေ နိုင်ငံတွေအကြား ချစ်ကြည်ရင်းနှီးမှု ပျက်ပြားလာမှာ ဖြစ်တယ်။ ဆီးရီးယားက အကြမ်းဖက်သမားများ ပြန်လည်ပေါ်ထွက်လာခြင်းကတော့ အာရှ-ပစိဖိတ်ဒေသအတွင်း ပဋိပက္ခများနဲ့ သက်ဆိုင်မှု မရှိပါဘူး။

ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုက မြန်မာနိုင်ငံအပေါ် များစွာ မူတည်နေပါတယ်။ ဒါ့ကြောင့် ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို အကောင်းဆုံး ကာကွယ်ထားရန် လိုအပ်ပါတယ်။ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနဲ့ ရေပိုင်နက်လုံခြုံရေးအတွက် ရုရှားနိုင်ငံက အပြည့်အဝကူညီပေးရန် အသင့်ရှိပါတယ်။ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်နိုင်ပြီး စစ်ဘက်ဆိုင်ရာ နည်းပညာများကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါတယ်။ ဒါ့အပြင် ခေတ်မီလက်နက်များကိုလည်း ထောက်ပံ့ကူညီပေးရန် အဆင်သင့် ရှိပါတယ်။

ယနေ့ခေတ် မြန်မာ့တပ်မတော်က ဒေသတွင်းအရေးတွေမှာ အရေးကြီးဆုံး အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ခေတ်မီ စစ်လက်နက်ပစ္စည်းများ တပ်ဆင်ထားဖို့ လိုအပ်ပြီး မြန်မာ့တပ်မတော်အတွက်လည်း အမှန်တကယ် အသုံးဝင်မှာ ဖြစ်ပါတယ်။ အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ် ရှိနေခြင်းဟာ တိုင်းပြည်ကို လုံခြုံမှုအရှိဆုံးပေးနိုင်တဲ့ သော့ချက်ဖြစ်တယ်။

❖ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုက မြန်မာနိုင်ငံအပေါ် များစွာမူတည်၊ ဒါ့ကြောင့် ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို အကောင်းဆုံးကာကွယ်ထားရန် လိုအပ်၊ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနဲ့ ရေပိုင်နက်လုံခြုံရေးအတွက် ရုရှားနိုင်ငံက အပြည့်အဝ ကူညီပေးရန်အသင့်ရှိ၊ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်နိုင်ပြီး စစ်ဘက်ဆိုင်ရာ နည်းပညာများကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိ၊ ဒါ့အပြင် ခေတ်မီလက်နက်များကိုလည်း ထောက်ပံ့ကူညီပေးရန် အဆင်သင့်ရှိ

**မေး ။ ။ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍမှာ လက်ရှိ ရုရှားနိုင်ငံက လက်ခံကျင်းပပြုလုပ်နေတဲ့ International Army Games လို ပြိုင်ပွဲတွေ၊ မဟာဗျူဟာမြောက် စစ်ရေးလေ့ကျင့်ခန်းအခမ်းအနားတွေမှာ မြန်မာ့တပ်မတော် ကိုယ်စားပြုအသင်းတွေ ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိနေပါတယ်။ အဲ့ဒီလို ကျင်းပပြုလုပ်တဲ့ ပြိုင်ပွဲတွေကို ရုရှားနိုင်ငံအတွင်းမှာသာမကပဲ ပြိုင်ပွဲဝင်နိုင်ငံများအတွင်းထိပင် အချို့သော ကစားနည်းများကို လက်ခံကျင်းပစေဖို့ ရုရှားဘက်က စီစဉ်ဆောင်ရွက်နေတာကိုလည်း သတိပြုမိပါတယ်။ မြန်မာနိုင်ငံဟာလည်း ပြိုင်ပွဲဝင် နိုင်ငံတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံမှာရော လက်ခံကျင်းပပေးဖို့ ကစားနည်းအသစ်တွေ ကမ်းလှမ်းလာဖို့ အစီအစဉ် ရှိ/မရှိနဲ့ ဘယ်လိုကစားနည်းမျိုးဆိုရင် မြန်မာ့ရေမြေတောတောင်နဲ့ ကိုက်ညီနိုင်တယ်လို့ ထင်ပါသလဲ သိလိုပါတယ်။**

ဖြေ ။ ။ နှစ်နိုင်ငံ ဆက်ဆံမှုများ တိုးတက် စေဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေ များစွာ လုပ်ဆောင်ခဲ့ပါတယ်။ Tank Biathlon၊ Army of culture၊ Airborne platoon၊ Sea cup၊ sniper frontier military medical realy စတဲ့ ပြိုင်ပွဲတွေမှာ မြန်မာ့တပ်မတော် ပါဝင်ဆင်နွှဲတာတွေကလည်း အထူးပင် ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုပဲ ဖြစ်ပါတယ်။

ဒီနှစ်အတွက်ပြိုင်ပွဲကို ပြည်နယ် ၁၃ ခုမှာ ကျင်းပမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြိုင်ပွဲကျင်းပတဲ့ နေရာများကို ပိုချဲ့ထွင်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လာမယ့်ပြိုင်ပွဲမှာ ဘယ်နှခုလောက် ပါဝင်ဆင်နွှဲနိုင်မလဲ ဆိုတာကို စိတ်ဝင်စားစွာ စောင့်မျှော်နေပါတယ်။ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာတယ် ဆိုတာကို Kavkaz 2020 မှာ မြန်မာ့တပ်မတော်မှ ပါဝင်ဆင်နွှဲခြင်းဟာ သက်သေပဲ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ရုရှား- ဘီလာရုစ် ပူးတွဲစစ်ဆင်ရေး လေ့ကျင့်ခန်းတွေမှာလည်း ပါဝင်ဆင်နွှဲမှုကို စောင့်မျှော်နေပါတယ်။ အခုလိုမျိုး ပါဝင်ဆင်နွှဲခြင်းတွေက မြန်မာ့တပ်မတော်နဲ့ ရုရှားလူမျိုးများအကြား ရင်းနှီးမှုကို ပိုမိုခိုင်မာစေပါတယ်။

မေး ။ ။ ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ဦးစီးကျင်းပတဲ့ အခမ်းအနားတွေကို မြန်မာ့တပ်မတော်ဘက်ကို ကိုယ်စားလှယ်အဖွဲ့ တက်ရောက်နိုင်ဖို့အတွက် အစဉ်အမြဲ သတိတရနဲ့ တလေးတစား ဖိတ်ကြားသလိုပဲ အခြားသော ရုရှားနိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ အရောင်းပြပွဲနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာပြပွဲပြိုင်ပွဲတွေမှာလည်း မြန်မာနိုင်ငံအစိုးရဘက်က သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်အဖွဲ့တွေသာမက အရပ်ဘက် စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်တွေပါ လာရောက်လေ့လာနိုင်ရေး ဖိတ်ကြားသွားဖို့ အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။

ဖြေ ။ ။ ရုရှား- မြန်မာယဉ်ကျေးမှုနဲ့ စီးပွားရေးဆိုင်ရာ ဆက်နွှယ်မှုကို ဖွံ့ဖြိုးတိုးတက်စေဖို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းက အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ အခုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ရုရှားနိုင်ငံသို့ ခရီးစဉ်ဖြစ်ပါတယ်။ ခရီးစဉ်အတွင်း အများပြည်သူသွားလာမှုအတွက် သယ်ယူပို့ဆောင်ရေးဌာနက တာဝန်ရှိသူတွေ၊ မြေအောက်မီးရထားဆိုင်ရာ နည်းပညာနယ်ပယ်က တာဝန်ရှိသူတွေ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာရှင်တွေ၊ ဆေးပညာနယ်ပယ်က ခေတ်မီနည်းပညာများ စတာတွေကို လေ့လာကြည့်ရှုခဲ့ပြီး ဖြစ်ပါတယ်။

စီးပွားရေးနယ်ပယ်မှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းတွေ၊ သတ္တုတွင်း စီမံကိန်းတွေကို ပူးပေါင်းလုပ်ဆောင်ရန် မျှော်လင့်ပါတယ်။

ယဉ်ကျေးမှုနယ်ပယ်မှာဆိုရင် ရုရှား- မြန်မာ ချစ်ကြည်ရေးဥက္ကဋ္ဌ ကိုယ်တိုင် ခရီးစဉ်မှာပါဝင်ပြီး ချစ်ကြည်ရေးဆိုင်ရာ လုပ်ငန်းတွေကို ဆွေးနွေးတိုင်ပင်နေတယ်လို့လည်း သိရပါတယ်။ ဒါကြောင့် ရှေ့ဆက် ရုရှား - မြန်မာ ချစ်ကြည်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

မေး ။ ။ မြန်မာ့တပ်မတော်မှ သင်တန်းသား အများအပြားဟာ ရုရှားနိုင်ငံရဲ့ စစ်ဘက်၊ အရပ်ဘက်တက္ကသိုလ်တွေမှာ အဆင့်မြင့်ပညာ သင်ယူတတ်မြောက်ခဲ့ကြပြီး ၎င်းတို့ အမိနိုင်ငံကို ပြန်လည်ရောက်ရှိတဲ့ အချိန်မှာလည်း မိမိတို့ သင်ယူတတ်မြောက်ခဲ့တဲ့ ပညာရပ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန် အပါအဝင် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက် ရှိကြပါတယ်။ ဒီလို လက်တွေ့နယ်ပယ်မှာ ထူးချွန်စွာ အောင်မြင်မှုတွေရရှိကြတဲ့ ရုရှားနိုင်ငံက မွေးထုတ်ပေးလိုက်တဲ့ ပညာရှင်များအတွက် ဘယ်လိုစကားလက်ဆောင်များ ပါးလိုပါသလဲ။

ဖြေ ။ ။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှ မြန်မာ့တပ်မတော်မှ အရာရှိများကို ရုရှားနိုင်ငံသို့ ပညာတော်သင် စေလွှတ်ခဲ့တာ အခုဆို ကျောင်းသား ၇၀၀၀ ကျော်လောက်ကို မွေးထုတ်ပေးပြီး ဖြစ်ပါတယ်။ အဲ့ဒီအထဲမှာ မာစတာကျောင်းသား ၆၅၀၀ ကျော်၊ ပါရဂူကျောင်းသား ၆၇၉ ဦးကျော်နဲ့ Doctor Of Science ဘွဲ့ ၈ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရုရှားနိုင်ငံကို ပညာတော်သင်စေလွှတ်ဖို့ အကောင်အထည်ဖော် စတင်ဖွဲ့စည်းကတည်းကပင် ပါဝင်ခဲ့ပါတယ်။ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဖြစ်စဉ်ကာလအတွင်း ရုရှားနိုင်ငံကို ပညာတော်သင် စေလွှတ်ဖို့ ကြိုးပမ်းလုပ်ဆောင်ခဲ့ပါတယ်။ လက်ရှိအချိန်ထိ ဆက်လက်လုပ်ဆောင်နေဆဲလည်း ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၀ လောက် မြန်မာနိုင်ငံအနေနဲ့ နည်းပညာကို ကျွမ်းကျင်တဲ့ မျိုးဆက်ကို မွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။

ဥပမာအနေနဲ့ စိန့်ပီတာစဘတ် ရေကြောင်းနည်းပညာ တက္ကသိုလ်က သင်္ဘောတည်ဆောက်ရေး အင်ဂျင်နီယာဘွဲ့ရရှိသူတွေက မြန်မာ့တပ်မတော်(ရေ) အတွက် အဆင့်မြင့် ဖရီးဂိတ်တိုက်ခိုက်ရေးသင်္ဘောများကို တည်ဆောက်နိုင်ပြီ ဖြစ်ပါတယ်။ အခုလိုမျိုး ကျွမ်းကျင်သူတွေကို မြန်မာနိုင်ငံအတွက် မွေးထုတ်ပေးနိုင်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း ဂုဏ်ယူပါတယ်။ ဆက်လက်ပြီးတော့လည်း တတ်နိုင်သမျှ အစွမ်းကုန် ကူညီပေးသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ရုရှားနိုင်ငံမှာ မြန်မာ့တပ်မတော်မှ သင်တန်းသား အများအပြား ပညာသင်ကြားနေတာ ရှိပါတယ်။ အဲ့ဒီလိုပဲ အရပ်ဘက်ကဏ္ဍတွေမှာ နောက်ထပ်လည်း မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ရုရှားနိုင်ငံအနေနဲ့ ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားဖို့ အစီအစဉ်တွေရှိရင် သိလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ မြန်မာကျောင်းသားများကို မတူညီတဲ့ ကျောင်းတွေနဲ့ မတူညီတဲ့ နည်းပညာတွေကို တတ်နိုင်သလောက် သင်ကြားပေးသွားမှာပါ။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ကူညီခြင်းဟာ အရေးကြီးဆုံးပါ။ ရုရှား-မြန်မာ ဆက်ဆံရေးမှာ ပညာရေးသည်လည်း အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်လေးတွေကိုလည်း ရုရှားမှာ ပညာလာသင်ပါ။ ရုရှားမှာ ကောင်းမွန်တဲ့ ပညာရေးစနစ်နဲ့ ခေတ်မီတဲ့ သိပ္ပံပညာရပ်များကိုသင်ယူနိုင်ပါတယ်လို့လည်း ပြောပေးစေချင်ပါတယ်။ ဖိတ်လည်း ဖိတ်ခေါ်ပါတယ်။

ရုရှားနိုင်ငံဟာ - မြန်မာနိုင်ငံအတွက် အမြဲတမ်း နွေးထွေးပြီး ယုံကြည်ရတဲ့ မိတ်ဆွေနိုင်ငံအဖြစ် အမြဲရှိနေမှာပါ။

**မေး ။ ။ ရုရှားနိုင်ငံဟာ နည်းပညာမြင့်မားတဲ့ကမ္ဘာ့ထိပ်သီးနိုင်ငံတစ်ခုဖြစ်သလို နိုင်ငံတကာဆက်ဆံရေးမှာလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သည့် လုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေတဲ့ နိုင်ငံကြီးတစ်ခု ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံ၊ အခက်အခဲများနဲ့ ဆောင်ရွက်ပေးခဲ့ရတဲ့ ရည်ရွယ်ချက်များကို သိရှိလိုပါတယ်။**

ဖြေ ။ ။ အခက်အခဲကတော့ ကြုံတွေ့ရပါတယ်။ အဓိကတော့ အနောက်နိုင်ငံများအနေဖြင့် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံများကို တစ်ပြေးညီ ဆက်ဆံပြီး မိတ်ဖက်နိုင်ငံများအဖြစ် တန်းတူရည်တူ ကြိုးပမ်းလုပ်ဆောင်ဖို့ စိတ်မဝင်စားခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာ မျှတသော ဆက်ဆံရေးကို အဓိကအလေးထားပါတယ်။ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာရင်လည်းချက်ချင်း ဖြေရှင်းနိုင်အောင် ကြိုးစားတယ်။ ဒါကြောင့် မြန်မာနိုင်ငံက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျွန်တော်တို့ လက်ခံတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်လာမယ်လို့ ယုံကြည်တယ်။ ဒါမှ စစ်မှန်သော ဒီမိုကရေစီကို ရရှိပြီးနောက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်တဲ့ အရှေ့တောင်အာရှမှာ အာရှကျားအဖြစ် ပြန်လည်ရပ်တည်လာမယ်လို့လည်း ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါတယ်။

မြန်မာလူမျိုးများဟာ အလုပ်ကို ကြိုးစားလုပ်ကိုင်သော လူမျိုးဖြစ်ပါတယ်။ အားလုံးပဲ ငြိမ်းချမ်းပျော်ရွှင်ကြပါစေလို့ နှုတ်ခွန်းဆက်လိုက်ပါတယ်။ ။

# COVID- 19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃၀**

COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



### စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှု

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဗီဇပြောင်းကိုဗစ်- ၁၉ ဗိုင်းရပ်(စ်)ကြောင့် ပိုးတွေ့အတည်ပြုလူနာသစ်ဦးရေသည် အချိန်တိုကာလအတွင်း များပြားလာခြင်းဖြစ်၍ မိမိတို့အနေဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ လက်ရှိအချိန်ကာလတွင် ရောဂါကူးစက်ဖြစ်ပွားမှု များပြားလျက်ရှိသည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပြည်နယ်/ တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်/ကျေးရွာအလိုက် ရောဂါပိုးတွေ့ရှိရမှု အခြေအနေများကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှု၍ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ဆက်သွယ်ညှိနှိုင်းကာ ဗဟိုအနေဖြင့် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရမည့် ဆေးနှင့် ဆေးပစ္စည်းများ၊ စက်ကိရိယာများကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ လိုအပ်လာနိုင်သည့်ပစ္စည်းများကို ကြိုတင်တွက်ချက် ဝယ်ယူစုဆောင်းထားသည့်လုပ်ငန်းများကို အချိန်မီပြီးမြောက်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေး အဘက်ဘက်မှ ကြိုတင်ဆောင်ရွက်ထားရန် ဖြစ်ပါကြောင်း။

ကုသရေးလုပ်ငန်းများ၊ အသွားအလာကန့်သတ်ထားရှိရာနေရာ (quarantine center) များနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် ရရှိနိုင်သော လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိဆုံး အထိရောက်ဆုံးဖြစ်စေရန် စနစ်တကျ စီမံခန့်ခွဲရမည်ဖြစ်ပြီး နေ့စားဝန်ထမ်းများ ခန့်အပ်ခြင်း၊ နှီးနွှယ်ဌာနများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရရှိစေရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် ရုံးများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အဦများ၊ ဘဏ်များ၊ ဈေးများ အပါအဝင် လူစုလူဝေးများသော နေရာများတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်များ ထုတ်ပြန်ထားရှိပြီးဖြစ်၍ အဆိုပါ လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိတိကျကျ လိုက်နာဆောင် ရွက်ကြစေရေး ပြည်နယ်/ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ပူးပေါင်းညှိနှိုင်းကာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းအလိုက်၊ ဒေသအလိုက် စနစ်တကျ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုပေးနိုင်မည့်အဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်ရမည်

လိုက်နာမှုအားနည်းသူများကို ပညာပေးခြင်း၊ သတိပေးခြင်း၊ လိုအပ်ပါက အရေးယူခြင်းမျိုးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင်လည်း COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ထုတ်ပြန်ထားသောလုပ်ငန်းလမ်းညွှန်များ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာစေရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားမှု များပြားရာဒေသများတွင် အထူးသတိပြုကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရောဂါဖြစ်ပွားမှုများပြားသည့် မြို့နယ်များကို လိုအပ်ပါက မိမိအိမ်တွင်သာ နေထိုင်ခြင်း (Stay at Home) အစီအစဉ်တွင် ပါဝင်သည့်မြို့နယ်များအဖြစ် သတ်မှတ်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ မြို့နယ်များတွင် ပြည်သူများအကြား ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများနှင့် လူစည်ကားရာနေရာများတွင် ပါးစပ်နှင့် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေပေးခြင်း (Mask Campaign) များကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက လက်ရှိ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ COVID-19 ရောဂါ ဖြစ်ပွားမှု များပြားလျက်ရှိသည့် ပြည်နယ်/ တိုင်းဒေသကြီးနှင့် မြို့နယ်များအခြေအနေ၊ ပြည်သူ့ဆေးရုံများတွင် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ အောက်ဆီဂျင် ထုတ်လုပ်သည့်စက်များနှင့် အောက်ဆီဂျင်ဆလင်ဒါများ ဖြန့်ဖြူးပေးထားနိုင်သည့် အခြေအနေနှင့် လိုအပ်သည့်ပစ္စည်းများ အချိန်မီဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ထားရှိသည့်အခြေအနေ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန်များ ရေးဆွဲထားရှိခြင်း/ မွမ်းမံရေးဆွဲခြင်းနှင့် ဖြန့်ဝေပေးထားနိုင်သည့် အခြေအနေတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်တစ်ခုချင်းအလိုက် အသေးစိတ် လမ်းညွှန်မှုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသတင်းထောက်အချို့က လက်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအား military council (သို့မဟုတ်) military junta (သို့မဟုတ်) junta ဟု သတင်းများတွင် သုံးနှုန်းရေးသားဖော်ပြခြင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်သော အခြေအမြစ်မရှိသည့် သတင်းမှားများကို ကိုးကားချဲ့ကားရေးသား ဖော်ပြခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး အာဏာသိမ်းအစိုးရမဟုတ်ကြောင်း အတိအလင်း ရှင်းလင်းပြောကြားထားပြီး ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။

၄။ နိုင်ငံခြားသတင်းဌာနအချို့က ကမ္ဘာ့ပြည်သူများကို သတင်းမှားများ ချပြပြီး ပြည်သူများအား သတင်းအဆိပ်သင့်အောင်၊ နိုင်ငံပျက်စီးရာ ပျက်စီးခြင်းများ ဖြစ်ပေါ်အောင် တိကျသေချာမှု မရှိသော သတင်းများကို ကိုးကားချဲ့ကား ရေးသားဖော်ပြနေမည့်အစား သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြကြရန် အထူးလိုအပ်ပါသည်။

၅။ နိုင်ငံတော်အစိုးရကလည်း သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သတင်းမေးမြန်းမှုများအား မှန်ကန်မြန်ဆန်စွာ ဖြေကြားခြင်းများ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံတော်အစိုးရအား နိုင်ငံခြားသတင်းဌာနအချို့က military council/ military junta / junta ဟု သုံးနှုန်းနေမှုများကို နောင်တွင် သုံးစွဲမှု မပြုလုပ်ရန်၊ သတင်းမှားများကို ကိုးကားချဲ့ကား ရေးသားခြင်းများ မပြုလုပ်ရန်နှင့် အသုံးအနှုန်း လွဲမှားသုံးစွဲခြင်း၊ သတင်းမှားများ ကိုးကားချဲ့ကားရေးသားခြင်း၊ သတင်းမှားများ ဖြန့်ဝေခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ကျောက်ဆည်မြို့မှ ဇော်ဂျီမြစ်အတွင်းသို့ ရေထုတ်သည့် အဆောက်အအုံသုံးခုကို ပြုပြင်

**ကျောက်ဆည် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် မေ ၁ ရက်က ဇော်ဂျီမြစ်ရေကြီးမှုကြောင့် ကြက်မင်းတွန်ရပ်ကွက်မှ ဇော်ဂျီမြစ်အတွင်းသို့ ရေထုတ်သည့် အဆောက်အအုံသုံးခု ပျက်စီးခဲ့ရာ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက တာဝန်ယူပြီး ဇွန် ၂၀ ရက်မှစ၍ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ပြုပြင်ရာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံ ငွေကျပ် ၁၂ သန်းဖြင့် ရေထုတ်အဆောက်အအုံ အမှတ်(၁)မှ ရေထုတ်ပြွန် ဘေးဝဲ/ ယာတွင် ဂျင်းကျောက်မြေဖို့ပြီး မြစ်နှုတ်ခမ်း၌ အရှည် ၂၃ ပေ၊ အမြင့် ၂၃ ပေ ကျောက်ဆလံစီခြင်းနှင့် အထူ ၁၀ ဂိတ်၊ သုံးပေပတ်လည် သံပြားရေတံခါးအသစ်တစ်ခု တပ်ဆင်ခြင်း၊ ရေထုတ်အဆောက်အအုံ အမှတ်(၂)မှ ရေထုတ်ပြွန် ဘေးဝဲ/ယာတွင် ဂျင်းကျောက်မြေဖို့ပြီး အရှည် ပေ ၂၀၊ အမြင့် ၂၃ ပေ ကျောက်ဆလံစီခြင်း၊ အထူ ၁၀ ဂိတ်၊ သုံးပေပတ်လည် သံပြားရေ တံခါး တစ်ခုနှင့် (သုံးပေx နှစ်ပေခွဲ) ရေတံခါးတစ်ခု အသစ်တပ်ဆင်ပေးခြင်း၊ ရေထုတ် အဆောက်အအုံအမှတ်(၃)တွင် အထူ ၁၀ ဂိတ်၊ (သုံးပေxနှစ်ပေခွဲ) သံပြားရေတံခါးတစ်ခု အသစ်တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင် ရွက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေထုတ်အဆောက်အအုံများ ပြုပြင်မှုပြီးစီးပါက မိုးရာသီတွင် ဇော်ဂျီမြစ် ရေမြင့်တက်မှုကြောင့် ကြက်မင်းတွန်ရပ်ကွက်အတွင်း မြေနိမ့်ပိုင်းများသို့ မြစ်ရေဝင်ရောက်မှု မှ တားဆီးကာကွယ်နိုင်ခြင်းနှင့် ရပ်ကွက်အတွင်းမှ မလိုသောရေများကို မြစ်အတွင်းသို့ အလွယ် တကူ ထုတ်ပေးခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

**သက်မောင်(ကျောက်ဆည်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၃၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့နှင့် ဘီးလင်းမြို့တို့တွင် ၃ ဒသမ ၆၂ လက်မစီ၊ မောင်တောမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၂၁ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ရွှေဂွန်း(လှိုင်းဘွဲ့မြို့နယ်)တွင် ၂ ဒသမ ၇၁ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ခရမ်းမြို့၊ ထားဝယ်မြို့နှင့် ကမမောင်းမြို့ (ဖာပွန်မြို့နယ်)တို့တွင် ၂ ဒသမ ၁၂ လက်မစီ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၉၆ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၈၅ လက်မနှင့် တောင်ငူမြို့တွင် ၁ ဒသမ ၇၇ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် (တာဝန်ခံ) ညွှန်ကြားရေးမှူးများ၏ လေးလပတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၁/၂၀၂၁) ကျင်းပ




**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံ(ညွှန်ကြားရေးမှူး)များ၏ လေးလပတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၁/၂၀၂၁)ကို ဇွန် ၂၉ ရက်မှ ၃၀ ရက်တို့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်းများနှင့်အညီ Virtual System ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲ ပထမနေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် လက်အောက်ခံရုံးများအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ (၁၁) (က-ရ) အထိပြဋ္ဌာန်းထားသည့် တာဝန်များနှင့်အညီ ပြည်သူ့ဘဏ္ဍာများကို စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေလုပ်ထုံး လုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ပြည်သူများအတွက် အမှန်တကယ် အကျိုး ရှိ/ မရှိနဲ့ ထိရောက်စွာ သုံးစွဲနိုင်ရေး စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိ ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဒီပလိုမာစာရင်းကိုင်(DA)နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA)သင်တန်း စသည်တို့ကို ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ၏ စီမံအုပ်ချုပ်မှုနှင့်လုပ်ငန်းများ အောင်မြင်ရေးကိုလည်း အထူးဂရုပြုရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့က နံနက်ပိုင်းတွင်လည်းကောင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် မွန်ပြည်နယ်တို့က မွန်းလွဲပိုင်းတွင် ဆွေးနွေးကြသည်။ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် မြန်မာနိုင်ငံစာရင်းကောင်စီတို့က တင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရုံးချုပ်ရှိ စစ်ဆေးရေးအဖွဲ့ခွဲ ညွှန်ကြားရေးမှူးများက စစ်ဆေးရာ ဆိုင်ရာများကိုတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များ (စစ်ဆေးရေး)နှင့် ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)တို့က စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေးသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ သုတေသန) က စီမံနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်က e-Government နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က စစ်ဆေးရေးနှင့် ဦးစီးရုံးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သတ္တုကဏ္ဍအောက်ရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းကြောင့် မြန်မာနိုင်ငံ သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် အရာထမ်း/အမှုထမ်းများ အနေဖြင့် တွေ့ကြုံရသည့် အခက်အခဲ၊ ပြဿနာများကို ဖော်ထုတ်၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို တွေးခေါ်ကြံဆ စနစ်တကျ ဖြေရှင်း ဆောင်ရွက်နိုင်မည့် အရည်အသွေး ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သတ္တုကဏ္ဍအနေဖြင့် သတ္တုတွင်းလုပ်ငန်းများ ပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာများ၊ နိုင်ငံတကာ စံသတ်မှတ်ချက်နှင့် နမူနာကောင်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ရှေ့အလားအလာများကိုလည်းကောင်း၊ ကျောက်မျက်ကဏ္ဍအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာ အချောထည်ကဏ္ဍ၊ မြန်မာ့ ကျောက်မျက် ရတနာအရိုင်းနှင့် အချောထည်များကို ပြည်တွင်းတွင် ရောင်းချမှုနှင့် ပြည်ပတင်ပို့ ရောင်းချမှု၊ ပြည်တွင်းအချောထည် ထုတ်လုပ်သူများအတွက် ကျောက်မျက်ရတနာအရိုင်းရရှိနိုင်မှု၊ နည်းပညာနှင့် မတည်ရင်းနှီးငွေများ ရရှိနိုင်မှု၊ အချောထည်ထုတ်လုပ်ရန် ပြည်ပမှ ရင်းနှီးမြှုပ်နှံနိုင်မှု၊ နိုင်ငံတကာအဆင့်မီ ကျောက်မျက်သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်မှု၊ ကျောက်မျက် အချောထည်အတွက် သတ်မှတ်ကောက်ခံသင့်သော အခွန်အခများနှင့် ပတ်သက်သည့် အခြေအနေများကိုလည်းကောင်း၊ ပုလဲကဏ္ဍနှင့် ပတ်သက်၍ "မြန်မာ့ပုလဲ အရောင်မမှိန်စေဖို့ ဂေဟစနစ်ကို ထိန်းသိမ်းစို့" ခေါင်းစဉ်ဖြင့် ရေမြေ၊ လေ သဘာဝသန့်ရှင်းစင်ကြယ်ဖို့ အစဉ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မုတ်ကောင် သဘာဝ ဖွံ့ဖြိုးတိုးတက်စေရန် ဂေဟစနစ်အား ထိန်းသိမ်းနိုင်ရေး၊ ကျွမ်းကျင်သော လူသား အရင်းအမြစ်များ တိုးတက်စေရေး ဆောင်ရွက်နိုင်ရေးကို စားပွဲဝိုင်းဆွေးနွေးပွဲများဖြင့် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရရှိလာသည့် အချက်အလက်များကို အုပ်စုအလိုက် အပြန်အလှန် ဆွေးနွေးဖလှယ်ကြပြီး ဆွေးနွေးပွဲရလဒ်များနှင့် အနှစ်ချုပ်များကို သက်ဆိုင်ရာဦးစီးဌာန/ လုပ်ငန်းများမှ ဌာနအကြီးအကဲများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရေးဖြေစာမေးပွဲများ ကျင်းပနိုင်ခြင်း မရှိသေး

**နေပြည်တော် ဇွန် ၃၀**

ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၇ ရှိ လစ်လပ်ရာထူး ၄၇၂ နေရာအတွက် ရေးဖြေစာမေးပွဲကို ကိုဗစ်ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ ဒေသဖြတ်ကျော်သွားလာမှု အကန့်အသတ်များ ရှိနေသည့်အတွက် ကြေညာထားသည့်ရက်များတွင် ရေးဖြေစာမေးပွဲများ ကျင်းပနိုင်ခြင်း မရှိသေးကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရှိရသည်။

လစ်လပ်ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ကျင်းပနိုင်မည့် အခြေအနေအပေါ် မူတည်၍ ပြောင်းလဲကျင်းပမည့် နေ့ရက်တို့ကို နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် မြဝတီရုပ်သံသတင်းများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website နှင့် Facebook Page ၊ Myanmar National Web Portal တို့မှတစ်ဆင့် အချိန်မီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ လစ်လပ်ရာထူး ၄၇၂ နေရာအတွက် ရေးဖြေစာမေးပွဲကို ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်းကို ဧပြီ ၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ဧပြီ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတို့မှတစ်ဆင့် ထုတ်ပြန်ကြေညာထားသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးပြသ

**ဘီးလင်း ဇွန် ၃၀**

သထုံခရိုင် ဘီးလင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသည် ယမန်နေ့က ဇုတ်သုတ်ကျေးရွာနှင့် ဇွဲကလာကျေးရွာတို့၌ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

ဘီးလင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်သားရှားပါးမှု၊ ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေအရလုပ်ငန်းများ လွယ်ကူမြန်ဆန်စေရေးနှင့် ကုန်ကျစရိတ်များ လျှော့ချနိုင်စေရန် ရည်ရွယ်၍ကောက်စိုက်စက် အသုံးပြုနည်းများကို ပြသခဲ့သည်။ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်ငန်းခွင်တွင်ကျယ်၍ ပြီးစီးမှုမြန်ခြင်း၊ သက်သောင့်သက်သာ စိုက်ပျိုးနိုင်ခြင်း၊ မျိုးစေ့ကုန်ကျမှု လျော့နည်းခြင်း၊ ပျိုးပင်များပြုပြင်ထိန်းသိမ်းရလွယ်ကူ၍ သန်မာပြီးရောဂါ ကင်းသောပျိုးပင်များရရှိမည် ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူးထံမှ သိရသည်။ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ပိုမိုသိရှိလာသည့်အတွက် ယခင်နှစ်ထက် စိုက်ပျိုးသည့်တောင်သူများပြားလာကြောင်း သိရသည်။

**အေးအေးမျိုးစံ(ပြန်/ဆက်)**

# ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင် တည်ဆောက်သွားမည်

နေပြည်တော် ဇွန် ၃၀

**တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးရေး နှင့် ပြီးစီးလျက်ရှိသည့် ရေသွယ်မြောင်းမှတစ်ဆင့် ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီး ရေလှောင်တမံများသို့ ရေကူပို့လွှတ်ပေးရန်လိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တည်ဆောက်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုဝန်ကြီး သည် ဇွန် ၂၈ ရက်က ကျိုင်းခမ်းရေလှောင် တမံ ဘက်စုံစီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား ပြောကြားခဲ့ခြင်းဖြစ်သည်။

### ရေကူပေးပို့ရန်

ပြည်ထောင်စု ဝန်ကြီး သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည့် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ဇော်ဂျီ ရေလှောင်တမံနှင့် ၎င်းမှတစ်ဆင့် မြို့ကြီး ရေလှောင်တမံများသို့ ရေကူပေးပို့ရန် ရည်ရွယ်တည်ဆောက်နေခြင်း ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်း ကျေးရွာအနီး နမ့်အက်ချောင်း ပေါ်တွင် တည်ဆောက်လျက်ရှိသည့် ကျိုင်းခမ်း ရေလှောင်တမံသည် တမံအမြင့် ၁၅၄ ပေ၊ အလျားပေ ၁၄၁၀၀ ရှိ မြေသား တမံအမျိုးအစားဖြစ်ကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၄၅၃၅၀ ရှိသည်။

ရေဆင်းဧရိယာ ၆၃၀ စတုရန်းမိုင်တွင် ပျမ်းမျှမိုးရေချိန် ၅၀ လက်မခန့် ရွာသွန်းသဖြင့် နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၃၅၁၇၀၀ ရှိပြီး မြို့ကြီးရေလှောင်တမံအထိ ရေကူပို့လွှတ်ပေးနိုင်မည် ဖြစ်ရာ မြို့ကြီး မြောင်းမတော်မှတစ်ဆင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းအတွက် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်မည်ဖြစ်သည်။

စီမံကိန်းအရ လက်ရှိတွင် အရှည် ၁၄ မိုင်ရှိ ရေသွယ်မြောင်း လုပ်ငန်း ၈၉ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်သည့်အတွက် နမ့်မေလျှန် ချောင်းတစ်လျှောက်မှ ဇော်ဂျီ ရေလှောင်တမံသို့ ရေပေးပို့လျက် ရှိကာ ယနေ့အထိ ရေဧကပေ ငါးသောင်းခန့် ရေကူပို့လွှတ်နိုင်ခဲ့ သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကင်းတားမြောင်းရေသောက် မိုးစပါး အောင်ရေ ဧက ၃၃၈၀၀ကျော် နှင့် နွေသီးနှံ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးနိုင်ရေးအတွက် ရေကူပေး နိုင်ခဲ့ပြီး လာမည့်မိုးရာသီတွင် ရေဧကပေ တစ်သိန်းနှင့် စီမံကိန်း လုပ်ငန်းပြီးစီးပါက နှစ်စဉ် ရေ ဧကပေ သုံးသိန်း ရေကူပို့လွှတ်ပေး နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဆက်သွယ်မြောင်း ဝဲယာတွင် စိုက်ပျိုးလုပ်ကိုင်လျက် ရှိသည့် တောင်သူများ စိုက်ပျိုးရေ စနစ်တကျရယူ အသုံးပြုနိုင်ရေး နှင့် ရာသီသီးနှံအပြင် နှစ်ရှည် ဝင်ငွေရ ကော်ဖီသီးနှံစိုက်ပျိုး လုပ်ကိုင်နိုင်ရေးအတွက် ညှိနှိုင်း ပေါင်းစပ်၍ လိုအပ်သော အစီအမံ များ ရေးဆွဲဆောင်ရွက်သွားနိုင် ရေးကို ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တာဝန်ရှိသူများ အား မှာကြားသည်။

### ရာနှုန်းပြည့်ပြီးစီးမည်

လက်ရှိတွင် ကျိုင်းခမ်းရေ လှောင်တမံ ဘက်စုံစီမံကိန်း ပြီးစီးမှုအနေဖြင့် ၆၆ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး ၂၀၂၃-၂၀၂၄ ခုနှစ် တွင် စီမံကိန်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမည် ဖြစ် ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ကျိုင်းခမ်းရေ လှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းအားလုံး ပြီးစီးပါက ရေအားလျှပ်စစ် ဂျင်နရေတာ ၅ မဂ္ဂါဝပ် နှစ်လုံးမှ နှစ်စဉ် ပျမ်းမျှ ၂၄ ကီလိုဝပ်နာရီ သန်းပေါင်း ထုတ်လွှတ်နိုင်မည် ဖြစ်သည်။

စီမံကိန်းအရ မြို့ကြီး ရေလှောင်တမံရှိ ရေအားလျှပ်စစ် တပ်ဆင် ၃၀ မဂ္ဂါဝပ် ( ၁၅ မဂ္ဂါဝပ်x ၂ လုံး)မှ နှစ်စဉ် ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ၁၃၅ ဒသမ ၇၊ ဇော်ဂျီရေလှောင်တမံရှိ ရေအား လျှပ်စစ် တပ်ဆင် ၁၂ မဂ္ဂါဝပ် (၆ မဂ္ဂါဝပ် x ၂ လုံး) မှ နှစ်စဉ် ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ၃၀ ကို စွမ်းအားပြည့် လျှပ်စစ် ထုတ်လွှတ်ပေးနိုင်ရေး အတွက် ရေကူပေးနိုင်မည်ဖြစ်ရာ နှစ်စဉ် စုစုပေါင်း ကီလိုဝပ်နာရီသန်းပေါင်း (၁၈၉ ဒသမ ၇) ထုတ်လုပ်နိုင်ရေး အကျိုးပြု နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၁) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၁)ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေး (11th ADMM- Plus Experts' Working Group on Counter-Terrorism Meeting-EWG on CT Meeting) ကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)




အစည်းအဝေးသို့ ADMM-Plus EWG-CT ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော မြန်မာတပ်မတော်မှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်၊ ရုရှားတပ်မတော်မှ Major General Grigory TURIN တို့နှင့်အတူ အာဆီယံနိုင်ငံများ၊ အာဆီယံဆွေးနွေးဖက် နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်သည်။

### အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က အဖွင့်အမှာစကားပြောကြားပြီး အကြမ်းဖက်မှုတန်ပြန် တိုက်ဖျက်ရေး စာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံက "On Assessment of Terrorist Threats in Southeast Asia" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ၌ အာဆီယံဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်လုပ်ရပ်များတွင် နိုင်ငံရေး အစွန်းရောက်များနှင့် ဘာသာရေး အစွန်းရောက်များ၏ အကြမ်းဖက်လုပ်ဆောင်မှုသွင်ပြင် လက္ခဏာရပ်များ၊ ဒေသအတွင်းဖြစ်ပေါ်ခဲ့သည့် ထင်ရှားသော အကြမ်းဖက်ဖြစ်စဉ်များနှင့် ၎င်းဖြစ်စဉ်များအပေါ် လေ့လာသုံးသပ်ခြင်းများအပြင် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်လုပ်ရပ်များကို ကြိုးကိုင်ဖန်တီးနေသည့် တရားမဝင်အဖွဲ့အစည်းများဖြစ်ကြသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ (Committee Representing Pyidaungsu Hluttaw- CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (National Unity Government-NUG) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force-PDF) တို့၏ အစွန်းရောက်နိုင်ငံရေးရည်မှန်းချက်ဖြင့် နိုင်ငံတကာဥပဒေ၊ ပြည်တွင်းတည်ဆဲဥပဒေများကို ချိုးဖောက်ကာ အပြစ်မဲ့ပြည်သူများအပေါ် သတ်ဖြတ်မှုများ၊ အရပ်ဘက်ပစ်မှတ်စာသင်ကျောင်းများကို အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားရှိမှုများနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လည်းကောင်း၊ "Discussion on Cooperation of Regional Countries to Combat Terrorist Groups" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ၌ အကြမ်းဖက်အဖွဲ့အစည်းများ တိုက်ဖျက်ရေးတွင် ADMM-Plus အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ မြန်မာနိုင်ငံက အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသော အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ပါဝင်သည့် ARAKAN Rohingya Salvation Army (ARSA) အဖွဲ့နှင့် NUG ၊ PDF အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များ၊ ARSA နှင့် NUG တို့ ပူးပေါင်းပြီး ဘင်္ဂလားဒေ့ရှ်နယ်စပ် ဘင်္ဂါလီပြဿနာကို အသုံးချ၍ နိုင်ငံရေးအမြတ်ထုတ်ရန်အတွက် အကြမ်းဖက်လုပ်ရပ်များ အရှိန်မြင့်လာနိုင်သည့် အခြေအနေများ၊ ၎င်းတို့၏ နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှု လုပ်ရပ်များကို ကာကွယ်တိုက်ဖျက်ရန် သတင်းဖလှယ်နိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်ခြိမ်းခြောက်မှုများသည် ရုရှားနိုင်ငံသို့ စိမ့်ဝင်ခြိမ်းခြောက်လျက်ရှိသည့် အခြေအနေများ၊ ရုရှားနိုင်ငံ၏ အကြမ်းဖက်မှု နှိမ်နင်းရေးစနစ် ဖွဲ့စည်းတည်ဆောက်ပုံ၊ မြောက်ကော့ကေးဆပ်ဒေသ၌ အကြမ်းဖက်မှု နှိမ်နင်းရေးဆောင်ရွက်မှုများနှင့် ဆီးရီးယားနိုင်ငံ၏ နိုင်ငံတကာ အကြမ်းဖက်မှုနှိမ်နင်းရေးတွင် ရုရှားတပ်မတော်၏ အခန်းကဏ္ဍစသည်တို့အား ဆွေးနွေးပြောကြားသည်။

### တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်

အစည်းအဝေးတက်ရောက်လာသည့် အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများက စာတမ်းများအပေါ် အမြင်များ၊ အကြံပြုချက်များပြုလုပ်ကြပြီး မိမိတို့နိုင်ငံအလိုက် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား ဆွေးနွေးခြင်းတို့ ပြုလုပ်သည်။

### ပူးတွဲဥက္ကဋ္ဌ တာဝန်ထမ်းဆောင်

အစည်းအဝေးသို့ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ငြိမ်းချမ်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရုံးမှ အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ASEAN Defence Ministers' Meeting-Plus (ADMM-Plus) လုပ်ငန်းစဉ်အောက်တွင် အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ (ADMM-Plus EWG on CT) ၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းနား ပင်လယ်ပြင်တွင် ကူးတို့ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ လူခုနစ်ဦးထက် မနည်းသေဆုံး

ဂျကာတာ ဇွန် ၃၀

**အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းနား လှိုင်းထန်သော ပင်လယ်ထဲတွင် ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၁ ဦး ပျောက်ဆုံးခဲ့ပြီးနောက် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇွန် ၃၀ ရက်က ဖော်ပြလိုက်သည်။ သေဆုံးသူ ခုနစ်ဦးကို ရှာဖွေ တွေ့ရှိခဲ့ပြီး ၃၉ ဦးကို ကယ်တင်ခဲ့ရကြောင်း၊ အများစုမှာ လှိုင်းများနှင့်အတူ နာရီအတော်ကြာမျောပါခဲ့ပြီးနောက် သတိလစ်မေ့မြောခဲ့ကြကြောင်း သိရသည်။**

ကေအမ်ပီယူနစ် ကူးတို့ရေယာဉ်သည် အရှေ့ဂျာဗား ကီတာပန်ဆိပ်ကမ်းမှ ထွက်ခွာလာပြီး နာရီဝက်ကြာပြီးနောက် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဘာလီရှာဖွေရေးနှင့်ကယ်ဆယ်ရေးအေဂျင်စီအကြီးအကဲ ဂီဒီဒါမာတာက ပြောသည်။ အဆိုပါရေယာဉ်သည် မိုင် ၃၀ ကွာဝေးသည့် ဘာလီရှိ ဂီလီမာနွတ်ဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းနေစဉ် ယခုလို နစ်မြုပ်ခဲ့ခြင်း ဖြစ်သည်။

ကူးတို့ရေယာဉ်သည် ခရီးသည် ၄၁ ဦး၊ အမှုထမ်း ၁၃ ဦးနှင့် ဆိုင်ဝန်ထမ်း သုံးဦးတို့ကို တင်ဆောင်လာကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီက ဇွန် ၃၀ ရက်က ပြောသည်။

အဆိုပါအေဂျင်စီက လူ ၃၉ ဦးကို ကယ်တင်နိုင်ခဲ့သလို သေဆုံးသူ ခုနစ်ဦးကို ရှာဖွေတွေ့ရှိခဲ့သည်။ ဆွဲသင်္ဘောနှစ်စင်းနှင့် လေသွင်းလှေနှစ်စင်းတို့သည် ပျောက်ဆုံးလူများကို ဇွန် ၂၉ ရက်ကတည်းက ရှာဖွေလျက်ရှိသည်။ ညအမှောင်တွင် လှိုင်းလုံးများမှာ ၁၃ ပေအထိ မြင့်လာသည်။

ကူးတို့ယာဉ် မကြာခဏနစ်မြုပ်မှုများသည် ကျွန်းပေါင်း ၁၇၀၀၀ ကျော်ရှိသော အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထရှိသည်။

**အေပီ၊ အင်န်အိတ်ချ်ကေ**



နစ်မြုပ်ရေယာဉ်ရှာဖွေရာတွင် အင်ဒိုနီးရှား ရေတပ် တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်နေသည်ကို တွေ့ရစဉ်။




ထိုင်းနိုင်ငံ ဗန်ကောက်ရှိ ဘန်ဆူးရထားဘူတာရုံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသည်ကို တွေ့ရစဉ်။

## ဖူးခက်ကျွန်းပြန်လည်ဖွင့်လှစ်ရန် တစ်ရက်အလိုတွင် ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ်ကူးစက်ဖြစ်ပွားသူ နှစ်ဦးတွေ့ရှိ

**ဗန်ကောက် ဇွန် ၃၀**

ထိုင်းနိုင်ငံ ဖူးခက်တွင် ပထမဆုံး ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားသူ နှစ်ဦး တွေ့ရှိခဲ့ကြောင်း ဇွန် ၃၀ ရက်က ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသည့် နိုင်ငံခြားသားများ သီးသန့်စောင့်ကြည့်မှု ခံယူစရာမလိုဘဲ ဇူလိုင် ၁ ရက်မှစကာ အပန်းဖြေ လာရောက်လည်ပတ်ရန် စီစဉ်ထားသည့် ဖူးခက် အပန်းဖြေကမ်းခြေ မဖွင့်မီ တစ်ရက်အလိုတွင် ယခုလို ကိုဗစ်-၁၉ ဒယ်လ်တာ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဇွန် ၃၀ ရက်က ထိုင်းနိုင်ငံ ဖူးခက်တွင် ကိုဗစ်-၁၉ စုစုပေါင်း ကူးစက်ဖြစ်ပွားသူ ငါးဦးတွေ့ရှိခဲ့ကြောင်း ဖူးခက်ပြည်နယ် ပြည်သူ့ကျန်းမာရေးရုံး အကြီးအကဲ ကူဆက်ကူကီယက်ကော်က ပြောကြားလိုက်သည်။

၎င်းတို့အနက် ဒယ်လ်တာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ နှစ်ဦးတွေ့ရှိခဲ့ကြောင်းနှင့် တစ်ဦးမှာ ယခုလအစောပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မှ လာရောက်သူတစ်ဦးဖြစ်ပြီး တခြားတစ်ဦးမှာ အိမ်နီးချင်းပြည်နယ်မှ ဖြစ်ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။

ကိုဗစ်-၁၉ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သည့် လူပေါင်း ၃၀ ကျော် ကိုဗစ်-၁၉ ကူးစက်မှု အန္တရာယ် ဖြစ်ပွားနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည့် အတွက် လတ်တလောတွင် ၎င်းတို့ကို သီးသန့်ကန့်သတ် စောင့်ကြည့်မှု လုပ်ဆောင်လျက်ရှိသည်။

ဇူလိုင် ၁ ရက်မှစကာ ဖူးခက်သည် နိုင်ငံတကာခရီးသွားများကို သီးသန့်ကန့်သတ်စောင့်ကြည့်မှု ခံယူစရာမလိုဘဲ ပြန်လည်ကြိုဆိုတော့မည်ဖြစ်သည်။ ၎င်းတို့သည် ဖူးခက်တွင် ၁၄ ရက်ကြာ နေထိုင်ပြီးနောက် ထိုင်းနိုင်ငံ၏ တခြားဒေသများသို့ သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

အစိုးရ ပြောရေးဆိုခွင့်ရှိသူ အနူချာဘူရာပါချိုင်စရီက ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် ဖူးခက်သို့ လာရောက်ရန် စီစဉ်ထားကြောင်းနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ်ထပ်မံ မကူးစက်နိုင်ရေး သီရိလင်္ကာကျန်းမာရေးအာဏာပိုင်များ ဆောင်ရွက်မည်

**ကိုလံဘို ဇွန် ၃၀**

ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ထပ်မံကူးစက်ပျံ့နှံ့မှုကို ထိန်းသိမ်းရန် ဖြစ်နိုင်သမျှသော ကြိုတင်ကာကွယ်မှုများအားလုံးကို ဆောင်ရွက်လျက်ရှိကြောင်း သီရိလင်္ကာ ကျန်းမာရေးအာဏာပိုင်များက ဇွန် ၃၀ ရက်က ပြောကြားလိုက်ပြီး ပြည်သူလူထုကို ကိုဗစ်-၁၉ အဓိကအကျပ်အတည်းကို တွန်းလှန်ဖယ်ရှားရာတွင် အတူတကွပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။

အာဏာပိုင်များအနေဖြင့် သီရိလင်္ကာနိုင်ငံတွင် ဒယ်လ်ကိုဗစ်-၁၉ မျိုးစိတ်သစ်ကူးစက် ပျံ့နှံ့ခြင်းနှင့်ပတ်သက်ပြီး လုံလောက်သော အချက်အလက်များကို ရရှိထားကြောင်းနှင့် ကိုဗစ်-၁၉ စစ်ဆေးခြင်းနှင့် စောင့်ကြည့်ခြင်း အပါအဝင် ကိုဗစ်-၁၉ ကာကွယ်ရေး လုပ်ရှားဆောင်ရွက်မှု နည်းလမ်းများ အကြောင်းကိုလည်း ကျန်းမာရေးဝန်ဆောင်မှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟီမန်သာ ဟီရတ်က သတင်းထောက်များကို ပြောကြားလိုက်သည်။

အဓိက ကျန်းမာရေးစောင့်ရှောက်မှု၊ ကူးစက်ရောဂါနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ပြည်နယ်ဝန်ကြီး ဒေါက်တာ ဆူဒါရှာနီ ဖာနန်ဒိုပူလီ က ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များကို မလိုက်နာပါက ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ်သည် သီရိလင်္ကာနိုင်ငံတွင် သီတင်းပတ် ဆယ်ပတ်အတွင်း အပျံ့နှံ့ဆုံး မျိုးစိတ်သစ်ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်တွေ့ရှိသူ ပိုမိုများပြား လာကြောင်းနှင့် အကယ်၍ တင်းကျပ်သည့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မလိုက်နာပါက ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ်သည် နိုင်ငံ၏ ဒေသအတော်များများသို့ ပိုမိုကူးစက်ဖြစ်ပွားမလာနိုင်ဘူးဟု အာမခံမည်မဟုတ်ကြောင်း ဟီရတ်က ပြောကြားလိုက်သည်။

မိမိတို့ ကျန်းမာရေးအာဏာပိုင် များအနေဖြင့် ယခုလို ရောဂါ ကပ်ဆိုးကြီးကို ရင်ဆိုင်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို လိုအပ်ကြောင်း သို့မဟုတ်ပါက နိုင်ငံတစ်ခုလုံး ကြိုးတန်းပေါ် လမ်းလျှောက်ရမည့် အခြေနေရောက် သွားမည်ဖြစ်ကြောင်း ဟီရတ်ကပြောသည်။

**ဆင်ဟွာ**

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်ဖြင့်သေဆုံးသူ ငါးသိန်းကျော်အထိရောက်ရှိလာ

**ဆော်ပေါ်လို ဇွန် ၃၀**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၆၁၈ ဦးတိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် စုစုပေါင်း သေဆုံးသူ ၅၁၄၀၉၂ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြသည်။

ထို့အပြင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၈၀၄ ဦးရှိလာမှုနှင့် အတူ စုစုပေါင်းကိုဗစ်-၁၉ အတည်ပြုလူနာ ၁၈၄၄၈၄၀၂ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းဆက်လက်ထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ လှိုင်းဂယက်သစ်ကို ထပ်မံခံစားနေရသည့် ဘရာဇီးနိုင်ငံရှိ ဆေးရုံများသည် ကိုဗစ်-၁၉ လူနာများဖြင့် ပြည့်လျှံနေသောကြောင့် ကိုဗစ်-၁၉ သေဆုံးနှုန်းသည် လူဦးရေတစ်သိန်းလျှင် ၂၄၄ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးမှုတွင် ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးနောက် ကမ္ဘာ့ဒုတိယ အများဆုံးသေဆုံးသည့် နိုင်ငံဖြစ်သည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄ သိန်းကျော်လာ

**မနီလာ ဇွန် ၃၀**

ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဇွန် ၃၀ ရက်က ကိုဗစ်-၁၉ ထပ်မံတွေ့ရှိသူ ၄၅၀၉ ဦး ရှိကြောင်း ဖော်ပြခဲ့မှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၄၁၂၅၅၉ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ဖြင့် ၁၀၅ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံး သူ ၂၄၆၆၂ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ဆက်လက် ဖော်ပြသည်။ လူဦးရေ သန်း ၁၁၀ ကျော် မှီတင်းနေထိုင်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းမှစကာ ယနေ့အချိန်အထိ ကိုဗစ်-၁၉ ဆန်းသပ်စစ်ဆေးမှုပေါင်း ၁၃ သန်းအထိ စစ်ဆေးခဲ့ပြီး ဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် အပူချိန်မြင့်မားမှုနှင့် ရင်ဆိုင်နေရ

**ကေကေစိုး**

ကနေဒါနိုင်ငံ ဗန်ကူးဗား ဧရိယာတစ်ဝိုက်ရှိ လူပေါင်း ၆၉ ဦးမှာ နိုင်ငံအနောက်ပိုင်းနှင့် အမေရိကန်ပစိဖိတ်အနောက်မြောက်ပိုင်းတို့တွင် စံချိန်တင်ပြင်းထန်သည့်အပူချိန်ကြောင့် သေဆုံးခဲ့ရသည်ဟု ရဲများက ဇွန် ၂၉ ရက်တွင် ပြောသည်။

**အပူဒဏ်ကြောင့်သေဆုံးမှုများရ**

သေဆုံးသူများမှာ ကျန်းမာရေးမကောင်းသည့် ခတ်ခံရှိသူများနှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြသည်ဟု တော်ဝင်ကနေဒါရဲတပ်ဖွဲ့က ပြောသည်။ အခြားသောဒေသ မြူနီစီပယ်ဒေသအုပ်ချုပ်ရေးရုံးများကလည်း ဇွန် ၂၈ ရက်မှ စတင်ကာအပူဒဏ်ကြောင့် သေဆုံးမှုများရှိကြောင်းနှင့် သေဆုံးသူအရေအတွက်ကို မထုတ်ပြန်ရသေးကြောင်း ပြောသည်။

**မကြာခဏဆိုသလိုဖြစ်ပေါ်**

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သော်လည်း သေဆုံးမှုအများစုမှာ အပူချိန်ကြောင့်ဖြစ်သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲခြင်းကြောင့် စံချိန်တင်အပူချိန်မြင့်မားမှုများ မကြာခဏဆိုသလိုဖြစ်ပေါ်ရသည်။ တစ်ကမ္ဘာလုံး လွှမ်းခြုံကြည့်လျှင် ဆယ်စုနှစ်အတွင်း ၂၀၁၉ ခုနှစ်ကို အပူဆုံးအဖြစ် စံချိန်တင်ထားပြီး ပြီးခဲ့သည့်ငါးနှစ်တာကာလအတွင်း အပူဆုံးငါးနှစ်တာအဖြစ် ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

အပူချိန် မြင့်မားမှုသည် အမေရိကန်ပြည်ထောင်စုအော်ရီဂွန် ပြည်နယ်မှတစ်ဆင့် ကနေဒါနိုင်ငံ နယ်မြေများအထိရောက်ရှိလာသည်။

**မကြုံဖူးသည့်အပူချိန်များနှင့်ရင်ဆိုင်ခဲ့ရ**

ဇွန် ၂၈ ရက်တွင် ကနေဒါနိုင်ငံ၏ အပူချိန်မှာ ၁၁၈ ဒီဂရီ ဖာရင်ဟိုက်အထိ မြင့်မားခဲ့သည်။ ဇွန် ၂၉ ရက်တွင်လည်း အလားတူအပူချိန်ပဲဖြစ်မည်ဟု မိုးလေဝသခန့်မှန်းသူများက ခန့်မှန်းခဲ့ကြသည်။ပေါ့တလန်၊ အော်ရီဂွန်၊ ဆီယက်တဲလ် ၊ဝါရှင်တန်တွင်လည်း ယခင်က မကြုံဖူးသည့် အပူချိန်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်ဝန်းကျင်များက ပေါ့တလန်တွင် ၁၁၅ ဒီဂရီ ဖာရင်ဟိုက်၊ဆီယက်တဲလ်တွင် ၁၀၈ ဒီဂရီ ဖာရင်ဟိုက် ရှိခဲ့သည်ဟု အမျိုးသားမိုးလေဝသခန့်မှန်းမှုဌာနအရ သိရသည်။



အပူချိန်မြင့်လာသည့်အတွက် ပေါ့တလန်တွင်ရေကူးနေကြသူများကိုတွေ့ရစဉ်။

**အကြံပြုချက်ထုတ်ပြန်**

အမေရိကန်အမျိုးသားမိုးလေဝသခန့်မှန်းမှုဌာနကလည်း ပြည်သူများကို လေအေးပေးစက်တပ်ဆင်ထားသော အဆောက်အအုံအတွင်းသာ နေထိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်ဘက်တွင် ပြင်းထန်စွာ ကိုယ်လက်လှုပ်ရှားမှုများကိုရှောင်ရှားရန်နှင့် ရေများများသောက်ရန်၊ မိသားစုဝင်များနှင့် အိမ်နီးနားချင်းများကို စောင့်ရှောက်ရန် အကြံပြုချက်ထုတ်ပြန်ထားသည်။ အပူလှိုင်းကြောင့် ဗန်ကူးဗားရှိ စာသင်ကျောင်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသည့် စင်တာများကိုပိတ်ထားရသည်။ ထိုစဉ် လမ်းသွားလမ်းလာများ အပူဒဏ်မှ သက်သာရာ ရစေရေးအတွက်လည်း အာဏာပိုင်များက လမ်းထောင့်များတွင် ယာယီရေပန်းများပြုလုပ်ပေးထားသည်။

**လေအေးပေးစက်များ အရောင်းသွက်**

စတိုးဆိုင်များတွင်လည်း အလွယ်တကူ သယ်ဆောင်သွားနိုင်သည့် လေအေးပေးစက်များ အရောင်းသွက်နေသည်။ ပန်ကာဝယ်ယူသူများလည်း ရှိသည်။ နေအိမ်တွင် လေအေးမရသူများသည် လေအေးပေးစက်တပ်ဆင်ထားသည့် ကားများနှင့် မြေအောက်ကားပါကင်တို့တွင် ညဘက်သွားရောက်နေထိုင်ရသည်။ အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်များနှင့် ကနေဒါနိုင်ငံတို့တွင် အရေးပေါ်အအေးခန်းစင်တာများ ဖွင့်လှစ်ထားရှိပေးထားပြီး အပြင်ဘက်ထွက်လုပ်ကိုင်ရသည့် အလုပ်သမားများကို ဦးထုပ်နှင့် ရေဘူးဝေခြင်းတို့ပြုလုပ်ပေးကြသည်။ ပြင်းထန်သည့်အပူချိန်နှင့် ဆိုးရွားသည့် မိုးခေါင်မှုတို့ပေါင်းစပ်ပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်း မီးလောင်မှုများဖြစ်ပေါ်ခဲ့သည်။

**ကြောက်ရွံ့နေကြရ**

ကယ်လီဖိုးနီးယား- အော်ရီဂွန်နယ်စပ်တွင် မီးလောင်မှုဖြစ်ပွားပြီး ဇွန် ၂၈ ရက်တွင် ဧက ၁၅၀၀ မီးလောင်မှုဖြစ်ပွားခဲ့ရသည်။ ပစိဖိတ်အနောက်မြောက်ဘက်ခြမ်းတွင် နေထိုင်ကြသူများမှာ သင့်လျော်သည့်အပူချိန်တွင် နေထိုင်ရသည်။ မိုးခေါင်မှုကြောင့် ဟူဗာဆယ်အတွင်း အနိမ့်ဆုံးရေအမှတ်သို့ ကျဆင်းသွားပြီး သန်းနှင့်ချီသောလူများမှာ သောက်ရေနှင့်လျှပ်စစ်အတွက် မိဒ်ရေကန်ကို မှီခိုအားထားနေရသည်။ မိုးခေါင်မှုမှတစ်ဆင့် တောမီးလောင်သည်အထိ ဖြစ်သွားမည်ကို ကယ်လီဖိုးနီးယားဒေသခံများက ကြောက်ရွံ့နေကြရသည်။

**သတိပေးထား**

ပြီးခဲ့သည့် နှစ်အတွင်းကလည်း ကယ်လီဖိုးနီးယား ပြည်သူများသည် အဆိုးရွားဆုံးသော တောမီးနှင့် ရင်ဆိုင်ခဲ့ရသည်။ ကနေဒါနိုင်ငံရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်သူ ဒေးဗစ် ဖိလစ်ကမူ ယခုကြုံတွေ့နေရသည့်အပူချိန်ကြောင့် ဒူဘိုင်းကပင် ၎င်းယခုကြုံတွေ့နေရသည့် ရာသီဥတုထက်ပို၍ အေးဦးမည်ဟု ပြောဆိုခဲ့သည်။ အမေရိကန်နှင့်ကနေဒါနိုင်ငံတို့သည် အန္တရာယ်ရှိသည့်ပြင်းထန်သည့် အပူချိန်နှင့် ယခုသီတင်းပတ်များအတွင်း ကြုံတွေ့ရမည်ဟု သတိပေးထားသည်။

**ရာသီဥတုပြောင်းလဲခြင်းကြောင့်**

အပူချိန် ပြောင်းလဲပြင်းထန်ရခြင်းမှာ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဟု ကျွမ်းကျင်သူများက ပြောသည်။ ဝါရှင်တန်နှင့် အော်ရီဂွန်ပြည်နယ် အစိတ်အပိုင်းများတွင် အပူချိန်စံချိန်တင်မြင့်မားနေသည်။ အမေရိကန်အမျိုးသားမိုးလေဝသခန့်မှန်းမှုဌာနကမူ လက်ရှိကြုံတွေ့နေရသည့်အပူချိန်မှာ သမိုင်းဝင်ဟုပင် ပြောဆိုခဲ့သည်။ ယခုသီတင်းပတ်တစ်ခုလုံးတွင် အပူချိန်မြင့်မားမှုနှင့် ကြုံတွေ့နေရသည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ဆီယက်တဲလ်နှင့် ပေါ့တလန်တို့ရှိမြို့များမှာ မိုးများစွာရွာသွန်းသည့် ရာသီဥတုရှိသည်ဟု ကျော်ကြားပြီး ဇွန် ၂၆ ရက်တွင်မှု အပြင်းထန်ဆုံးအပူချိန်နှင့် ကြုံတွေ့ခဲ့ရသည်။

**သီးနှံများရိတ်သိမ်းကြ**

အော်ရီဂွန်၌ ကိုဗစ် -၁၉ ကန့်သတ်ချက်များကိုဖြေလျှော့ပေးခဲ့ပြီး ရေကူးကန်များကိုပြန်လည်ဖွင့်ခွင့်ပေးခဲ့သည်။ ထို့ပြင် ဈေးဝယ်စင်တာများတွင်လည်း လေအေးပေးစက်များပြန်လည်ဖွင့်ခွင့်ပေးခဲ့သည်။ သစ်သီးစိုက်ပျိုးသူများသည်လည်း သီးနှံများကို လျင်မြန်စွာရိတ်သိမ်းကြပြီး အပူချိန်ကြောင့် ချယ်ရီသီးများနှင့် အခြားသော သီးနှံများ ပျက်စီးမည်ကို စိုးရိမ်ကြသောကြောင့် ဖြစ်သည်။

**ကာကွယ်ဆေးစင်တာများပိတ်ထားရ**

အချို့သောကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးသည့် စင်တာများတွင်လည်း ပြင်းထန်သည့်အပူချိန်ကြောင့် ပိတ်ထားရသည်။ ရေဓာတ်ပြည့်ဝစွာနေထိုင်ရန်၊ အိမ်အနီးနားရှိ ထိခိုက်လွယ်သူများနှင့် သက်ကြီးရွယ်အိုများကို ဂရုစိုက်ရန်နှင့် ပြင်းထန်သည့် ကိုယ်လက်လှုပ်ရှားမှုများကို မပြုလုပ်ကြရန်လည်း သတိပေးချက်များ ထုတ်ပြန်ထားသည်။ ။

**ကိုးကား - အေအက်ဖ်ပီ**

> အပူချိန် ပြောင်းလဲပြင်းထန်ရခြင်းမှာ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဟု ကျွမ်းကျင်သူများက ပြောသည်။ ဝါရှင်တန်နှင့် အော်ရီဂွန်ပြည်နယ် အစိတ်အပိုင်းများတွင် အပူချိန်စံချိန်တင်မြင့်မားနေသည်။ အမေရိကန်အမျိုးသားမိုးလေဝသခန့်မှန်းမှုဌာနကမူ လက်ရှိကြုံတွေ့နေရသည့် အပူချိန်မှာ သမိုင်းဝင်ဟုပင် ပြောဆိုခဲ့

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များ အားလုံးကို ၃၀-၆-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၁-၅-၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရွန်နစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်**

## နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel Issue–2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၆-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် COVID–19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Corona-virus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၇-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## လားရှိုးမြို့၌ ကိုဗစ်-၁၉ အတည်ပြုလူနာ ၄၀၀ ကျော်ရှိလာ မြို့တွင်းဝင်မည့်ကုန်တင်ယာဉ်များ မယ်ဟန်စစ်ဆေးရေးဂိတ်၌စတင်စစ်ဆေး

**လားရှိုး ဇွန် ၃၀**

လားရှိုးမြို့နယ် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်ကော်မတီ၏ ဇွန် ၂၉ ရက် စာရင်းများအရ စုစုပေါင်း ၁၆၃၆ ဦး စစ်ဆေးခဲ့ပြီး ပိုးတွေ့လူနာပေါင်း ၄၀၇ ဦးရှိကြောင်းသိရှိရသည်။လားရှိုး ပြည်သူ့ဆေးရုံကြီး စောင့်ကြည့် ကုသဆောင်၌ ၁၈၄ ဦးရှိနေပြီး ပြည်ထောင်စု အားကစားကွင်း မိုးလုံလေလုံ စောင့်ကြည့် ကုသဆောင်၌ အတည်ပြုလူနာ အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၇၅ ဦး စုစုပေါင်း ၁၂၃ ဦး တို့ရှိနေကာ သတ်မှတ်ရက်ပြည့်၍ ဆေးရုံဆင်းသူ ၉၄ ဦး ရှိနေပြီး သေဆုံးသူ ခြောက်ဦးရှိနေကြောင်း သိရသည်။

လားရှိုးမြို့၌ Stay at home ကြေညာချက်များနှင့်အတူ ပြည်သူများ လိုက်နာရမည့် စည်းကမ်းချက်များ ထုတ်ပြန်ရာတွင် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ထုတ်ပြန်ပြီးဖြစ်သည်။

လားရှိုးမြို့သို့ ဝင်ရောက်မည့် ကုန်တင်ယာဉ်ကြီးများ အနေဖြင့် စံသတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ဇွန်၂၉ ရက် ထုတ်ပြန်ချက်များအရသိရပြီး ကုန်တင်ယာဉ်များ ဝင်ထွက်မှုအတွက် စစ်ဆေးရေးကို လားရှိုး-မယ်ဟန်လမ်းဆုံ စစ်ဆေးရေးစခန်း၌ ဇွန် ၃၀ ရက် နံနက်ပိုင်းက စတင်စစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။ **ဟန်ဋ္ဌေး (လားရှိုး)**

## ၃၀-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၂၇၄၉၃ | ၂၉၀၀၇၃၇၃ | ၆၁၉၉၈၀ |
| ၂။ | အိန္ဒိယ | ၃၀၃၆၂၈၄၈ | ၂၉၄၂၇၃၃၀ | ၃၉၈၄၈၄ |
| ၃။ | ဘရာဇီး | ၁၈၅၁၃၃၀၅ | ၁၆၇၇၉၁၃၆ | ၅၁၆၁၁၉ |
| ၄။ | ပြင်သစ် | ၅၇၇၂၈၄၄ | ၅၆၁၄၄၃၅ | ၁၁၁၀၅၇ |
| ၅။ | ရုရှား | ၅၅၁၄၅၉၉ | ၅၀၀၀၃၉၃ | ၁၃၅၂၁၄ |
| ၆။ | တူရကီ | ၅၄၂၀၁၅၆ | ၅၂၈၇၀၉၄ | ၄၉၆၈၇ |
| ၇။ | ဗြိတိန် | ၄၇၇၅၃၀၁ | ၄၃၂၂၀၇၀ | ၁၂၈၁၂၆ |
| ၈။ | အာဂျင်တီးနား | ၄၄၄၇၇၀၁ | ၄၀၆၂၂၄၅ | ၉၃၆၆၈ |
| ၉။ | အီတလီ | ၄၂၅၉၁၃၃ | ၄၀၇၈၇၆၇ | ၁၂၇၅၄၂ |
| ၁၀။ | ကိုလံဘီယာ | ၄၂၁၃၀၇၄ | ၃၉၀၈၃၁၀ | ၁၀၅၉၃၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၁၇၈၂၇၂ | ၁၈၈၀၄၁၃ | ၅၈၄၉၁ |
| ဖိလစ်ပိုင် | ၁၄၁၂၅၅၉ | ၁၃၃၉၂၄၈ | ၂၄၆၆၂ |
| မလေးရှား | ၇၅၁၉၇၉ | ၆၈၂၆၈၀ | ၅၁၇၀ |
| ထိုင်း | ၂၅၉၃၀၁ | ၂၀၇၄၇၉ | ၂၀၂၃ |
| မြန်မာ | ၁၅၇၂၇၇ | ၁၃၆၄၄၃ | ၃၃၃၄ |
| စင်ကာပူ | ၆၂၅၇၉ | ၆၂၂၁၉ | ၃၆ |
| ကမ္ဘောဒီးယား | ၅၀၃၈၅ | ၄၄၁၄၃ | ၆၀၂ |
| ဗီယက်နမ် | ၁၆၅၀၇ | ၆၇၆၄ | ၈၀ |
| လာအို | ၂၁၂၁ | ၁၉၈၆ | ၃ |
| ဘရူနိုင်း | ၂၆၀ | ၂၄၈ | ၃ |

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးရေးဥပဒေ သိကောင်းစရာများ

## ယုဇနစံ (DOT)

**မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံး၍ စီးပွားရေးကဏ္ဍတိုးတက်စေရန် ဆောင်ရွက်ရာတွင် ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် ကုန်သွယ်မှုမူဝါဒအသစ်များ ချမှတ်ခြင်း၊ လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင် ကုန်သွယ်ရေးနှင့်ပတ်သက်၍ ပြည်တွင်းသာမက ပြည်ပပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရေးအတွက် World Trade Organization(WTO) ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ Principles များနှင့်အညီ ဖြေလျှော့မှုများဆောင်ရွက်နေကြသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပြည်ပမှဝင်ရောက်လာသည့် သွင်းကုန်ပစ္စည်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များထိခိုက်နစ်နာခြင်းမှ သက်သာရာရစေရန် (WTO Trade Remedy / Trade Defense) ဟုခေါ်သည့် ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုများဖြစ်သည့် Safeguard၊ Anti-dumping နှင့် Countervailing Agreements တို့ကို ဥပဒေပြု၍ တွင်တွင်ကျယ်ကျယ်ကျင့်သုံးပြီး အကာအကွယ်ပေးလာကြသည်။**

မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စတင်မဖွဲ့စည်းခင် အကောက်ခွန်နှင့်ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူစာချုပ်အား ၁၉၄၇ ခုနှစ်၌ နိုင်ငံပေါင်း ၂၃ နိုင်ငံဖြင့် စတင်လက်မှတ်ရေးထိုးခဲ့စဉ်ကတည်းက ပါဝင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အကာအကွယ်ပေးမှုအစီအမံဆိုင်ရာ သဘောတူညီချက်အား ဥပဒေပြု၍ အသုံးချခွင့်ရှိပါသည်။ ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပြည်ပမှ လွတ်လပ်စွာစီးဆင်းဝင်ရောက်လာသည့် ကုန်စည်များကြောင့် ပြည်တွင်းအသေးစားနှင့် အလတ်စားထုတ်လုပ်သူများ ယှဉ်ပြိုင်မှုအခက်အခဲရှိနေချိန် ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ လုံလောက်သောကာကွယ်ပေးမှုအစီအမံ ကျင့်သုံးပေးခြင်းအားဖြင့် ပြည်တွင်းထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်စေရန်အလို့ငှာ ဥပဒေပြဋ္ဌာန်းရန် လိုအပ်လျက်ရှိသည်။

### ဥပဒေပြဋ္ဌာန်းခြင်း

မြန်မာနိုင်ငံသည် ပြည်ပမှ သွင်းကုန်များပြားစွာဝင်ရောက်လာခြင်းကြောင့် ထိခိုက်နစ်နာသည့် ပြည်တွင်းလုပ်ငန်းများအား ယာယီအားဖြင့် ကာကွယ်ပေးနိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ကုစားမှုအစီအမံ(၃)ရပ်အနက် WTO ၏ Safeguard Agreement အား အခြေခံထား၍ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၅) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေမှာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် အာဏာစတင်အသက်ဝင်တော့မည် ဖြစ်ပါသည်။

### အခြားသောဥပဒေများနှင့် ကွာခြားချက်

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေသည် သွင်းကုန်အပေါ်ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းဖြင့် ပြည်တွင်းလုပ်ငန်းကို ကာကွယ်ပေးခြင်းဖြစ်၍ အခြားသော ဥပဒေများကဲ့သို့ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူသည့် ဥပဒေမဟုတ်သကဲ့သို့ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ တရားစွဲဆိုအရေးယူခြင်းနည်းလမ်းဖြင့်လည်း ဆောင်ရွက်ခြင်းမျိုးမဟုတ်ပေ။ ပြည်တွင်းသို့ ဝင်ရောက်လာသော သွင်းကုန်ပမာဏနှင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူတို့၏ ထိခိုက်မှုအတိုင်းအတာများကို စိစစ်သုံးသပ်၍ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ ထိခိုက်နစ်နာမှုအပေါ် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးနိုင်သည့်ဥပဒေ ဖြစ်ပါသည်။

### ကာကွယ်ပေးမှုအစီအမံ

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေအရ ကျင့်သုံးသည့် ကာကွယ်ပေးမှုအစီအမံဆိုသည်မှာ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်မြင့်တက်လာခြင်းကြောင့် ပြည်တွင်း၌ အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ်သူများ၏လုပ်ငန်းများ အပြင်းအထန်ထိခိုက်နစ်နာမှု သို့မဟုတ် ထိုသို့ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာလျှင် စုံစမ်းစစ်ဆေးခြင်းခံနေရသည့် ကုန်စည်အပေါ် ပုံမှန်ကောက်ခံနေသည့် အကောက်ခွန်နှုန်းထားထက် တိုးမြှင့်ကောက်ခံသော ကနဦးယာယီ ကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်း၊ ကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်း သို့မဟုတ် သွင်းကုန်ပမာဏကန့်သတ်ခြင်းတို့ဖြစ်သည်။

### ယာယီကာကွယ်ပေးမှုအကောက်ခွန်

စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း ပဏာမစိစစ်အကဲဖြတ်ချက်အရ သွင်းကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ လုပ်ငန်းများ ထိခိုက်နစ်နာမှုသည် ပြန်လည်ရုပ်တည်ရန်ခက်ခဲသည့်အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ရက်ပေါင်း ၂၀၀ အထိ ယာယီအားဖြင့် ကောက်ခံသည့်အကောက်ခွန်ဖြစ်သည်။

### ကာကွယ်ပေးမှုအကောက်ခွန်

စုံစမ်းစစ်ဆေးမှု အပြီးသတ်စိစစ်တွေ့ရှိချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ပြည်တွင်းလုပ်ငန်းရှင်၏ အမှန်တကယ် ထိခိုက်နစ်နာမှုအပေါ်ကုစားနိုင်ရေး အဆိုပါသွင်းကုန်အပေါ်ချမှတ်သည့် ကာကွယ်ပေးမှုအကောက်ခွန်အား စည်းကြပ်ခြင်းဖြစ်သည်။

### သွင်းကုန်ပမာဏကန့်သတ်ခြင်း

စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်အား အချိန်ကာလတစ်ခုအထိ တင်သွင်းမှုပမာဏ ကန့်သတ်ခြင်းဖြစ်သည်။ အကယ်၍ စုံစမ်းစစ်ဆေးခြင်းခံရသည့် တင်သွင်းကုန်စည်မှာ တစ်နိုင်ငံတည်းက တင်သွင်းလာခြင်းမဟုတ်ဘဲ နိုင်ငံအသီးသီးက တင်သွင်းလာလျှင် ယင်းနိုင်ငံတို့၏ လွန်ခဲ့သော ပြက္ခဒိန်နှစ်သုံးနှစ်အတွင်း သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်သွားရန်ဖြစ်သည်။

> ❐ **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေသည် သွင်းကုန်အပေါ်ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းဖြင့် ပြည်တွင်းလုပ်ငန်းကို ကာကွယ်ပေးခြင်းဖြစ်၍ အခြားသော ဥပဒေများကဲ့သို့ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူသည့် ဥပဒေမဟုတ်သကဲ့သို့ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ တရားစွဲဆိုအရေးယူခြင်းနည်းလမ်းဖြင့်လည်း ဆောင်ရွက်ခြင်းမျိုးမဟုတ်ပေ**
>
> ❐ **ပြည်တွင်းသို့ ဝင်ရောက်လာသော သွင်းကုန်ပမာဏနှင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူတို့၏ ထိခိုက်မှုအတိုင်းအတာများကို စိစစ်သုံးသပ်၍ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ ထိခိုက်နစ်နာမှုအပေါ် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးနိုင်သည့်ဥပဒေဖြစ်**

### ဖွံ့ဖြိုးဆဲနိုင်ငံများအား ကင်းလွတ်ခွင့်ပေးခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းမှုပမာဏ ကန့်သတ်မည်ဆိုလျှင် မိမိတို့၏ပြည်တွင်းသို့ တင်သွင်းမှုပမာဏစုစုပေါင်း၏ ၃ ရာခိုင်နှုန်းအောက် လျော့နည်းပါက အဆိုပါနိုင်ငံ၏ သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံ ကင်းလွတ်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်တွင်းသို့ တင်သွင်းမှုပမာဏစုစုပေါင်း၏ သုံးရာခိုင်နှုန်းထက် ကျော်လွန်မှသာလျှင် ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်အား ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတည်းက တင်သွင်းလာခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှ တင်သွင်းလာပါက အဆိုပါဖွံ့ဖြိုးဆဲနိုင်ငံအားလုံးမှ တင်သွင်းမှု စုစုပေါင်းတင်သွင်းမှုပမာဏသည် ၉ ရာခိုင်နှုန်းအောက် လျော့နည်းပါက သွင်းကုန်အပေါ် ကာကွယ်ပေးမှု အစီအမံကင်းလွတ်မည်ဖြစ်သည်။ ၉ ရာခိုင်နှုန်းထက် ကျော်လွန်နေလျှင် အဆိုပါနိုင်ငံများအပေါ် ကာကွယ်ပေးမှုအစီအမံချမှတ်မည်ဖြစ်သည်။

### ဥပဒေအား တာဝန်ယူဆောင်ရွက်ကြသူများနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ

ဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ဖွဲ့စည်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ စီးပွားရေး ပညာရှင်၊ နိုင်ငံတကာကုန်သွယ်မှု ဥပဒေပညာရှင်နှင့် UMFCCI မှ ဥက္ကဋ္ဌတို့က အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်သည်။

ကော်မတီ၏လုပ်ငန်းတာဝန်များမှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းထိခိုက်မှုကိုတိုင်းတာသည့် စီးပွားရေးဆိုင်ရာ အခြေအနေများဖြစ်သော ထုတ်လုပ်မှု၊ ဈေးကွက်အခြေအနေများအပြင် အလုပ်သမားခန့်ထားမှု အစရှိသည့်အခြေအနေများကို စုံစမ်းစစ်ဆေးရေးအဖွဲ့၏တင်ပြချက်များအပေါ် အခြေခံစိစစ်၍ ကာကွယ်ပေးမှုအစီအမံများကို ဆုံးဖြတ်ခြင်း၊ ယင်းဆုံးဖြတ်ချက်များကို WTO နှင့် ဒေသတွင်းကုန်သွယ်ရေးသဘောတူညီချက်များနှင့်အညီ အသိပေး အကြောင်းကြားခြင်း၊ လိုအပ်သည့်ကိစ္စရပ်များတွင် ပြည်ပတင်ပို့သူ၊ ထုတ်လုပ်သူ၊ အသင်းအဖွဲ့များနှင့် ပြည်ပနိုင်ငံအစိုးရများထံမှ အချက်အလက်အထောက်အထားများကို သက်ဆိုင်ရာသံရုံးမှ တစ်ဆင့်လည်းကောင်း၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် လည်းကောင်း ဆက်သွယ်တောင်းခံခြင်းစသည်တို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ကော်မတီသည် ဥပဒေပါ ပြဋ္ဌာန်းချက်များအား မြေပြင်တွင် လက်တွေ့ဆောင်ရွက်နိုင်စေရန် အမှုတစ်ခုချင်းစီပေါ်မူတည်၍ ကုန်သွယ်ရေးဦးစီးဌာနမှ ဘာသာရပ်တာဝန်ခံများဖြင့်ဖြစ်စေ၊ ဆက်စပ်ဌာနများမှ ကျွမ်းကျင်သူများနှင့် ကုန်သွယ်ရေးဦးစီးဌာန၏ ဘာသာရပ်တာဝန်ခံများ ပူးပေါင်း၍ဖြစ်စေ စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းပေးမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခြင်း၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များအား ကုန်သွယ်ရေးဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့တင်ပြခြင်း၊ ချမှတ်ထားသည့် ကာကွယ်ပေးမှုအစီအမံနှင့်ပတ်သက်၍ အခါအားလျော်စွာသုံးသပ်ခြင်း၊ သုံးနှစ်ကျော်လွန်သည့် ကာကွယ်ပေးမှုအစီအမံစည်းကြပ်ထားခြင်းဖြစ်ပါက စည်းကြပ်ကာလသက်တမ်းတစ်ဝက်မတိုင်မီ ဆက်လက်ကျင့်သုံးရန်၊ ဖြေလျှော့ပေးရန် သို့မဟုတ် ရုပ်စဲပေးရန် သင့်/မသင့် ပြန်လည်သုံးသပ်ခြင်းစသည်တို့ကို ဆောင်ရွက်ရန်တာဝန်ရှိသည်။

*စာမျက်နှာ ၁၈ သို့*

# ဘင်္ဂါလီတွေဟာ မရှိတဲ့ ‘ရိုဟင်ဂျာလူမျိုး’ နာမည်နဲ့ ဘာကြောင့် တိုင်းရင်းသားဖြစ်ချင်နေကြတာလဲ

မောင်ရိုး

**ခေတ်အဆက်ဆက် မြန်မာ့မြေပေါ်မှာမရှိခဲ့တဲ့ “ရိုဟင်ဂျာ” ဆိုတဲ့ သူတွေက လူမျိုးတောင်မရှိဘဲနဲ့ ဘာဖြစ်လို့များ တိုင်းရင်းသားအဖြစ် လိုချင်နေကြတာပါလဲဗျာ။ အကြောင်းအကြီးကြီး ရှိလို့ပေါ့ဗျာ။ ဒါကို အယောင်ယောင်အမှားမှားနဲ့သော်လည်းကောင်း၊ သူ့ဆန်စားရဲရ၍သော်လည်းကောင်း၊ ပုဆိန်ရိုးလုပ်ချင်လို့သော်လည်းကောင်း၊ နိုင်ငံတကာဖိအားကြောင့်သော်လည်းကောင်း၊ ငှါရန်သူရဲ့ ရန်သူဟာ ငှါရဲ့ မိတ်ဆွေဆိုတဲ့ အယူအဆနဲ့သော်လည်းကောင်း၊ ပေးလိုက်မိလို့တော့ ကမ္ဘာ့မြေပုံမှာ မြန်မာ့မြေပုံဟာ ၂၀၃၀ မတိုင်ခင် ပျောက်ကွယ်သွားရတော့မယ်ဆိုတာကို အမုန်းစကားမဟုတ်တဲ့ အမှန်စကားလေး ပြောလိုက်ပါရစေ။ ။**

မောင်ရိုးတို့နိုင်ငံက လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို အခြေခံပြီးပြောပါ့မယ်။ အခန်း ၂ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ ပုဒ်မ ၅၆ မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကို အောက်ပါအတိုင်း သတ်မှတ်သည်ဆိုပြီး (က) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၊ (ခ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (ဂ) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (ဃ) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (င) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် (စ) “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဆိုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ထားပါတယ်။

ဒီနေရာမှာ ဘယ်လိုအကြောင်းအရာတွေကို အခြေခံပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေကို စဉ်းစားသတ်မှတ်ပေးသလဲဆိုတာကို ပြောပြပါ့မယ်။ မြန်မာပြည်ထဲက ဒေသနယ်မြေတစ်ခုမှာ တိုင်းရင်းသားလူမျိုးစုတစ်ခုဟာ သင့်တင့်တဲ့ လူဦးရေနဲ့ ရှိရပါ့မယ်။ အဲဒီဒေသမှာရှိတဲ့ မြို့နယ်တစ်ခုမှာလည်း ဒီတိုင်းရင်းသားလူမျိုးရဲ့ နေထိုင်မှုလူဦးရေဟာ အခြားမှီတင်းနေထိုင်သူ လူဦးရေတစ်ဝက်ကျော်မယ်။ အဲဒီလို မြို့နယ်အနည်းဆုံးနှစ်ခုဟာ နယ်မြေအရလည်း တစ်ဆက်တစ်စပ်တည်းရှိမယ်ဆိုရင် အဲဒီတိုင်းရင်းသားလူမျိုးစုတွေနေထိုင်တဲ့ မြို့နယ်နှစ်ခုကိုစုစည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေနဲ့ ဖွဲ့စည်းတာဖြစ်ပါတယ်။ အဲဒီလိုမြို့နယ်တွေ အနည်းဆုံး လေးမြို့နယ်အထက် တစ်ဆက်တစ်စပ်တည်းရှိနေမယ်ဆိုရင်တော့ ခရိုင်နှစ်ခုခွဲဖွဲ့စည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖွဲ့စည်းထားတာဖြစ်ပါတယ်။

ဥပမာ ပုဒ်မ ၅၆ (က) အရ စစ်ကိုင်းတိုင်းမှာရှိတဲ့ လေရှီး၊ လဟယ်၊ နန်းယွန်း သုံးမြို့နယ်ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (ခ) အရ ရှမ်းပြည်နယ်မှာရှိတဲ့ ရွာငံနဲ့ ပင်းတယမြို့တွေကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (ဂ) အရ ရှမ်းပြည်နယ်မှာရှိတဲ့ ဟိုပုံးနဲ့ ဆီဆိုင်မြို့၊ ပင်လောင်းမြို့တွေကိုစုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (ဃ) အရ ရှမ်းပြည်နယ်မှာရှိတဲ့ နမ့်ဆန်နဲ့ မန်တုံမြို့ကို စုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (င) အရ ရှမ်းပြည်နယ်မှာရှိတဲ့ ကုန်းကြမ်းနဲ့ လောက်ကိုင်ကို စုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ (စ) အရ ရှမ်းပြည်နယ်မှာရှိတဲ့ ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်၊ မက်မန်း၊ ပန်ဆန်းခြောက်မြို့နယ်ကို နှစ်ခရိုင်ခွဲပြီး “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဆိုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ခြောက်ခုဖွဲ့စည်းထားပါတယ်။ လေရှီး၊ လဟယ်၊ နန်းယွန်း သုံးမြို့နယ်ဟာ ပထဝီမြေအနေအထားတစ်ဆက်တစ်စပ်တည်းရှိပြီး တစ်မြို့နယ်ချင်းမှာ နေထိုင်တဲ့ နာဂတိုင်းရင်းသား လူဦးရေဟာလည်း တစ်မြို့နယ်ချင်းမှာနေတဲ့ အခြားလူမျိုးတွေရဲ့ လူဦးရေထက် တစ်ဝက်ကျော်နေထိုင်ကြတာမို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွဲ့စည်းရတာဖြစ်ပါတယ်။ ထိုနည်းတူစွာ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်လူမျိုးတွေဟာလည်း သက်ဆိုင်ရာမြို့တိုင်းမှာ နေထိုင်တဲ့ ကျန်လူမျိုးတွေထက် လူဦးရေ တစ်ဝက်ကျော်နေထိုင်ကြတဲ့အပြင် ဒီမြို့တွေဟာလည်း ပထဝီတစ်ဆက်တစ်စပ်တည်းရှိကြလို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရကြတာပါ။ “ဝ” တိုင်းရင်းသားတွေဟာလည်း မြို့နယ်ခြောက်ခုလုံးမှာ တခြားလူမျိုးတွေလူဦးရေထက် တစ်ဝက်ကျော် နေထိုင်ကြတဲ့အပြင် မြို့ခြောက်မြို့ဟာလည်း တစ်ဆက်တစ်စပ်တည်းရှိလို့ နှစ်ခရိုင်ခွဲပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအနေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

> **ဒီနေရာမှာ သမိုင်းမှာမရှိတဲ့ လူမျိုးနာမည်ခံယူလိုတဲ့သူတွေဟာ လွတ်လပ်ရေးမတိုင်ခင် အကြိုကာလ၊ လွတ်လပ်ရေးရပြီး ပါလီမန်ကာလနဲ့ နောက်ပိုင်းတော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(BSPI)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (SLOR)၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ (SPDC) ကာလတွေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းကာလ နှစ်ဆက်လုံးမှာ လွတ်လပ်တဲ့ ပြည်နယ်တောင်းနေတယ်ဆိုတာကိုလည်း သတိပေးလိုက်ပါတယ်**

ဒီဥပမာကိုယူပြီး ကျွန်တော်တို့ အနောက်တံခါးလို့ တင်စားပြောနေကြတဲ့ ရခိုင်ပြည်နယ်ကို ကြည့်ရအောင်၊ ရခိုင်မြောက်ပိုင်းမှာ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် ဆိုတဲ့ မြို့နယ်သုံးမြို့နယ်ရှိပြီး တောင်ဘက်ကိုဆက်ဆင်းလာရင် စစ်တွေမြို့ဆိုပြီး ပထဝီမြေ တစ်ဆက်တစ်စပ်တည်း တည်ရှိနေပါတယ်။ ဒီမြို့နယ်တွေမှာ မြို၊ ခမီ၊ သက်၊ ဒိုင်းနက်၊ မရမာကြီး၊ ရခိုင်ဆိုတဲ့ တိုင်းရင်းသားတွေဟာ လူဦးရေအားဖြင့် အလွန်နည်းပါးစွာ နေထိုင်ပြီး ဘင်္ဂါလီတွေလူဦးရေ အလွန်များပြားစွာနေထိုင်ရာ မြို့တွေဖြစ်ပါတယ်။ (အင်္ဂလိပ်ခေတ်မတိုင်မီ၊ အင်္ဂလိပ်ခေတ်နဲ့ အင်္ဂလိပ်ခေတ်နောက်ပိုင်းတွေမှာ တိုင်းရင်းသားလူဦးရေတွေဟာ တဖြည်းဖြည်းနည်းနည်းလာပြီး ဘင်္ဂါလီလူဦးရေဟာ တဖြည်းဖြည်း များများလာပါတယ်။ ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ လုံခြုံရေး ဖိအားမျိုးစုံကြောင့် တိုင်းရင်းသားတွေနည်းနည်းလာပြီး ဘင်္ဂါလီတွေ များများလာတာပါ။ အင်္ဂလိပ်ခေတ် စပါးစိုက်ပျိုးရေး၊ ဂျပန်ခေတ် အလယ်သံကျော်အရေးအခင်း၊ ၈၈ အရေးအခင်း၊ ၂၀၁၂ အရေးအခင်း၊ ၂၀၁၆–၂၀၁၇ အရေးအခင်းတွေဟာ ဖိအားအလွန်များပြားတဲ့ ဖြစ်စဉ်တွေဖြစ်ပြီး ခုအခါမှာ ကိုဗီအာနန်ဖိအား၊ ဂမ်ဘီယာဖိအားတွေဟာ အထွတ်အထိပ်ရောက်နေပါတယ်)

လက်ရှိခန့်မှန်းခြေ မောင်တောမှာ ဘင်္ဂါလီလူဦးရေ ၉၆ ရာနှုန်း၊ ဘူးသီးတောင်မှာ ဘင်္ဂါလီလူဦးရေ ၉၅ ရာနှုန်း၊ ရသေ့တောင်မှာ ဘင်္ဂါလီလူဦးရေ ၈၀ ရာနှုန်း၊ စစ်တွေမှာ ၇၀ ရာနှုန်းလောက် နေထိုင်ကြပါတယ်။ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြေပုံ၊ မြောက်ဦး အစရှိတဲ့မြို့တွေမှာလည်း ဘင်္ဂါလီလူဦးရေအများအပြားနဲ့ အလွန်များတဲ့နှုန်းနဲ့ မျိုးပွားဆဲဖြစ်ပါတယ်။ (ကျန်မြို့နယ်တွေမှာရှိတဲ့ လူဦးရေဟာလည်း နိုင်ငံ့လူဦးရေရဲ့ သုည ဒသမ ငါးရာခိုင်နှုန်းရှိရင် တိုင်းရင်းသားရေးရာဝန်ကြီးဆိုတဲ့နေရာကို ရရှိနိုင်ပါတယ်)

ပြောခဲ့တဲ့ လူဦးရေ နေထိုင်မှုအချိုးအစား၊ နယ်မြေဆက်စပ်တည်ရှိမှု၊ အခြားသော ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ ဘာသာရေး၊ လစ်ဘရယ်လစ်ဇင် ဖိအားတွေအရသော်လည်းကောင်း၊ လက်ရှိတိုင်းရင်းသားတွေရနေတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိနေတဲ့ အခွင့်အရေးတွေအရသော်လည်းကောင်း အကယ်၍သာ ဘင်္ဂါလီတွေဟာမရှိတဲ့ တိုင်းရင်းသားအမည် တစ်မျိုးအဖြစ်နဲ့ ရိုဟင်ဂျာတိုင်းရင်းသားပါဆိုပြီး နည်းမျိုးစုံနဲ့ လုပ်ယူနိုင်ကြရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွေ ဖြစ်လာတော့မှာပါ။ ကျွန်တော်တို့တိုင်းရင်းသားအစစ်တွေက နှစ်ပေါင်းထောင်ချီ အတူတကွနေလာကြတဲ့ တိုင်းရင်းသားစစ်စစ်တွေအဖြစ် သမိုင်းနဲ့နေလာကြတာမို့ ပြည်ထောင်စုအတွက် အခက်အခဲမရှိနိုင်ပေမယ့် ဘင်္ဂါလီရဲ့ မူလဇာစ်မြစ်နိုင်ငံ၊ ကျောထောက်နောက်ခံနိုင်ငံ၊ ကျောထောက်နောက်ခံဘာသာရေး၊ လူမျိုးရေး၊ စီးပွားရေးတွေဟာ မြန်မာ့သမိုင်းနဲ့ အလွန်ဝေးကွာပြီး အခြားနိုင်ငံနဲ့ အလွန်နီးနေတာမို့ ကိုယ်ပိုင်စီရင်စုအခွင့်အရေးဟာ အလွန်အန္တရာယ်များပါတယ်။ မျိုးတူနိုင်ငံသို့ အချိန်မရွေး ပွဲပါသွားနိုင်ပါတယ်။ ကျွန်တော်တို့အခြေခံဥပဒေအရလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရင်းသားဒေသတွေကို ပုဒ်မ ၁၉၆ နဲ့ ဇယား ၃ အရ အခွင့်အရေးတွေ ပေးထားတာနဲ့ ဘင်္ဂါလီသာမရှိတဲ့ နာမည်နဲ့ တိုင်းရင်းသားဖြစ်ပြီး ကိုယ်ပိုင်စီရင်ခွင့်ရခဲ့ရင် ပြည်ထောင်စုအတွက် မတွေးဝံ့စရာပါပဲ။

ဒီနေရာမှာ သမိုင်းမှာမရှိတဲ့ လူမျိုးနာမည်ခံယူလိုတဲ့သူတွေဟာ လွတ်လပ်ရေးမတိုင်ခင် အကြိုကာလ၊ လွတ်လပ်ရေးရပြီး ပါလီမန်ကာလနဲ့ နောက်ပိုင်းတော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(BSPI)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (SLOR)၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ(SPDC) ကာလတွေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းကာလ နှစ်ဆက်လုံးမှာ လွတ်လပ်တဲ့ ပြည်နယ်တောင်းနေတယ်ဆိုတာကိုလည်း သတိပေးလိုက်ပါတယ်။

ကိုင်း ဒီလောက်ဆိုရင်တော့ တိုင်းရင်းသားမဟုတ်တဲ့ ဘင်္ဂါလီဟာ ဘာဖြစ်လို့ မရှိတဲ့နာမည်ကို အတင်း ကင်ပွန်းတပ်ခံယူကြပြီး တိုင်းရင်းသားဖြစ်ချင်နေကြတာလဲဆိုတာနဲ့ ပြည်ထောင်စုအတွက် ဘယ်လောက်တောင် အန္တရာယ်များသလဲဆိုတာကို ဉာဏ်ရှိသလောက်သာ တွေးကြည့်ကြပါတော့။ ပါရမီရှိသလောက် သဘောပေါက်လာပါလိမ့်မယ်လို့ မောင်ရိုးကပြောရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

**(၂၄–၆–၂၀၂၁ ရက်နေ့ထုတ် Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် မောင်ရိုး၏ “ဘင်္ဂါလီတွေဟာမရှိတဲ့ ‘ရိုဟင်ဂျာလူမျိုး’နာမည်နဲ့ ဘာကြောင့်တိုင်းရင်းသားဖြစ်ချင်နေကြတာလဲ” ဆောင်းပါးကို Golden Hand ဂျာနယ်အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ သတင်းမီဒီယာနည်းဥပဒေပုဒ်မ ၁၃ အရ "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"ကို ယခင် နိုင်ငံတော်သမ္မတရုံး၏ ၃၀-၁၀-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် စာအမှတ်၊ ၈၂/၂၀၁၈ ဖြင့်လည်းကောင်း၊ "မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄-၃-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၈/၂၀၂၁ ဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ရာ ကောင်စီ၏ သက်တမ်းသည် ၂၉-၁၀-၂၀၂၁ ရက်နေ့တွင် ၃ နှစ် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာနည်းဥပဒေ ၁၈(ခ)အရ "အဖွဲ့သည် ကောင်စီ၏ သက်တမ်း ၃ နှစ်မပြည့်မီ အနည်းဆုံး ၃လ ကြိုတင်၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသစ်ဖွဲ့စည်းမည့်ကောင်စီကို ရွေးချယ်တင်မြှောက်ရမည်" ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေ ၁၀ အရ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများ စသည့် သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်း ရွေးချယ်ခံမည့် (အခြားနယ်ပယ်များ)မှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမား ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ ကောင်စီဝင်ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**

(၁) အဖွဲ့အစည်းအလိုက် ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်။

(၂) အသင်းဖွဲ့စည်းပုံ စည်းမျဉ်းရှိရမည်။

(၃) သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုရှိရမည်။

(၄) နိုင်ငံခြားလက်အောက်ခံ အဖွဲ့အစည်း မဖြစ်စေရ။

(ခ) **တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**

(၁) သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်နှင့်အထက် ရရှိရမည်။

(၂) သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်း ဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(၃) အချိန်မှန်ထုတ်ဝေသော သတင်းစာ/ ဂျာနယ်များအား ထုတ်ဝေသူ/အမှုဆောင်အရာရှိချုပ်/အယ်ဒီတာချုပ် (သို့မဟုတ်) ရုပ်သံလွှင့်မီဒီယာသတင်းခန်းမှ အမှုဆောင်ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။

(၄) နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။

(၅) သတင်းမီဒီယာ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ)နှင့်အညီ လိုက်နာသောပုဂ္ဂိုလ်ဖြစ်ရမည်။

(ဂ) **တစ်ဦးချင်းရွေးချယ်ခံမည့် အခြားနယ်ပယ်မှ ကိုယ်စားလှယ်လောင်းများ**

(၁) သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။

(၂) သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(ဃ) **ကိုယ်စားလှယ်လောင်းအားလုံးအတွက် သတင်းမီဒီယာနည်းဥပဒေ အခန်း(၃) ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်း နည်းဥပဒေတွင် ဖော်ပြထားသည့် အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း မပြုရ-**

(၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။

(၂) မကျန်းမာမှုကြောင့် ကောင်စီ၏လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

(၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။

(၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန် ထမ်းဆောင်နေသူဖြစ်ခြင်း။

၅။ အဆိုပြုလွှာပုံစံများကို (၁-၇-၂၀၂၁)ရက်နေ့မှ (၃၀-၇-၂၀၂၁)ရက်နေ့အထိ နံနက်(၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီး (၃၀-၇-၂၀၂၁)ရက်နေ့ မွန်းလွဲ (၁၆:၀၀)နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ အပိုဒ် ၅ ပါ အချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ ရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၁၆ မှ*

**စိစစ်အကဲဖြတ်ရမည့် အခြေခံအချက်များ**

ပြည်တွင်းလုပ်ငန်းရှင်များ၏ လုပ်ငန်းများ ထိခိုက်မှု ရှိ/မရှိ စိစစ်အကဲဖြတ်ရာတွင် လွန်ခဲ့သော ပြက္ခဒိန်နှစ်သုံးနှစ်အတွင်း မြင့်တက်လာသည့် သွင်းကုန်၏ ပမာဏနှင့်နှုန်းထား၊ ပမာဏမြင့်တက်ဝင်ရောက်လာသည့်သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင် ရယူခဲ့သောဝေစု၊ ရောင်းချမှုအခြေအနေပြောင်းလဲလာမှု၊ ထုတ်လုပ်မှုအခြေအနေပြောင်းလဲလာမှု၊ ထုတ်လုပ်နိုင်စွမ်းအခြေအနေပြောင်းလဲမှု၊ အမြတ်နှင့်အရှုံးပြောင်းလဲမှု၊ အလုပ်သမားခန့်ထားမှုအခြေအနေပြောင်းလဲမှုစသည်တို့အပေါ် အခြေခံမည်ဖြစ်သည်။

**ဆက်စပ်ဥပဒေများ**

ဥပဒေကို အကောင်အထည်ဖော်ရာတွင် ယာယီကာကွယ်ပေးမှုအကောက်ခွန်နှင့် ကာကွယ်ပေးမှုအကောက်ခွန်များ စည်းကြပ်ခြင်းတို့ဆောင်ရွက်ရမည်ဖြစ်ရာ အဓိကအားဖြင့် အကောက်ခွန်ဦးစီးဌာန၏ အကောက်ခွန်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းကြပ်ကောက်ခံရမည်ဖြစ်ပြီး အကောက်ခွန်ပြန်အမ်းခြင်း ကိစ္စရပ်များကိုပြည်တွင်းအခွန်များဦးစီးဌာနမှ စည်းကြပ်သည့်အထူးကုန်စည်ခွန် နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို စုပေါင်း၍ ကောက်ခံရခြင်းဖြစ်ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဥပဒေများနှင့်အညီ ဆောင်ရွက်မှုများလည်း ပါဝင်နေပါသည်။

**ကာကွယ်ပေးမှုအစီအမံကျင့်သုံးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာကိစ္စရပ်များ**

ကာကွယ်ပေးမှုအစီအမံစတင်ကျင့်သုံးပါက အများဆုံး လေးနှစ်အထိ ကျင့်သုံးနိုင်သည်။ ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးနေစဉ်အတွင်း ပြည်တွင်းလုပ်ငန်းရှင်တို့၏ လုပ်ငန်းများ ပြန်လည်တိုးတက်စေရန် ဆောင်ရွက်နေသော်လည်း ဆက်လက်ထိခိုက်နေဆဲ အခြေအနေများဖြစ်ပေါ်နေကြောင်း အထောက်အထားများနှင့်အတူ လုပ်ငန်းပြန်လည်တိုးတက်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ ပူးတွဲလျက်တင်ပြလျှောက်ထားပါက ကော်မတီက စိစစ်သုံးသပ်၍ သက်တမ်းတိုးနိုင်သည်။ ကာကွယ်မှုအစီအမံကို သက်တမ်းတိုးကာလ အပါအဝင် အများဆုံးဆယ်နှစ်အထိသာ ကျင့်သုံးနိုင်ပါသည်။ သက်တမ်းတိုးအစီအမံ ကျင့်သုံးမှုအား မူလအစီအမံထက်ကျော်လွန်၍ ကျင့်သုံးခွင့်မရှိပါ။

သို့ဖြစ်ပါ၍ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ပြည်တွင်းလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကာကွယ်နိုင်ရန် အစိုးရဌာနများပူးပေါင်း၍ စုံစမ်းစစ်ဆေးခြင်း၊ အစီအမံကျင့်သုံးခြင်း၊ WTO နှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များဘက်မှလည်း မိမိတို့လုပ်ငန်းများသည် ပြည်ပမှတင်သွင်းလာသည့် ကုန်စည်များကြောင့် ထိခိုက်နစ်နာနေရကြောင်း မှန်ကန်တိကျသော စာရင်းဇယားအချက်အလက်များ စုစည်းခြင်း၊ ကော်မတီသို့တင်ပြလျှောက်ထားခြင်း၊ သက်ဆိုင်သူများမှ လိုအပ်သောအချက်အလက်များ တောင်းခံသောအခါ ပူးပေါင်းပါဝင်ခြင်းဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ သို့မှသာ ဥပဒေသည် မှန်ကန်စွာ အသက်ဝင်လာမည်ဖြစ်ပြီး ပြည်တွင်း ကုန်စည်ထုတ်လုပ်သူတို့၏လုပ်ငန်းများ ထိခိုက်နစ်နာမှုကို အတိုင်းအတာတစ်ခုအနေဖြင့် ကုစားပေးနိုင်ပြီး မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ တိုးတက်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါသည်။

## မိုးနဲမြို့နယ်မှ ကျေးရွာများ၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**မိုးနဲ ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်/ကျေးရွာအလိုက် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၃၀ ရက်တွင် မိုက်ဟိုင်းကျေးရွာအုပ်စု ဟဲကေကျေးရွာနေ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ မိုးနဲမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးစိုင်းမြစိုးလှိုင်နှင့် ဝန်ထမ်းများက ဟဲကေကျေးရွာမှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသော ပြည်သူ ၄၅ ဦးအား လိုအပ်သည့် အချက်အလက်များကို စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကာ အိမ်ထောင်စုလူဦးရေစာရင်း ၁၀ စောင်ကိုလည်း အသစ်ပြုလုပ်ပေးနိုင်ခဲ့ပြီး မိတ္တူ ၁၀ စောင်ကိုလည်း ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၇-၂၀၂၁ ကြာသပတေးနေ့

**MRTV**

၀၆:၀၀ ရတနသုတ်ပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander V. Fomin နှင့်တွေ့ဆုံမေးမြန်းမှု
၀၉:၄၅ စက်မှုလယ်ယာစနစ်ကိုဦးတည်မြို့သစ်နယ်က ကိုရံတောင်ကျေးရွာဆီ
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ MRTV National News
၁၅:၀၀ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ(အပိုင်း-၁)
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၀၅ Soccer View
၁၇:၂၀ ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု(အပိုင်း-၅)
၁၇:၄၅ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ ပြည်သူ့အကျိုးပြုထာဝစဉ်ရေးရှု
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၁၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ ခုနှစ်၊ ဇွန်လ)(ပထမပိုင်း)
၂၁:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၁၆)

**mitv**

07:01 News
07:27 Discovering Tribes: "Maw Nay Bwa: their life and customs"
08:01 Myanmar Traditional Festival
08:32 Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song 'Blessing'
08:37 Yay Pyan Taung Waterfall
09:01 Bagan: The Land of Pagoda
09:27 Products of Myanmar - Stone Of The Heavens
09:52 Colonial Buildings and a New Yangon
10:35 Myanma Traditional Art, Silversmith
11:01 Next Generation "Skater"
11:10 Rakhine Tourist Area
11:54 Golden Mandalay Hill

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** အဆာပြေဆန်မုန့်လုပ်စားကြမယ်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)** ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၇)
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** ဒန့်သလွန်သီးနှင့်ကျန်းမာရေး
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** တောင်ပေါ်ကွမ်းအကြောင်း
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၅)
**ချင်း(လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** ရာဇဗြိုဟ်ရေလှောင်တမံ
**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ဒေသတစ်လှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၅)
**မွန် (၁၅:၀၀ မှ ၁၇:၀၀)** ရာမညမြေမှအလှုတရားများ(အပိုင်း-၁)
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ကျောက်ရိုးတော်မာတ်စေတီ
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** အမျိုးသမီးတိုင်းကြိုတင်သိထားသင့်သော ကင်ဆာရောဂါလက္ခဏာ(၁၀)မျိုးအကြောင်း
**ဝ (၂၁:၀၀ မှ ၂၃:၀၀)** 'ဝ'ဘာသာစကားပြောကြရအောင်

**MRTV Sports**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၁၆:၀၀ ၂၀၂၁ ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel
MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal


# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဘားအံမြို့ လှိုင်ပိတ်ဆည် (၁၊ ၂၊ ၃) အတွင်း ငါးမျိုးစိုက်ထည့်



**နေပြည်တော် ဇွန် ၃၀**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ် ငါးလုပ်ငန်း ဦးစီးမှူး ဦးစုံမှိုင်း၊ ပြည်နယ်/ ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီ အဖွဲ့ဝင်များသည် ယမန်နေ့က ဘားအံမြို့ စက်မှုဇုန်ရှိ လှိုင်ပိတ်ဆည်(၁၊ ၂၊ ၃) အတွင်းသို့ ငါးမျိုးစိုက် ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးမှူးက ငါးမျိုးစိုက်ထည့်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့မှ ဘားအံမြို့ စက်မှုဇုန်ရှိ လှိုင်ပိတ်ဆည် (၁၊ ၂၊ ၃) အတွင်းသို့ ဘားအံ ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအောက်ခံအရွယ် ငါးခုံးမကြီး ကောင်ရေ ၁၀၀၀၀၀ ကို မျိုးစိုက်ထည့်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကသာခရိုင် ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စစ်ကိုင်း ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက် ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မြင့်သန်း၊ မြို့နယ်ကျေးလက် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် ကျေးလက် ဝန်ထမ်းများသည် ကသာမြို့ နလအင်းကျေးရွာ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းကို မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ၁၀ သန်းကို ပြည်သူ့လုပ်အားဖြင့် ကျေးရွာအတွင်း ကွန်ကရစ်လမ်း ခင်းခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ခဲ့ရာ ယခုအချိန်တွင်လည်း လုပ်ငန်းအမျိုးအစား လေးမျိုးကို ငွေကျပ် ၄၄ ဒသမ ၀၅ သန်းထုတ်ချေးထားကြောင်းလည်း ကသာခရိုင် ကျေးလက်ဦးစီးမှူးထံမှ သိရသည်။

**လူအောင်(ကသာ)**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၀၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၄၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၇ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၄၆၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၄ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၇၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၀ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၇၄၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၄၁ | ၃၆၉၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၂၆၇၆ | ၉၄၈၀၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၃ | ၄၀၆၀၀၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၂၇၁ | ၇၃၁၈၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁ | ၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သာတူညီမျှ မြန်မာ့သမဝါယမ

ဝင်းနိုင်ထွန်း

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ပြက္ခဒိန်နှစ်၏ ဇူလိုင်လ ပထမပတ် စနေနေ့ဟု သတ်မှတ်ထားရှိပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၂ခုနှစ် ဇူလိုင်လ ၃ရက်(စနေနေ့) သည် ယခုပြက္ခဒိန်နှစ်အတွက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဖြစ်ပါသည်။ အဆိုပါ နေ့ရက်တွင် ကမ္ဘာနှင့်အဝန်း သမဝါယမအသင်းအဖွဲ့များ၊ ဆိုင်ရာ ဌာနများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် အမှတ်တရ အခမ်းအနားများ၊ လှုပ်ရှားမှုများ ဆောင်ရွက်ကြပါသည်။**

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အတွက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ထုတ်ပြန်ပေးသော Theme, အဓိကဆောင်ပုဒ်မှာ “Rebuild Better Together”၊ “ လူမှုစီးပွား ပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့” ဟူ၍ ဖြစ်ပါသည်။

၁၈၀၀ ပြည့်နှစ်ကျော်ကာလတွင် ဥရောပနိုင်ငံများ၌ စက်မှုတော်လှန်ရေး လှိုင်းဂယက်ဒဏ်ကို ပထမဆုံးနှင့် အပြင်းထန်ဆုံး ခံလိုက်ရသည့် အိမ်တွင်းစက်မှုအလုပ်သမားများနှင့် ရက်ကန်းသမားများက စုပေါင်းအဖြေရှာကြခြင်းကြောင့် သမဝါယမအသင်းများ စတင်ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်သည်။

> **✻ မြန်မာနိုင်ငံ၏ သမဝါယမကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်သူများ၊ ပါဝင်ဆောင်ရွက်ကြသူ အသင်းသားများ အားလုံးသည် သတ်မှတ်စည်းမျဉ်း စည်းကမ်း၊ မူဝါဒများနှင့်အညီ ဥပဒေဘောင်အတွင်းမှ စုပေါင်းညီညာ ဆောင်ရွက်ကြရမည်**

သမဝါယမဆိုသည့်စကားရပ် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသည်မှာ ၁၉၀၄ခုနှစ် “သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေ” အရ စစ်ကိုင်းခရိုင် မြင်းမူမြို့တွင် ၁၉၀၅ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့က ပထမဦးဆုံး သမဝါယမငွေစုငွေချေးအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့သည်မှ စတင်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီ ဖြစ်ပါသည်။

### သမဝါယမအသင်းများ ဖွဲ့စည်း

သာမန် လက်လုပ်လက်စားများ ကိုယ်တိုင်စုပေါင်းပါဝင်ပြီး စီးပွားရေးလုပ်ငန်းများကို သမဝါယမအသင်းများ Cooperatives Society အဖြစ် ဖွဲ့စည်းလုပ်ကိုင်နိုင်သည့် နည်းလမ်းကို သိရှိသွားကြသဖြင့် အထက်မြန်မာပြည် ကျေးလက်နှင့် မြို့ပြရပ်ကွက်များတွင် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

စတင်ဖွဲ့စည်းစဉ်က ကျေးလက်နေ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသော တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်အခက်အခဲကို ဖြေရှင်းပေးရန် ဦးတည်ဆောင်ရွက်ခဲ့ကြသော်လည်း မြို့ပေါ်ရှိအသေးစား၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ကြသူများနှင့် ဈေးသည်လေးများ၏ ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု အရင်းအနှီးလိုအပ်ချက်များကိုပါ သက်သာသော အတိုးနှုန်းဖြင့် ဖြည့်ဆည်းပေးနိုင်ကြောင်း တွေ့ရှိလာသောကြောင့် မပြည့်စုံသူများ အချင်းချင်း စုပေါင်းပြီး သမဝါယမအသင်းများ ဖွဲ့စည်း၍ ယနေ့တိုင် “သမဝါယမ”လုပ်ငန်းများကို ပြည်သူလူထုက လက်ခံကျင့်သုံးနေခြင်း ဖြစ်သည်။

### သင်ခန်းစာယူစရာ

ကိုလိုနီခေတ်စနစ်အောက် ဒိုင်အာခီအုပ်ချုပ်ရေးကာလ၊ ၉၁ ဌာနအုပ်ချုပ်ရေးကာလမှသည် ပါလီမန်ခေတ်နှင့် ဆိုရှယ်လစ်ခေတ်၊ ထိုမှတစ်ဆင့် ခေတ်အဆက်ဆက်ကို ဖြတ်သန်းကာ ယနေ့ခေတ်အထိ မြန်မာနိုင်ငံ၌ သမဝါယမအခန်းကဏ္ဍရှင်သန်လာခဲ့သည်။ သမဝါယမအခန်း ကဏ္ဍသည် ကျေးလက်နေပြည်သူ များစွာရှိသော၊ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များစွာရှိသော မြန်မာနိုင်ငံနှင့် များစွာသဟဇာတ ဖြစ်လျက်ရှိသည်။ ခေတ်အဆက်ဆက်တွင် ရည်ရွယ်ချက်နှင့် မူဝါဒများ ကောင်းမွန်ခဲ့သော်လည်း တာဝန်ရှိသူများ၏ စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်အလွဲသုံးမှုများ ရှိခဲ့သောကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်သည်များ၊ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်များလည်း သင်ခန်းစာယူစရာ များစွာကျန်ရှိခဲ့သည်။

တည်ဆဲအစိုးရများ၏ အားပေးကူညီမှုရရှိပါက သမဝါယမလုပ်ငန်းများ တိုးတက်ကောင်းမွန်မည် ဖြစ်သည်။ နိုင်ငံတော်အစိုးရများသည် သမဝါယမအခန်းကဏ္ဍ လှုပ်ရှားမှုများအပေါ် အထူးအာရုံစိုက်ပြီး လိုအပ်သောချေးငွေများ ပံ့ပိုးပေးခြင်း၊ ဥပဒေများပြဋ္ဌာန်းပေးခြင်း၊ မူဝါဒချမှတ် လမ်းညွှန်ပေးခြင်း စသည်ဖြင့်ကူညီပံ့ပိုးထိန်းကျောင်းပေးခဲ့ကြသည်များလည်း များစွာရှိခဲ့သည်။ တည်ဆဲအစိုးရ၏ သမဝါယမအခန်းကဏ္ဍအပေါ် ထားရှိသည့် မူဝါဒသည် သမဝါယမလုပ်ငန်းများအပေါ် များစွာအကျိုးသက်ရောက်မှုရှိနေမည် ဖြစ်ပါသည်။

### သမဝါယမ၏ အနှစ်သာရ

**သမဝါယမ၏ သဘောသဘာဝသည် ဆန္ဒတူသူများ လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်သည့် အသင်းအဖွဲ့ဖြစ်ပြီး လူမှုစီးပွားတိုးတက်မြင့်မားစေရေးအတွက် စုပေါင်းအားဖြင့် စွမ်းဆောင်ကာ သာတူညီမျှ ခံစားစံစားခွင့် ရယူကြခြင်းသည် သမဝါယမ၏အနှစ်သာရပင် ဖြစ်သည်။**

သမဝါယမအသင်းများ ရေရှည်တည်တံ့နိုင်ရေးအတွက် အခြေခံမှုများ၊ စည်းကမ်းများ၊ ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းထားရှိချက်များကို ဦးဆောင်စီမံခန့်ခွဲသူများ၊ အသင်းသားများအားလုံး လိုက်နာစောင့်ထိန်းကြရန် အထူးလိုအပ်ပါသည်။ သို့မှသာ အသင်းများ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မှုရှိမည်ဖြစ်ပြီး ရေရှည်အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

ဖဆပလအစိုးရလက်ထက်က ပထမအကြိမ် သမဝါယမပြည်လုံးကျွတ်ညီလာခံကို ၁၉၅၁ ခုနှစ်တွင် ကျင်းပခဲ့ပြီး ငါးနှစ်စီမံကိန်း ရေးဆွဲနိုင်ခဲ့သည်။ နိုင်ငံတော် သမဝါယမသင်တန်းကျောင်းကို ၁၉၅၁ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး သမဝါယမပညာရပ်ကို မူလတန်းကျောင်းများ၌ သင်ကြားနိုင်ရန် ရန်ကုန်၊ မန္တလေးနှင့် ရေနံချောင်းမြို့များတွင် သင်တန်း စတင်ပေးခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် စီးပွားရေးသမဝါယမပညာကို အထက်တန်းအဆင့်တွင် စတင်သင်ကြားနိုင်ရန် ကျောင်းသုံးစာအုပ်များ ထုတ်ဝေခဲ့ပါသည်။ ခရိုင်အဆင့်တွင် သမဝါယမ သင်တန်းကျောင်းများ ဖွင့်လှစ်ခဲ့ပါသည်။

ထိုသို့ သမဝါယမ သင်တန်းကျောင်းများ ဖွင့်လှစ်ခဲ့သည်မှစ၍ အစိုးရအဆက်ဆက် ဦးစီးဌာန၊ ဝန်ကြီးဌာနအဆင့် ဖွဲ့စည်းကာ သမဝါယမကဏ္ဍ တိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြပါသည်။ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပို့ချပေးခဲ့သည့် သင်တန်းကျောင်းများမှသည် ကောလိပ်ကျောင်းများကို ၁၉၉၄ ခုနှစ်မှစ၍ ဖွင့်လှစ်ကာ အဆင့်မြင့်ပညာရပ်များ ထပ်မံပို့ချသင်ကြားနိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း)နှင့် သမဝါယမတက္ကသိုလ် (သန်လျင်)တို့ကို ပါတီစုံဒီမိုကရေစီခေတ် ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခုအခါ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် သမဝါယမသင်တန်းကျောင်းများ၊ မန္တလေးနှင့် ဖောင်ကြီးတွင် သမဝါယမကောလိပ်နှစ်ခုနှင့် သန်လျင်နှင့်စစ်ကိုင်းတို့တွင် သမဝါယမတက္ကသိုလ်နှစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

သမဝါယမတက္ကသိုလ်များတွင် သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များမှာ အထူးပြုဘာသာရပ်များအဖြစ် သမဝါယမပညာ၊ ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ ဘဏ္ဍာရေးနှင့် စာရင်းကိုင်ပညာ၊ စီမံခန့်ခွဲမှုပညာရပ်များဖြစ်ပြီး အထောက်အကူပြုဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ICT၊ စီးပွားရေးပထဝီဝင်နှင့် ဥပဒေပညာဘာသာရပ်များ သင်ကြားပို့ချလျက် ရှိပါသည်။

ပေးအပ်ချီးမြှင့်လျက်ရှိသည့် ဘွဲ့များမှာ အထူးပြုဘာသာရပ်များအလိုက် သမဝါယမပညာဘာသာရပ်မှ စီးပွားရေးသိပ္ပံဘွဲ့(လူမှုစီးပွားရေးစီမံခန့်ခွဲမှုပညာ) B.BSc (Social Enterprise Management)၊ ဘောဂဗေဒဘာသာရပ်မှ စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ) B.BSc (Regional Development)၊ စာရင်းအင်းပညာဘာသာရပ်မှ စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချ စာရင်းအင်းပညာ) B.BSc (Applied Statistics)၊ ဘဏ္ဍာရေးနှင့် စာရင်းကိုင်ပညာဘာသာရပ်မှ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ) B.BSc (Accounting and Finance)၊ စီမံခန့်ခွဲမှုပညာဘာသာရပ်မှ စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ) B.BSc (Marketing Management)များ ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။ ထို့အပြင် သက်ဆိုင်ရာ အထူးပြုဘာသာရပ်အလိုက် မဟာဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ပြီး မဟာဘွဲ့များကိုလည်း ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

သမဝါယမတက္ကသိုလ်၊ ကောလိပ်များသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးကို မျှော်မှန်းကာ ဒေသဆိုင်ရာဖွံ့ဖြိုးရေး၊ လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲရေး၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေး၊ ဈေးကွက်ဖော်ဆောင်နိုင်ရေး၊ အသုံးချ စာရင်းအင်းပညာရပ်များ တတ်မြောက်စေရေးနှင့် စီမံခန့်ခွဲရေးပညာရပ်အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို အဓိကထား သင်ကြားပို့ချလျက် ရှိပါသည်။ ထို့အပြင် ဒေသ အကျိုးပြုနှင့် ဘာသာရပ်အကျိုးပြု သုတေသနစာတမ်းများ၊ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနစာတမ်းများကိုလည်း စာသင်နှစ်အလိုက် ဆောင်ရွက်လျက်ရှိပြီး သုတေသနဂျာနယ်များ နှစ်စဉ်ထုတ်ဝေလျက် ရှိပါသည်။

### ကောင်းမွန်တည့်မတ်သော အခြေခံမှု

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမကဏ္ဍသည် များစွာအထောက်အကူပြုလျက်ရှိပါသည်။ အသင်းများဖွဲ့စည်းရာတွင် မိမိသဘောဆန္ဒအလျောက် ပါဝင်ရခြင်း၊ ဆန္ဒတူညီသူများနှင့်သာ ဖွဲ့စည်းခြင်း၊ လူတစ်ကိုယ်ဆန္ဒမဲတစ်မဲစနစ် ဖြစ်သည့်အတွက် ညီမျှသော အခွင့်အရေးရရှိခြင်းနှင့် အသင်း၏လုပ်ငန်းအရပ်ရပ်ကို အများ၏ ဆန္ဒသဘောထားဖြင့်သာ စီမံခန့်ခွဲသည့် ဒီမိုကရေစီစနစ် ပီပြင်စွာ ကျင့်သုံးခြင်း၊ အများဆုံးဖြတ်ချက်ဖြင့်သာ စီမံခန့်ခွဲခြင်း၊ အသင်းသည် အသင်း၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကိုသာ လုပ်ဆောင်သည့် အဖွဲ့အစည်းဖြစ်ခြင်း၊ အသင်းသားများ၏ အကျိုးစီးပွားအတွက် အများဆန္ဒနှင့်အညီ ဆောင်ရွက်ခြင်းစသည်တို့သည် မြန်မာ့သမဝါယမ၏ ကောင်းမွန်တည့်မတ်သော အခြေခံမှုများပင် ဖြစ်ပါသည်။

ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့သည့် မြန်မာနိုင်ငံ၏ သမဝါယမကဏ္ဍသည် ယနေ့ခေတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုကို ရရှိထားပြီး ခိုင်မာအားကောင်းသော အဖွဲ့အစည်းများဖြင့် ရပ်တည်နေနိုင်ပြီဖြစ်သကဲ့သို့ အတတ်ပညာ၊ အသိပညာများစွာ ပံ့ပိုးပေးနိုင်သည့် သင်တန်းကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ ဖွင့်လှစ်ကာ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက် ရှိပါသည်။

### စုပေါင်းညီညာ ဆောင်ရွက်ကြရမည်

ထိုသို့လိုအပ်သည့် အခြေခံကောင်းများစွာ ရရှိပိုင်ဆိုင်ထားပြီး ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ သမဝါယမကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်သူများ၊ ပါဝင်ဆောင်ရွက်ကြသူ အသင်းသားများအားလုံးသည် သတ်မှတ်စည်းမျဉ်း စည်းကမ်း၊ မူဝါဒများနှင့်အညီ ဥပဒေဘောင်အတွင်းမှ စုပေါင်းညီညာ ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် ဇွန် ၃၀**

**နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏နေအိမ်များ၊ အများပြည်သူသွားလာ လှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ လုပ်ဆောင်လျက်ရှိသည်။**



ကသာမြို့ မြောက်ပိုင်းရပ်ကွက် လမ်းမတော်လမ်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားစဉ်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ အမှတ်(၁)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအနီး ကျိုက်လတ်-ဖျာပုံကားလမ်း၏ ဝဲဘက်ဘေး၌ လည်းကောင်း၊ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အမှတ်(၁) ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအနီး ကျိုက်လတ်- ဖျာပုံကားလမ်း၏ ယာဘက်ဘေး၌လည်းကောင်း၊ နံနက် ၁၁ နာရီတွင် အမှတ်(၃) ရပ်ကွက် (၄)လမ်းနှင့် (၅)လမ်း ကြားရှိ မြို့နယ်ပညာရေးမှူးရုံး၏အနောက်ဘက်ခြံစည်းရိုးအတွင်း၌ လည်းကောင်း ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ အသီးသီး၌ လက်လုပ်ဗုံးများ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် ကျိုက်လတ်မြို့ အမှတ်(၁)ရပ်ကွက် ကျိုက်လတ်-ဖျာပုံကားလမ်းဘေးရှိ COVID- 19 ယာယီစစ်ဆေးရေးဂိတ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာ၌ ပေါက်ကွဲရာမှ ကျန်ရှိသည့် PVC ပိုက် အပိုင်းအစများနှင့် Kenbo ဖုန်းခွတ်ခဲခြောက်တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါ စစ်ဆေးရေးဂိတ်၌ တာဝန်ဆောင်ရွက်နေသည့် ဒေါင့်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်း၊ ရာအိမ်မှူး ဦးမျိုးညွန့်၊ ဖော်မျိုးဦး၊ ကျေးလက် ကျန်းမာရေးဝန်ထမ်း မမျိုးမျိုးအေးနှင့် အမှတ်(၁၅)ရပ်ကွက်နေ ဆိုင်ကယ် ကယ်ရီမောင်းသူ မျိုးခိုင် (၂၇)နှစ် (ဘ)ဦးစိန်မြင့်တို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး ကျိုက်လတ်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရှိရသည်။

ထို့အတူ ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက်ရှိ ငါးသိုင်းချောင်းတိုက်နယ်ဆေးရုံ၏ မြောက်ဘက် ဦးကဲလမ်းပေါ်၌ လည်းကောင်း၊ ည ၈ နာရီ မိနစ် ၂၀ တွင် အဆိုပါပေါက်ကွဲသည့်နေရာမှ ပေ ၃၀ ခန့်အကွာ၌ လည်းကောင်း၊ ည ၈ နာရီခွဲတွင် ဆေးရုံ၏တောင်ဘက် အောင်ဇေယျလမ်းပေါ်၌ လည်းကောင်း၊ ည ၈ နာရီ ၄၅ မိနစ်တွင် ဆေးရုံအရှေ့၌ လည်းကောင်း လက်လုပ်ဗုံးလေးလုံး အသီးသီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရှိရသည်။

အလားတူ ယနေ့နံနက် ၅ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ မြောက်ပိုင်းရပ်ကွက် လမ်းမတော်လမ်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဝင်ပေါက်ဝဲဘက်ခြမ်း အုတ်တံတိုင်းအောက်ခြေ တစ်ပေကျော်ခန့် ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ထို့အတူ နံနက် ၆ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ထီးလင်းမြို့ အမှတ်(၂) ရပ်ကွက် ဂန့်ဂေါလမ်းရှိ မြို့နယ်ပညာရေးမှူး ဒေါ်အေးလှ၏နေအိမ်ခြံစည်းရိုးအပြင်ဘက်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်အသံဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့် အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

U *ကျော်ဖုံးမှ*

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ခရိုင်တပ်ဖွဲ့မှူးရုံးများမှ ရဲတပ်ဖွဲ့မှူးများ၊ အင်းစိန် ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အကျဉ်းဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။



ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးဝင်းတင့် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသည့် ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၅၀၅- က ဖြင့် အမှုဖွင့်တရားစွဲဆိုခံထားရသော အချုပ်သား/ အချုပ်သူများအား လွှတ်ပေးခြင်း အခမ်းအနားတွင် ဆုံးမဩဝါဒစကားပြောကြားစဉ်။ ဓာတ်ပုံ- သန်းထိုက်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးဝင်းတင့်နှင့် အတွင်းရေးမှူး ဦးစိုးစိုးဇော်တို့က လွှတ်မြောက်သည့် အချုပ်သား/ သူများအား ဆုံးမဩဝါဒ စကားပြောကြားခဲ့ပြီး လွှတ်မြောက်သူများအား တစ်ဦးချင်း နှုတ်ဆက်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ လွှတ်မြောက်သည့် အချုပ်သား/ သူများကို သက်ဆိုင်ရာမြို့နယ်အလိုက် YBS မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့သည်။

ယနေ့ အင်းစိန် ဗဟိုအကျဉ်းထောင်တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် ချုပ်နှောင်ထားရှိသော အချုပ်သား/ သူများအနက် အချုပ်သား ၅၉၀၊ အချုပ်သူ ၁၃၁ဦး စုစုပေါင်း ၇၂၁ ဦးတို့ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆူပူဆန္ဒပြမှုဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ခုခုကြောင့် အမှုဖွင့်အရေးယူထားသူများအနက်မှ (ပထမ ဦးစားပေးအဖြစ်) ၂၂၉၆ ဦးတို့၏အမှုများကို ရုပ်သိမ်းပြီး ပြန်လည်စေလွှတ်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် ဆူပူဆန္ဒပြမှု ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၅၀၅- က အပါအဝင် အခြားသော ဥပဒေပုဒ်မတစ်ခုခုဖြင့် အမှုဖွင့်အရေးယူထားသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှု ရုပ်သိမ်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတို့မှ ရဲစစ်ဆေးဆဲအမှု အမျိုးသား၊ အမျိုးသမီး ၈၆ ဦး၊ တရားရုံးစစ်ဆေးဆဲအမှု အမျိုးသား၊ အမျိုးသမီး ၂၂၁၀ ၊ စုစုပေါင်း ၂၂၉၆ ဦးတို့၏ အမှုများကို သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုပြန်လည် ရုပ်သိမ်းပေးခဲ့ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စေလွှတ်ပေးခဲ့သည်။ ထိုသို့ စေလွှတ်ပေးမှုအပေါ် တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်စေလွှတ်ပေးခဲ့သူများ၏ သက်ဆိုင်ရာ ဆွေမျိုး၊ မိဘများက လာရောက်ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၃၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများ ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာ သင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမှားပြင်ဆင်ချက်

၃၀-၆-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၁၊ ကော်လံ ၁ ပါ "အခွန်ကြေညာ လွှာတင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထား ခြင်းအကြောင်း သိကောင်းစရာများ" ဖော်ပြချက်တွင် အမှတ်စဉ် (၁)(ခ)၊ **အခြေပစ္စည်းမှ မြတ်စွန်းငွေကြေညာလွှာ နောက်ဆုံး တင်သွင်းရမည့်နေ့မှာ ရောင်းချ/ လဲလှယ်/ လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း**ဟု ပြင်ဆင်ဖတ်ရှုပါရန် ဖော်ပြအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# သဘာဝထိန်းသိမ်းရေးတောထဲကနေ ဆင်တွေ ဘာလို့ မြို့ရွာတွေအထိ ထွက်လာကြသလဲ

**စုသက်မှူး(မရမ်းကုန်း)**

**တရုတ် - မြန်မာ နယ်စပ်အနီး ဆစ်ဆောင်ပနား အာရှဆင်ထိန်းသိမ်းရေးဇုန်ကနေ ထွက်လာကြတဲ့ တောဆင်ရိုင်းတွေဟာ ဧပြီလ ၁၆ ရက်နေ့ကစပြီး ဇာတိမြေ ဆစ်ဆောင်ပနား မုန့်ယန်ဇီသဘာဝထိန်းသိမ်းရေးဇုန်ကနေ ထွက်ပြေးပြီးနောက် ကူမင်းမြို့ ဆင်ခြေဖုံးရပ်ကွက် အနီးတစ်ဝိုက်အထိ ချဉ်းကပ်ခဲ့ကြပါတယ်။**

အဆိုပါဆင်အုပ်စုဟာ လမ်းတစ်လျှောက် စားလိုက်သွားလိုက်နဲ့ မြို့ရွာတွေဆီ သွားလာနေကြတာ အခုဆို လနဲ့ချီ ကြာခဲ့ပါပြီ။ အခုအချိန် နှစ်လကျော်ကြာတဲ့အထိ အဆိုပါ ဆင်တွေဟာ သူတို့ မူလနေရပ်ဆီ ပြန်မရောက်သေးပါဘူး။ ဆင် ၁၅ ကောင်အုပ်ဟာ ကီလိုမီတာ ၅၀၀ ကျော် ခရီးနှင်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါဆင်တွေဟာ ခရီးစထွက်စဉ်က ၁၅ ကောင်အုပ်စုဖြစ်ပြီး လမ်းမှာ တစ်ကောင်က အုပ်စုခွဲထွက်သွားပါတယ်။ လူတွေကို ပိုပြီး စိတ်ဝင်စားမှုမြင့်စေတာက အဲဒီ ကျန်တဲ့ ဆင် ၁၄ ကောင်မှာ တစ်ကောင်က လမ်းမှာပဲ ဆင်ပေါက်လေးတစ်ကောင်ကို မွေးဖွားခဲ့တဲ့အတွက် ဆင် ၁၅ ကောင် ဖြစ်လာပါတယ်။ ဆင်အုပ်စုရဲ့ လမ်းတစ်လျှောက် ဆင်ပေါက်လေးကိုကာရံပြီး သွားလာပုံ၊ စားသောက်နေထိုင်ပုံ၊ အုပ်စုဖွဲ့အိပ်စက်ပုံများကို စောင့်ကြည့်ပြီး လူအများက ဆင်အုပ်စုကို အချစ်ပိုနေကြပါတယ်။



ဆင်ထိန်းသိမ်းရေးစခန်းမှ ထွက်လာသော ဆင်အုပ်စု။

> **ယူနန်ပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ ကူမင်းမြို့ဟာဆိုရင် တောဆင်ရိုင်းတွေ မရောက်ရှိခဲ့တာ နှစ်ပေါင်းရာကျော်သက်တမ်းရှိပြီလည်း ဖြစ်ပါတယ်။ အခုတော့ တောဆင်ရိုင်းတွေဟာ ကူမင်းမြို့နဲ့ ကီလိုမီတာ ၁၀၀ အကွာအထိ ရောက်ရှိလာလို့ အားလုံးစိတ်ဝင်စားစရာဖြစ်လာကြ**

**ဆစ်ဆောင်ပနားမှ အာရှဆင်ထိန်းသိမ်းရေးစခန်း**

စာရေးသူလည်း အဲဒီ ဆင်သတင်းဖတ်ပြီး ယူနန်ပြည်နယ် ဆစ်ဆောင်းပနားဒေသကို သွားလည်တုန်းက ရောက်ခဲ့ဖူးတဲ့ အာရှဆင်ထိန်းသိမ်းရေးဇုန်ကို အမှတ်ရမိပါသေးတယ်။ စာရေးသူတို့ အဲဒီကိုသွားတုန်းက သဘာဝထိန်းသိမ်းရေးဇုန်ထဲမှာ သစ်သားတံတားလျှောက်လမ်းကနေ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို တောထဲလျှောက်ကြည့်ခွင့်ရသလို ကေဘယ်ကားစီးပြီး ကောင်းကင်ကနေ ဆင်တွေ တောထဲမှာ လှည့်လည်နေထိုင် ကျက်စားပုံတွေကို အနီးကပ်ကြည့်ခွင့်ရခဲ့ပါတယ်။ ဒါ့အပြင် ဆေးကုသရေးစခန်းမှာ ရောက်နေတဲ့ မွေးခါစ ဆင်ပေါက်လေးတွေ၊ ဒဏ်ရာအနာတရဖြစ်နေတဲ့ ဆင်တွေကိုလည်း တွေ့ခွင့်ရခဲ့ပါသေးတယ်။

အဲဒီ ကုသရေးစခန်းမှာ ဒဏ်ရာရတဲ့ဆင်တွေကို ဆေးကုသပေးဖို့ ခဏခေါ်ထားပြီး ဆေးကုပေး၊ ပြုစုပေး၊ အချိန်တန်လို့ ဒဏ်ရာပြန်ကောင်းရင် ထိန်းသိမ်းကာကွယ်ရေးဇုန်ရှိတဲ့ တောထဲကို ဒီတိုင်း ပြန်လွှတ်ပေးတယ်လို့ သိခွင့်ရခဲ့ပါတယ်။ အဲဒီနေ့ကတော့ စာရေးသူတို့ သတင်းသမားတွေ ယန်လျို့ဆိုတဲ့ ဆင်ပေါက်လေးနဲ့ တခြား ဒဏ်ရာရထားတဲ့ ဆင်သုံးလေးကောင်ကို အနီးကပ်အစာကျွေးခွင့်ရခဲ့ပါတယ်။ စာရေးသူဟာ မြန်မာနိုင်ငံမှာ တိုက်ကြီး-ဥက္ကံဘက်ကို ဆင်တွေလာပြီး ရွာတွေထဲ ဝင်ရောက်ဖျက်ဆီးတဲ့ လူနဲ့ဆင်သတင်းမျိုး အမြဲလိုက်နေကြမို့ အာရှဆင်ထိန်းသိမ်းရေးဇုန်မှာ ဆင်အကြောင်းကို နီးနီးကပ်ကပ် လေ့လာခွင့်ရတဲ့အခါ ဗဟုသုတတွေလည်း ပိုတိုး ရရှိခဲ့ပါတယ်။

တကယ်တော့ ဆင်တွေဆိုတာ လူတွေလိုပါပဲ။ လူ့သက်တမ်းနီးပါးလောက် အသက် ၆၀၊ ၇၀ လောက်အထိ သက်တမ်းရှည်ကြာစွာနေနိုင်တဲ့ နို့တိုက်တိရစ္ဆာန်တွေ ဖြစ်ပါတယ်။ လူတွေကို အကျိုးပြုတဲ့၊ လူတွေနဲ့အနီးဆုံးရှိတဲ့ တိရစ္ဆာန်လို့တောင် ပြောလို့ရပါတယ်။ ဟိုးရှေးခေတ်တုန်းက ဆိုရင် စစ်ပွဲတွေမှာ ဆင်တွေကိုအသုံးပြုပြီး စစ်တိုက်ခဲ့ကြပါတယ်။ ပြီးတော့ နှစ်နိုင်ငံချစ်ကြည်ရေး ဖော်ဆောင်ချင်ရင် ဆင်ကို လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သပြီး စစ်ပွဲရပ်ဆိုင်းတာပဲဖြစ်ဖြစ်၊ မိတ်သဟာပြုတာပဲဖြစ်ဖြစ် ဆင်ကို ချစ်ကြည်ရေးအနေနဲ့ လက်ဆောင်အဖြစ် လဲလှယ်တတ်ကြပါတယ်။ ဒါ့အပြင် စက်ယန္တရားတွေ မပေါ်ခင်တုန်းကဆိုရင် ဆင်တွေကိုအသုံးပြုပြီး သစ်ထုတ်လုပ်ရေးတွေမှာ အားကိုးခဲ့ရပါတယ်။ အခုခေတ်လိုတိုးတက်လာတဲ့အခါမှသာ ဆင်ကိုသတ် ဆင်စွယ်ယူပြီး တရားမဝင်ကုန်သွယ်မှုတွေ ပြုလုပ်နေတာတွေကြောင့် ဆင်တွေ မျိုးသုဉ်းလုနီးပါး ဖြစ်နေကြတာဆိုတော့ အခုလိုမျိုး နိုင်ငံတော်အဆင့် ဆင်ဥယျာဉ်ထိန်းသိမ်းရေးစခန်းတွေ ထားရှိဖော်ဆောင်နေတာက ကြိုဆိုရမယ့်အနေအထားလို့ ဆိုရမှာပါ။ ပြီးတော့ အဲဒီ ဆင်ထိန်းသိမ်းရေးဇုန်က ခရီးသွားလုပ်ငန်းနဲ့ပါ ချိတ်ဆက်ထားတော့ တစ်ဖက်တစ်လမ်းကလည်း ဝင်ငွေရှာဖွေပေးနိုင်သေးတယ်လေ။ အထူးသဖြင့် မတ်လကနေ မေလအထိနဲ့ အောက်တိုဘာလကနေ နိုဝင်ဘာလအထိမှာ ခရီးသွား အလွန်များတယ်လို့ ဆိုကြပါတယ်။

အဲဒီ ဆင်ထိန်းသိမ်းရေးဇုန်က ဥယျာဉ်ဟာ နိုင်ငံတော်အဆင့် (A)လေးလုံးရတဲ့ အဆင့်မြင့်ဥယျာဉ်ဖြစ်ပြီး သဘာဝထိန်းသိမ်းရေးဇုန်နဲ့ အာရှတောဆင်ထိန်းသိမ်းရေးဇုန်အဖြစ် ယူနက်စကိုမှာ စာရင်းဝင်ထားတဲ့နေရာ ဖြစ်ပါတယ်။ ယူနက်စကို စာရင်းဝင်နေရာ ဖြစ်တာနဲ့အညီ ဒီဥယျာဉ်ထဲမှာ အာရှဆင်သုတေသနစင်တာ၊ တောမွေးလိပ်ပြာစင်တာ၊ တောရိုင်းတိရစ္ဆာန်ကယ်ဆယ်ရေး သုတေသနစခန်းတွေ ထားရှိထားတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ဒီဆင်ဥယျာဉ်ထဲမှာ တောဆင်၊ တောကျွဲ၊ ဒေါင်း၊ မျောက်တွေ ရှိပါတယ်တဲ့။

ဆင်ဥယျာဉ်ကို ၁၉၉၀ ပြည့်နှစ်က ရှုခင်းကြည့်တောဥယျာဉ်အနေနဲ့ စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ ခရီးသည်တွေကို လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ခဲ့ရာကနေ ၂၀၀၈ ခုနှစ်မှာ အာရှတောဆင် ထိန်းသိမ်းရေးနဲ့ မွေးမြူရေးစခန်းကို တည်ဆောက်ခဲ့တာမို့ အခုအချိန်မှာတော့ နာမည်ကျော်နေရာတစ်ခုအဖြစ် လူအများ လာရောက်လည်ပတ်မှုအများဆုံး နေရာတစ်ခုဖြစ်လို့နေပါပြီ။ ဝင်ကြေးအနေနဲ့ ၆၅ ယွမ်ပေးရပြီး ဆင်အက၊ ဆင်အလှ၊ ဆင်လိမ္မာစွမ်းရည်ပြသပွဲတွေကို နေ့စဉ် ၁၁ နာရီကနေ ၁၂ နာရီ၊ နေ့လယ်ဆို ၂ နာရီကနေ ၃ နာရီအထိ ကြည့်ရှုလို့ရသလို တောဆင်ဥယျာဉ်ထဲမှာလည်း မှန်တံတားလိုနေရာမျိုး၊ သစ်ပင်ပေါ်ဟိုတယ်လိုနေရာမျိုး၊ တောထဲလမ်းလျှောက်နိုင်တဲ့ သစ်သားတံတားလိုနေရာမျိုး၊ ကေဘယ်လ်ကားစီးလို့ရတဲ့ နေရာမျိုးတွေကို လည်ပတ်ကြည့်ရှုနိုင်ပါတယ်။ ဒါ့အပြင် ဆင်ပြတိုက်ကိုလည်း သွားပြီး လေ့လာလို့ရပါသေးတယ်။

ဆင်ပြတိုက်ထဲက မှတ်တမ်းများအရ အိန္ဒိယနိုင်ငံမှာ ဆင်အကောင်ရေ ၂၂၁၂၀၊ သီရိလင်္ကာနိုင်ငံမှာ ဆင်အကောင်ရေ ၃၂၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဆင်အကောင်ရေ ၃၅၀၊ ဘူတန်နိုင်ငံမှာ ဆင်အကောင်ရေ ၁၅၀၊ မြန်မာနိုင်ငံမှာ ဆင်အကောင်ရေ ၁၀၀၀၀၊ နီပေါနိုင်ငံမှာ ဆင်အကောင်ရေ ၉၀၊ ဗီယက်နမ်နိုင်ငံမှာ ဆင်အကောင်ရေ ၃၀၀၀၊ ကမ္ဘောဒီးယားနိုင်ငံမှာ ဆင်အကောင်ရေ ၂၀၀၀၊ ထိုင်းနိုင်ငံမှာ ဆင်အကောင်ရေ ၂၀၀၀၊ မလေးရှားနိုင်ငံမှာ ဆင်အကောင်ရေ ၃၀၀၀ စသည်ဖြင့် ဆင်မွေးမြူထားတဲ့ စာရင်းတွေကို နိုင်ငံအလိုက် လေ့လာခွင့်ရခဲ့ပါတယ်။

ဆင်ပြတိုက်မှာတော့ လူတွေရဲ့ မညှာမတာ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ ဆင်သားအမိရဲ့ အရိုးတွေကို ဆင်ပုံစံပေါ်အောင် ပုံဖော်ထားတဲ့ ရုပ်လုံးကြွပုံကိုကြည့်ရင်း လူ့ပယောဂကြောင့် အသတ်ခံလိုက်ရတဲ့ ဆင်လေးတွေကို အသနားပိုခဲ့မိပါသေးတယ်။ ဆစ်ဆောင်ပနား အာရှဆင်ထိန်းသိမ်းရေးစခန်းမှာ ၁၉၆၄ ခုနှစ်လောက်က ဆင်အကောင်ရေ ၁၄၆ ကောင် ရှိခဲ့ပေမယ့် အခုအချိန်မှာ အကောင် ၃၀၀ ကျော်အထိ များလာပြီလို့ မှတ်တမ်းများမှာ ဖတ်ခဲ့ရပါတယ်။

**ဆင်တွေ ထိန်းသိမ်းရေးဇုန်ထဲကနေ ဘယ်တွေ သွားခဲ့ကြသလဲ**

အခုလည်း အဲဒီ အကောင် ၃၀၀ ထဲက ဆင် ၁၅ ကောင်ဟာ ထိန်းသိမ်းကာကွယ်ရေးဇုန်ထဲကနေ ထွက်လာတာ အချိန်အားဖြင့် နှစ်လကျော်ရှိခဲ့ပါပြီ။ ပထမတော့ သူတို့တွေကို ထိန်းသိမ်းကာကွယ်ရေးဇုန်ထဲကနေ အုပ်စုလိုက်ပျောက်သွားတာ ဘယ်သူမှ သတိမထားမိကြပါဘူး။ အရင်တုန်းကဆိုရင်လည်း ဒီထိန်းသိမ်းရေးဇုန်ထဲ သူတို့ဘာသာ ဝင်ပေါက်ထွက်ပေါက်တွေကနေ ဝင်ထွက်သွားလာနေကြမို့ ဇုန်ထဲကို ပြန်လာတတ်ကြမယ်လို့ပဲ လူတိုင်းက ထင်ထားကြပါတယ်။ ဒါပေမယ့် အခုတော့ သူတို့က ထိန်းသိမ်းကာကွယ်ရေးဇုန်ကို ပြန်မလာကြဘဲ သဘာဝထိန်းသိမ်းရေးဇုန်ကနေ ထွက်ပြေးပြီးနောက် ဖူးအော်မြို့ကိုဖြတ်ကျော်၊ ယွိရှီးမြို့သို့ ဝင်ရောက်၊ ယူနန်ပြည်နယ် ကူမင်းမြို့ဆင်ခြေဖုံးရပ်ကွက် အနီးတစ်ဝိုက်အထိ မြောက်ပိုင်းကနေ တောင်ပိုင်းကို အုပ်စုလိုက်ကြီး ခရီးနှင်နေတာ လူတွေအတွက် တွေးစရာဖြစ်လာပါတယ်။ ယူနန်ပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ ကူမင်းမြို့ဟာဆိုရင် တောဆင်ရိုင်းတွေ မရောက်ရှိခဲ့တာ နှစ်ပေါင်းရာကျော် သက်တမ်းရှိပြီလည်းဖြစ်ပါတယ်။ အခုတော့ တောဆင်ရိုင်းတွေဟာ ကူမင်းမြို့နဲ့ ကီလိုမီတာ ၁၀၀ အကွာအထိ ရောက်ရှိလာလို့ အားလုံး စိတ်ဝင်စားစရာ ဖြစ်လာကြပါတယ်။

အခုတော့ ဒေသခံပြည်သူလူထုတွေရဲ့ လုံခြုံရေးနဲ့ တောဆင်ရိုင်းတွေရဲ့ လုံခြုံရေးကို ကာကွယ်နိုင်ဖို့အတွက် ရဲအပါအဝင် ဝန်ထမ်း ၅၀၀ ကျော် အသုံးပြုပြီး ထိန်းသိမ်းရေးတောထဲကထွက်လာတဲ့ အဲဒီ ဆင် ၁၅ ကောင်ရဲ့ သွားရာနေရာတွေကို ဒရုန်း ၁၄ ခုနဲ့ အနီအောက်ရောင်ခြည်နည်းပညာသုံးပြီး ၂၄ နာရီမပြတ် စောင့်ကြည့်မှုတွေ လုပ်နေပါတယ်။

*စာမျက်နှာ ၂၃ သို့*



## ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ပဲခူး ဇွန် ၃၀**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဟံသာဝတီယူနိုက်တက် ဘောလုံးအားကစားကွင်းတွင် ယမန်နေ့က တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား လေးခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ နယ်မြေခံတပ်မဌာနချုပ် ဒုတိယတပ်မမှူးနှင့် ဌာနဆိုင်ရာများ၊ ဘောလုံးအားကစား စိတ်ပါဝင်စားသူများက ပဲခူးခရိုင်အသင်းနှင့် သာယာဝတီခရိုင်အသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ပဲခူးခရိုင်အသင်းက သာယာဝတီခရိုင် အသင်းကို ၄ ဂိုး- ၃ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရာ ဒုတိယဆုရရှိသော သာယာဝတီခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆု ငွေကျပ် ၁၀ သိန်းတို့ကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၃) ဦးတင်သိန်းက လည်းကောင်း၊ ဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်ငါးသောင်းစီကို ကောင်စီအဖွဲ့ဝင်(၂) ဦးတင်ဦးကလည်းကောင်း၊ ပထမဆုရရှိသည့် ပဲခူးခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး လှမျိုးရွှေကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက ပွဲစဉ်အစမှ အဆုံးတိုင် ကူညီဆောင်ရွက်ပေးသည့် ပဲခူးမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့အား ချီးမြှင့်ငွေကျပ် နှစ်သိန်းနှင့် ပထမဆုရရှိသည့် ပဲခူးခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးအားကစားကွင်း၌ ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ ပြုလုပ်ပြီး ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီ ခရိုင်ကိုယ်စားပြု အသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**တင်စိုး ( ပဲခူး)**

## စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်

**မုံရွာ ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်၂၅ နှစ်အောက် အမျိုးသား၊အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက်က မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီးစီမံအုပ်ချုပ် ကောင်စီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များက ဗိုလ်လုပွဲစဉ်အဖြစ် ယင်းမာပင်ခရိုင် အမျိုးသား ဖူဆယ်အသင်းနှင့် စစ်ကိုင်းခရိုင် အမျိုးသား ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြပြီး စစ်ကိုင်းခရိုင် ဖူဆယ်အသင်းမှ ယင်းမာပင်ခရိုင် ဖူဆယ်အသင်းကို လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် အတွင်းရေးမှူး ဦးခင်မောင်ဆန်းက အမျိုးသား၊ အမျိုးသမီး ဂိုးသမားအကောင်းဆုနှင့် ပွဲစဉ် တစ်လျှောက် အကောင်းဆုံးဆုရရှိသော အမျိုးသား၊ အမျိုးသမီး အားကစားသမားများအား ငွေသားဆုနှင့် ရုပ်တုဆုများ အားလည်းကောင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ရီရီသန်းက တတိယဆုရရှိသော မုံရွာခရိုင် အမျိုးသား ဖူဆယ်အသင်းနှင့် မုံရွာခရိုင် အမျိုးသမီး ဖူဆယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင်စိုးက ဒုတိယဆုရရှိသော ကလေးခရိုင် အမျိုးသမီး ဖူဆယ်အသင်းနှင့် ယင်းမာပင်ခရိုင် အမျိုးသား ဖူဆယ်အသင်းတို့အား တစ်ဦးဆုတံဆိပ်နှင့် ငွေကျပ် နှစ်သိန်းနှင့် ဒိုင်းဆုအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက ပထမဆုရရှိသော စစ်ကိုင်းခရိုင် အမျိုးသမီး ဖူဆယ်အသင်းနှင့် စစ်ကိုင်းခရိုင် အမျိုးသားဖူဆယ် အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေကျပ်ငါးသိန်း၊ တံခွန်စိုက် ဆုဖလားအား တာဝန်ရှိသူများ ထံ ပေးအပ် ချီးမြှင့်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



*စာမျက်နှာ ၂၂ မှ*

အဲဒါနဲ့တစ်ပြိုင်နက် အဲဒီဆင်တွေ သူတို့ဇာတိမြေ ဆစ်ဆောင်ပနား ထိန်းသိမ်းကာကွယ်ရေးဇုန်ကို ပြန်ရောက်နိုင်ဖို့နဲ့ လူနဲ့ဆင် တိုက်ခိုက်မှုများ မဖြစ်ပွားစေဖို့ သစ်တောဝန်ထမ်းအဖွဲ့ဟာ "ဆင်နောက်လိုက်သူ"အုပ်စုအတွင်း ပါဝင်ပူးပေါင်းခဲ့ကြပြီး ဆင်များသွားလာတဲ့လမ်းကြောင်းကို ခြေရာခံခြင်းနဲ့ စောင့်ကြည့် လေ့လာခြင်းများ ပြုလုပ်ခဲ့ကြပါတယ်။

ပြည်နယ်အစိုးရကတော့ တောဆင်ရိုင်းတွေ ထိန်းသိမ်းကာကွယ်ရေးတောထဲကနေ လူနေမြို့ရွာတွေဆီ တဖြည်းဖြည်း ရောက်လာတဲ့အတွက် ဆင်ဖြတ်သန်းရာလမ်းတစ်လျှောက်က လူနေထူထပ်တဲ့ မြို့ရွာတွေကို အရေးပေါ်အခြေအနေ ကြေညာပေးခဲ့ပြီး ဆင်ဖြတ်သန်းရာ ဒေသတစ်လျှောက်က ပြည်သူတွေရဲ့ ပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့မှု၊ ကာကွယ်မှုတွေ ချက်ချင်းဆိုသလို ပြုလုပ်ပေးခဲ့ပါတယ်။

ယူနန်ပြည်နယ် ဖူးအော်မြို့ စစ်မောက်ရပ်ကွက် ရီရှန်းမြို့နယ်က နာကျီမူလတန်းကျောင်းကတော့ သူတို့ရွာကို ဆင်တွေ အမြဲလာလေ့ရှိတဲ့အတွက် ဆင်လာရင်သိဖို့ ကျောင်းပတ်လည်မှာ အကာအရံများချထားပြီး ကလေးတွေကို ဆင်ပညာရေး ဗဟုသုတများကို ကျောင်းစာနဲ့အတူ သင်ကြားပေးလေ့ရှိတယ်လို့ သိရပါတယ်။ တောဆင်ရိုင်းတွေဟာ ကျောင်းဝင်းထဲက စွန်ပလွန်ပင်ကို လာစားလေ့ရှိတာကြောင့် ကျောင်းအတွင်းက စွန်ပလွန်ပင်အားလုံးကို အပြင်ကိုပြောင်းစိုက်ပြီး ကျောင်းပေါက်ဝမှာ အကာအရံများ ထပ်တိုးထားရှိခဲ့ပါတယ်။ နာကျီမူလတန်းကျောင်းက ကျောင်းသားများကတော့ "ဆင်တွေ့ရင် အနီးစပ်ဆုံး အဆောက်အအုံအတွင်း ဝင်ရောက်ပြီး အပေါ်သို့တက်သွားပါ"ဆိုတဲ့ စကားကို အမြဲမှတ်ထားကြပြီး ရွာသူရွာသားများကလည်း အပြင်ထွက်တဲ့အခါတိုင်း ဆင်များရှိတဲ့နေရာကိုရှောင်ပြီး သွားလာကြတယ်လို့ သိရပါတယ်။

ဒါ့အပြင် ဖူးအော်မြို့မှာ ၁၉၉၂ ကစပြီး အခုထိ တောဆင်ရိုင်းများ ဝင်ထွက်လေ့ရှိတဲ့အတွက် သူတို့စားသောက်ဖို့ "ကန်တင်းစားသောက်ဆိုင်"တစ်ခုကို ဖွင့်ပေးပြီး အချိန်အခါအလိုက်၊ ရာသီအလိုက်ခွဲပြီး သူတို့ကြိုက်နှစ်သက်တဲ့ ငှက်ပျော၊ ပြောင်းဖူး၊ စွန်ပလွန် စတဲ့ သီးနှံပင် ၆၅၉ ဧကခန့်ကို စိုက်ပျိုးထားရှိပေးထားရပါတယ်။

### စိတ်ဝင်စားမှု မြင့်တက်နေကြ

အခုလည်း တောဆင်ရိုင်း ၁၅ ကောင်ဟာ မြောက်ပိုင်း ဆစ်ဆောင်ပနားကနေ တောင်ပိုင်းအထိ ဦးတည်ရာမဲ့ ရွှေ့လျားသွားလာနေကြတဲ့အတွက် လူအများရဲ့ စိတ်ဝင်စားမှုကို ပိုပြီး ခံလာရပါတယ်။ ကျွမ်းကျင်ပညာရှင်များကတော့ ဆင်ခေါင်းဆောင်ရဲ့ အတွေ့အကြုံနည်းပါးမှုကြောင့် ဆင်များ လမ်းပျောက်နေတယ်လို့ ယူဆနေကြပါတယ်။ အခုအချိန်ထိ ဆင်များ ထိန်းသိမ်းရေးတောထဲကနေ အပြင်ကို ထွက်ခွာသွားရတဲ့ အကြောင်းရင်းကို ဘယ်သူမှ မသိကြသေးပါဘူး။ တချို့ကတော့ သူတို့တစ်တွေ ထိန်းသိမ်း ကာကွယ်ရေးဇုန်ရှိရာ တောထဲကို ဘာလို့များ ပြန်မလာကြသလဲ။ သူတို့ ဘယ်အရပ်အထိ ဆက်သွားနေကြမလဲ။ ဆင်တွေ ခရီးလမ်းမှန် ရှာမတွေ့သေးဘူးလား။ ဒါမှမဟုတ် ဆင်တွေဟာ အပြင်ထွက်ပြီး ဇာတိရပ်ရွာထက် ပိုမိုကျယ်ပြန့်တဲ့ ရှခင်းသာနေရာတွေကို ကြည့်ချင်လို့ လျှောက်သွားနေတာလားဆိုပြီး စိတ်ဝင်စားမှု မြင့်တက်နေကြပါတယ်။

ပညာရှင်များကတော့ ယူနန်ပြည်နယ်အတွင်း တောဆင်ရိုင်းများ သွားလာလျက်ရှိတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေ ၁၁ ခုမှာ ထိန်းသိမ်းမှုစွမ်းအား တိုးမြှင့်လာမှုနဲ့အတူ သစ်တောမိုးရေ သိပ်သည်းဆ များပြားလာပြီး ဆင်များစားသုံးနိုင်တဲ့အပင် လျော့နည်းလာခြင်းကြောင့် သဘာဝတောထဲကနေ လူနေမြို့ရွာ ရပ်ကွက်တွေဆီ ဆင်တွေရောက်လာတာ ဖြစ်နိုင်ခြေအကြောင်းအရင်း တစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။

### ကြိုးပမ်းဆောင်ရွက်ပေး

လက်ရှိမှာ ဦးတည်ရာမဲ့သွားနေတဲ့ တောဆင်ရိုင်းများကို တာဝန်ရှိသူများက အစာကျွေးတဲ့နည်းလမ်း၊ ဆင်အုပ်စုရဲ့ အစားအသောက် အရင်းအမြစ်များကို ထိန်းသိမ်းခြင်း နည်းလမ်းများအပြင် အာရှဆင်ထိန်းသိမ်းရေး နည်းလမ်းများနဲ့ ဒေသခံများရဲ့ လုံခြုံရေးအပါအဝင် ပြည်သူလူထုများရဲ့ ပိုင်ဆိုင်မှုများ မဆုံးရှုံးရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ ။

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လူသတ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်မှုနှင့် ခိုးထိုးမှုကျူးလွန်ခဲ့သူများ ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ် (၈) ရပ်ကွက် အောင်သပြေ (၁)လမ်းနေ သက်လင်းထွန်း (ခ) လင်းလင်း (ခ) ဘယ်လေး (ဘ) ဦးတင်ရွှေသည် မတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း ဟန်ဦး၊ နွယ်ထွန်း၊ ဖိုးသကြန်၊ ကြံ့ကြီး(ခ) ကျော်မိုးထက်၊ ဇော်မျိုးထက်၊ ကိုမင်း၊ အရှည်ကြီး (ခ) ဝတုတ်၊ ထွန်းထွန်းအောင် (ခ) ဘိုထွန်း (ခ) ဂျပန်ကြီး (ခ) ဝင်းနိုင် တို့ ခေါင်းဆောင်သည့် လူစုနှင့်အတူ အဆိုပါရပ်ကွက် အောင်ရတနာလမ်းနေ ဦးသန်းဦး (ခ) ဦးမြင့်ဌေးနှင့် ဦးမြသန်း (ခ) စွန်ရဲ တို့ကို ဒလန်သတင်းပေးဟု စွပ်စွဲပြောဆိုခြိမ်းခြောက်၍ ခုတ်ဆီဖျန်းမီးရှို့ သတ်ဖြတ်ခဲ့ကြသည့် ပြစ်စဉ်တွင်ပါဝင်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ – ၃၀၂(၂)/၁၁၄ အရ ၎င်းအား ဇွန် ၂၉ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် နှစ် (၂၀)" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့ပြင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ်(၅)ရပ်ကွက် သုဓမ္မာလမ်း၌ ဦးမျိုးညွန့်အောင်ကို မေ ၃၀ ရက် ည ၇ နာရီခွဲခန့်တွင် သီဟ(ဘ) ဦးမြင့်သိန်းက ဒလန်ဟု စွပ်စွဲခြိမ်းခြောက်ကာ စတီးခေါက်ဓားဖြင့် ထိုးခဲ့သည့်အတွက် ဦးမျိုးညွန့်အောင်တွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့်အပေါ် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ် –၃၀၇ အရ ၎င်းအား ဇွန် ၂၉ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် နှစ် (၂၀)" အမိန့်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




တရားခံ သက်လင်းထွန်း(ခ) လင်းလင်း (ခ) ဘယ်လေး နှင့် သီဟ။

◆ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၃၀-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၈၀) ခု | (၁၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၁) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၉၈) ခု | (၇၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၃) ခု | (၁) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၁၄) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၄၁) ခု | (၂) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၈၆) ခု | (၆၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၂၈) ခု | (၅၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၉၀) ခု | (၁၇၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၈၁၃) ခု | (၁,၀၈၈) ဦး |
| **စုစုပေါင်း** | (၇,၉၂၄) ခု | (၁,၅၈၀) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဂျာမနီအသင်းကို အနိုင်ရရှိကာ ယူရိုပြိုင်ပွဲကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့သည့် အင်္ဂလန်အသင်း

ယူရို ၂၀၂၀ ပြိုင်ပွဲ ၁၆ သင်း အဆင့်ပွဲစဉ်အဖြစ် နာမည်ကြီး အင်္ဂလန်အသင်းနှင့် ဂျာမနီအသင်းတို့ ပွဲစဉ်ကို ဇွန် ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းက စတားလင်း၊ ဟယ်ရီကိန်းတို့၏ သွင်းဂိုးများဖြင့်အတူ နှစ်ဂိုး–ဂိုးမရှိဖြင့် ဂျာမနီကို အနိုင်ယူပြီး ယူရိုပြိုင်ပွဲ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အသင်းကြီး နှစ်သင်း ဆုံတွေ့နေသည့်အတွက် ဂိုးရရှိရေးထက် အမှားမခံရေးကိုသာ အာရုံစိုက်ကစားလာခဲ့သောကြောင့် ပထမပိုင်းကို ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ဂျာမနီအသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်ကစားအားကျလာသည့် ဝါနာ၏ နေရာကို ဂနာဘရီဖြင့် အစားထိုးကာ တိုက်စစ်အားမြှင့်တင်ခဲ့သည်။ သို့သော်လည်း တိုက်စစ်ပိုင်း အဆုံးသတ် အားနည်းမှုကြောင့် ဂိုးမရရှိပေ။

ပွဲချိန် ၇၅ မိနစ်တွင် အင်္ဂလန်အသင်း အဖွင့်ဂိုးရရှိခဲ့သည်။ လုခ်ရှော၏ ဖန်တီးပေးမှုမှ တစ်ဆင့် စတားလင်းက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်ပြီးခါနီးတွင် ဒုတိယဂိုး ရရှိခဲ့ပြီး ဂရီရယ်လစ်ချ်၏ ဖန်တီးပေးမှုမှတစ်ဆင့် အသင်းခေါင်းဆောင် ဟယ်ရီကိန်းက သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ဂျာမနီအသင်းထက် ဂိုးကန်သွင်းခွင့် အကြိမ်ရေ နည်းပါးခဲ့သော်လည်း အဆုံးသတ်ပိုင်း သေချာခဲ့သည့်အတွက် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။



အင်္ဂလန်အသင်းအတွက် ဒုတိယဂိုး သွင်းယူပေးသည့် တိုက်စစ်မှူး ဟယ်ရီကိန်း

ယနေ့ပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် တစ်ဂိုး သွင်းယူနိုင်ခဲ့သော စတားလင်းသည် အသင်းအတွက် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ပွဲ ၂၀ တွင် ၁၅ ဂိုး အထိ သွင်းယူထားနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် ကိန်းသည်လည်း နည်းပြ ဆောက်ဂိတ်လက်ထက်တွင် အင်္ဂလန်အသင်းအတွက် သွင်းဂိုး ၃၀ အထိ ရှိလာခဲ့ပြီဖြစ်သည်။

အခြားသော ပွဲစဉ်တစ်ပွဲဖြစ်သည့် ဆွီဒင်အသင်းနှင့် ယူကရိန်းအသင်းတို့ပွဲစဉ်တွင် အပြန်အလှန် သွင်းဂိုးများနှင့်အတူ အကြိတ်အနယ်ရှိခဲ့ပြီး ယူကရိန်းအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆွီဒင်အသင်းနှင့် ယူကရိန်းအသင်းတို့ ပွဲစဉ်တွင် သာမန်ပွဲချိန်အတွင်း တစ်ဂိုးစီ သရေကျနေ၍ အချိန်ပို ဆက်လက်ကစားခဲ့ရသည်။ အချိန်ပိုတွင် ဆွီဒင်အသင်းမှ မားကပ်စ်ဒန်နီရယ်ဆင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသောကြောင့် ဆွီဒင်အသင်း တစ်ယောက်လျော့အနေအထားဖြင့် ယူကရိန်းအသင်းကို ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုပွဲပြီးခါနီးတွင် ယူကရိန်းအသင်း ဂိုးရရှိခဲ့ပြီး ဇင်ချန်ကို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒေါ့ဗ်ဘီက သွင်းယူပေးနိုင်ခဲ့၍ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယူကရိန်းအသင်းသည် ယနေ့ပွဲစဉ်တွင် ဆွီဒင်အသင်းကို အနိုင်ရရှိခဲ့သောကြောင့် ကွာတားဖိုင်နယ်အဖြစ် ဇူလိုင် ၄ ရက်တွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

## ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စားရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့ နယ်မြေခံတပ်ရင်း ခန်းမ၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စားရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးအား ထောက်ပံ့ပေးအပ်ကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဟင်္သာတမြို့နှင့် ကျုံပျော်မြို့များရှိ နယ်မြေခံတပ်ရင်းခန်းမများ၌ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်နှင့် ရေကြည်မြို့နယ်များရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက စားရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သီပေါမြို့နယ်၌ တောင်သူလယ်သမားများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

**သီပေါ ဇွန် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ထုတ်ချေးရာတွင် ၂၀၂၁ ခုနှစ်အတွက် စိုက်ပျိုးစရိတ်များကို ဇွန် ၂၉ ရက်မှ စတင်ထုတ်ချေးခဲ့ရာ ယနေ့အထိ ကျေးရွာအုပ်စု ၂၃ အုပ်စုမှ တောင်သူ ၂၁၂၃ ဦးအတွက် ငွေကျပ် ၁၅၄၃၁၅၀၀၀၀ ကို ထုတ်ချေးခဲ့ပြီးဖြစ်သည်။ သီပေါမြို့နယ်၌ ကျေးရွာအုပ်စု ၇၆ အုပ်စုမှ မိုးရာသီစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများအဖြစ် စပါးတစ်ကေလျှင် ငွေကျပ် ၁၅၀၀၀၀ နှင့် အခြားသီးနှံတစ်ကေလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်စမ်းစမ်းအေးနှင့် စိုက်/ဘဏ်ဝန်ထမ်းများက ထုတ်ချေးပေးလျက်ရှိပြီး ကျန်ရှိသည့်ကျေးရွာများမှ တောင်သူများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၂၈)၊ မြေကွက်တည်နေရာအမှတ်(၁၂၈)၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဒဲရစ်(ခ)အောင်ခင်(RGN-၀၁၉၅၆၁) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးဒဲရစ်(ခ)အောင်ခင်(ကွယ်လွန်)သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မိမိ ၁၂/ဥကတ(နိုင်)၁၂၈၆၅၄ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ပါမစ်အမည်ပေါက် ဦးဒဲရစ်(ခ)အောင်ခင်ထံမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ ခြေရင်းခြမ်း ပေ(၂၀ x ၆၀)အား ဒေါ်သိဂီဝင်းမှလည်းကောင်း၊ ဒေါ်သိဂီဝင်းထံမှ ဦးသန့်ဇင်မှလည်းကောင်း၊ ဦးသန့်ဇင်ထံမှ ဒေါ်ဒေါ်လီသင်းသင်းနွယ်မှ လည်းကောင်း အဆင့်ဆင့်ဝယ်ယူခဲ့သည့် အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်များနှင့် မြေချပါမစ်မူရင်းတင်ပြကာ ဒေါ်ဒေါ်လီသင်းသင်းနွယ် ၁၂/မရက(နိုင်) ၁၀၇၉၀၈ နှင့် ဒေါ်မိမိ ၁၂/ဥကတ(နိုင်)၁၂၈၆၅၄တို့ ပူးတွဲ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာပေ မြင့်မှ လူမျိုး တင့်မည်


Myanmar Digital News

News and Periodicals Enterprise

နောက်ဆုံးရပြည်တွင်းနှင့်နိုင်ငံတကာ သတင်းတွေကို အချိန်နှင့်တစ်ပြေးညီကြည့်ရှုနိုင်ပြီး မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light Of Myanmar နေ့စဉ်ထုတ် သတင်းစာ (၃)စောင်ကို အွန်လိုင်းကနေ အလွယ်တကူ ဖတ်ရှုနိုင်ပြီ။

www.mdn.gov.mm

website App Store Google Play

Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်းလျှပ်စစ်ဓာတ်အားရရှိရေးအတွက်ဓာတ်အားခွဲရုံ(၂)ရုံ တပ်ဆင်တည်ဆောက်ခြင်း၊ မြေအောက်ဓာတ်ကြိုး နှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၃၀.၆.၂၀၂၁) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၃၀.၇.၂၀၂၁)ရက်နေ့၊(၁၄ : ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း။ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

### TAXI ယာဉ်အမှတ် FF/5381 TOYOTA COROLLA FIELDER နှင့်စပ်လျဉ်း၍ ဖြေရှင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး (က.ည.န)မော်တော်ယာဉ်လိုင်စင်ဌာန၌ တရားဝင် မှတ်ပုံတင်ထားသော အထက်ခေါင်းစဉ်ပါ TAXI ယာဉ်အမှတ် FF/5381 အမှုများနှင့်စပ်လျဉ်း၍ (၉-၂-၂၀၂၁) ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အသိပေးကြေညာခြင်းနှင့် (က.ည.န)ရုံးတွင် (၂၃-၂-၂၀၂၁)ရက်နှင့် (၁၂-၅-၂၀၂၁)ရက် ယာဉ်ယာယီတားစာရင်းခွင့်ပြုရန် လျှောက်ထားလွှာများအား ဒေါ်ဝင်းဝင်းကြည် ၁၂/ပဘတ(နိုင်)၀၀၃၁၁၅ အမှတ်(၅၄/၅၆)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူက ပြန်လည်ရုပ်သိမ်းကြောင်း ဖြေရှင်းကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းကြည်၏ ညွှန်ကြားချက်အရ-
ဦးခင်မောင်မြင့် B.A(Law),LL.B.,DL Graduate(WIPO-Switzerland),Advocate(No.2269/82)
MAC Tower,#၅၆၁(ပထမထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်မှ မြေရိယာ ဝဒသမ၁၁ဝကေရှိ မြေကွက်အမှတ် (ပ-၂၄၀၆၅)၊ ဦးတင်လှိုင် ၁၂/ရကန(နိုင်)၀၄၈၃၅၉(ဘ) ဦးဝိုင်းအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးအောင်ကျော်ဦး ၁၂/ဥကမ(နိုင်)၁၂၆၅၇၄ (ဘ) ဦးသိန်းအောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၈၇/၂၀၁၆) တင်ပြ၍ ဒေါ်သီတာဦး ၉/မရမ(နိုင်)၀၉၀၇၈၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ် (-)၊ သုခမိန်လမ်း၊ မြေကွက်အမှတ်(၄၁၁)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးသန်းလွင်(CF-၀၀၃၈၆၆)(၁၂/အစန (နိုင်)၁၂၂၁၀၂)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်မျိုးအောင် (၁၃/လရန (နိုင်) ၀၁၂၉၇၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ဆောင်ရွက်

**မကွေး ဇွန် ၃၀**

မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှု မြင့်တက်လာသည့်အတွက် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စီမံကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်း မျိုးရိုးဗီဇပြောင်း ဗိုင်းရပ်စ်ပိုး ကြိုတင်ကာကွယ်နိုင်ရေး စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စီမံကြီးကြပ်မှုဖြင့် မင်းဘူးခရိုင်တွင် ငဖဲမြို့နယ် ပျဉ်းဝဂိတ်၊ ပခုက္ကူခရိုင်၌ ရေစကြို - ဆင်ဖြူရှင်တံတားဂိတ်၊ မြိုင်မြို့နယ် မြိုင်-မန္တလေးလမ်းဘေးဂိတ်၊ ပေါက်မြို့နယ် - သရက်တောဂိတ်နှင့် ဆိပ်ဖြူမြို့နယ် ကဇွန်းမဂိတ်တို့ ဖွင့်လှစ်ကာ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လေကြောင်း အဝင်အတွက် စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် မကွေးလေဆိပ်၌ စစ်ဆေးရေးဂိတ် ဖွင့်လှစ်ကာ မကွေးလေဆိပ် ခရီးစဉ်ဖြစ်သည့် တနင်္လာနေ့နှင့် သောကြာနေ့တွင် ပြေးဆွဲမည့် ခရီးစဉ်အတွက် ကျန်းမာရေး စစ်ဆေးမှုများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့များတွင် ကိုဗစ်ပိုး ရှိ/မရှိ (RDT) Test Kits ဖြင့် ကြိုတင်စစ်ဆေးဆောင်ရွက်နိုင်ရန် ၁၇-၆-၂၀၂၁ ရက်မှစတင်၍ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း Quarantine Center ၄၂ ခု ဖွင့်လှစ်ထားရှိပြီး Volunteer များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်း အထောက်အကူပြုအဖွဲ့များ စုစုပေါင်း ၅၉၆ ဦးနှင့် မကွေးလူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များပူးပေါင်းကာ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိမှုအနေဖြင့် ဂန့်ဂေါမြို့နယ်တွင် ကူးစက်မှုအများဆုံးတွေ့ရှိရပြီး ရောဂါကူးစက်မှုအား ထိထိရောက်ရောက်ထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ပံ့ပိုးမှုဖြင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ပြီး ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေး ဝန်ထမ်းလိုအပ်ချက်များနှင့် အထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ ဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋီတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ မေလ အလှူရှင်စာရင်း

| | | |
|---|---|---|
| ၄၄၁။ ဒေါ်ကြည်ကြည် | မန္တလေးမြို့ | ၂၀၀၀၀၀ (ကြွေပြား ၁ ကျင်းလှူဒါန်း) |
| ၄၄၂။ ဦးထွန်းလှ+ဒေါ်တင်အေးကြည် | မကွေးမြို့ | ၁၀၀၀၀၀ |
| ၄၄၃။ ဒေါ်ထိပ်တင်ယွန်းခင်ခင် | နေပြည်တော် | ၁၀၀၀၀၀ |
| ၄၄၄။ ဦးဇော်ချို | မော်လမြိုင်မြို့ | ၂၀၀၀၀၀ |
| ၄၄၅။ ဦးစိန်သန်း+ဒေါ်နီနီဝင်း (သား)မောင်ဟိဏ်းလင်းထက် | မိတ္ထီလာမြို့ | ၅၀၀၀၀၀၀ |
| ၄၄၆။ ဒေါ်ထူးထူးမာ | မိတ္ထီလာမြို့ | ၃၆၀၀၀၀ |
| ၄၄၇။ ဒေါ်သန်းမြင့် | မိတ္ထီလာမြို့ | ၂၀၀၀၀၀ |
| ၄၄၈။ ဦးခင်မောင်ဝင်း | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၄၄၉။ ဒေါ်လှလှဝင်း | ရန်ကုန်မြို့ | ၃၂၀၀၀၀ |
| ၄၅၀။ ဒုတိယဗိုလ်မှူးကြီးမောင်တင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | နေပြည်တော် | ၃၀၀၀၀၀ |
| ၄၅၁။ အမှတ်(၇)တပ်မတော်ဆေးရုံ (ခုတင်-၂၅)မိသားစု | မြဝတီမြို့ | ၂၀၀၀၀၀ |
| ၄၅၂။ ဦးအောင်သန်းအေး | မြဝတီမြို့ | ၂၀၀၀ |
| ၄၅၃။ ဗိုလ်ကြီးကိုကိုထိုက်+ဒေါ်အေးမျိုးသန္တာ | နေပြည်တော် | ၁၀၀၀၀၀ |
| ၄၅၄။ ဒေါ်ခင်ရီနှင့်သားများကောင်းမှု | နေပြည်တော် | ၂၀၀၀၀၀ |
| ၄၅၅။ နှစ်ဖက်သောဘိုးဘွားများနှင့် ဗိုလ်ကြီးစိုးညွန့်တင်အားရည်စူး၍ ဒေါ်ဉာဏသိဂီနှင့် သားသမီးမြေးတစ်စုကောင်းမှု | ရန်ကုန်မြို့ | ၄၇၀၀၀၀ (စကျင်ကျောက်ပြားလှူဒါန်း) |
| ၄၅၆။ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)+ ဒေါ်တင်တင်လှ သားသမီးမြေးတစ်စု | ရန်ကုန်မြို့ | ၂၀၀၀၀၀၀ (ဂန္ဓကုဋီတိုက် ဒုတိယအကြိမ်လှူဒါန်း) |
| ၄၅၇။ သီဟသူရဦးတင်အောင်မြင့်ဦး+ ဒေါ်ခင်စောနှင်းနှင့် သားသမီးမြေးတစ်စု(အောင်သီရိဖောင်ဒေးရှင်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၄၅၈။ ဦးမောင်မောင်ဝင်း | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၄၅၉။ DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေးစက်ရုံမှဝန်ထမ်းများ(မစက) | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၆၀။ ဦးသိန်းညွန့် (သား)ကိုခိုင်မင်း | နေပြည်တော် | ၃၀၀၀၀၀ |
| ၄၆၁။ ဒေါ်အေးအေးသင်း | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၆၂။ ဒေါ်ရွှေရည်မွန်သင်း | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၄၆၃။ ဗိုလ်မှူးကြီးသူရမျိုးတင့်+ဒေါ်ရီရီမြင့် | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၄၆၄။ ဒေါ်ဇွန်ဇာခြည်ကျော် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၆၅။ ဒေါ်နွယ်နွယ်စန်း | ချောက်မြို့ | ၅၀၀၀ |
| ၄၆၆။ ဒေါ်ယဉ်မီအိမ် | နေပြည်တော် | ၂၅၀၀၀၀ |
| ၄၆၇။ ဦးတင်ဆောင်+ဒေါ်မြင့်ရီ | နေပြည်တော် | ၁၀၂၀၀၀၀ |
| ၄၆၈။ ဗိုလ်မှူးဇေလင်းမောင်+ဒေါ်စုစံသာအုန်း | နေပြည်တော် | ၃၀၀၀၀၀ (Garden Light လှူဒါန်း) |
| ၄၆၉။ ဒေါ်ဣန္ဒြာတီ(မြေး)မကျော့ဦးခင်ခင် | နေပြည်တော် | ၂၀၀၀၀ |
| ၄၇၀။ ဦးကျော်ဇင်ဦး+ဒေါ်နန်းအိအိလှိုင် | ကောလင်းမြို့ | ၃၀၀၀၀ |
| ၄၇၁။ ဦးသက်ငွေ+ဒေါ်တင်မြ၊ ဦးတင်ငွေး+ဒေါ်သက်မာဦးမိသားစု | မန္တလေးမြို့ | ၂၀၀၀၀၀ |
| ၄၇၂။ တာမိုးညဲအုပ်စု ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် | ရန်ကုန်မြို့ | ၁၀၀၀၀၀၀၀ |
| ၄၇၃။ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်း(ငြိမ်း)+ ဒေါ်တင်တင်စိန် | ရန်ကုန်မြို့ | ၇၀၀၀၀၀ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း) |
| ၄၇၄။ သကြားစက်ရုံ(ကန့်ဘလူ) မှဝန်ထမ်းများ(မစက) | ကန့်ဘလူမြို့ | ၃၀၀၀၀၀ |
| ၄၇၅။ ဒေါ်စန်းစန်းဝင်း | မန္တလေးမြို့ | ၁၀၀၀၀ |
| ၄၇၆။ ဦးမြင့်စိုး+ဒေါ်မြင့်မြင့်သွင် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၇၇။ ကွယ်လွန်သူဒေါ်ကြည်ကြည်စန်းအား ရည်စူး၍ သမီး ဒေါ်ကြည်ကြည်လှိုင်ကောင်းမှု | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၄၇၈။ ဦးမင်းသူရ | ပျော်ဘွယ်မြို့ | ၅၀၀၀၀ |
| ၄၇၉။ ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)+ ဒေါ်ဆွေဆွေကျော် | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၄၈၀။ လျှပ်စစ်မီးကြိုးစက်ရုံမှဝန်ထမ်းများ(မစက) | လှိုင်သာယာမြို့ | ၂၀၀၀၀၀ |
| ၄၈၁။ ဦးကျော်စိန်+ဒေါ်တင်တင်ရီ | ပြင်ဦးလွင်မြို့ | ၁၀၀၀၀ |
| ၄၈၂။ ဗိုလ်ကြီးစိန်လှိုင်(ငြိမ်း)BEME+ ဒေါ်ခင်မြင့် | ရန်ကုန်မြို့ | ၇၀၀၀၀၀ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း) |
| ၄၈၃။ တစ်ခါသုံးဆေးထိုးအပ်စက်ရုံ မှဝန်ထမ်းများ(မစက) | မှော်ဘီမြို့ | ၁၂၀၀၀၀ |
| ၄၈၄။ ဒေါ်မြတ်မွန်ထွေး | နေပြည်တော် | ၅၀၀၀၀ |
| ၄၈၅။ ဦးလှစိန် | ရန်ကုန်မြို့ | ၁၁၀၀၀၀၀ |
| ၄၈၆။ ဦးအောင်ကျော် | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၄၈၇။ ဦးခင်မောင်ဇော် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၄၈၈။ နှစ်ဖက်သောမိဘများကို ဦးထိပ်ထား၍ ဗိုလ်ကြီးအောင်ဒင်ဦး(ငြိမ်း) လက်ထောက်ဌာနမှူး (ရန်ကုန်မြို့တော်စည်ပင်)(ငြိမ်း)+ဒေါ်ခင်ခင်စု (လယ်ပြ-ငြိမ်း)မိသားစု | ရန်ကုန်မြို့ | ၇၀၀၀၀၀ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း) |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း ၂၀၂၁ခုနှစ် ဇူလိုင် ၁ရက် (၁၃၈၃ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး ကျား ၃၅ဦး၊ မ ၁၅ဦး စုစုပေါင်း ၅၀ဦးနေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၃၀-၆-၂၀၂၁ရက်တွင် အသက်(၂၉)နှစ်ထက်မကျော်လွန်ရ။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံးအရပ် ၅' ၅"၊ ကိုယ်အလေးချိန်ပေါင် ၁၁၀ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံးအရပ် ၅' ၂"၊ ကိုယ်အလေးချိန်ပေါင် ၉၀ရှိရမည်။

(စ) ရေကူးတတ်မြောက်ရမည်။

(ဆ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(ဇ) အောက်ပါမဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

| စဉ် | ဘွဲ့အမည် | | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| (၁) | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) M.A(English) | - | ၁၀ | ၅ | ၁၅ဦး |
| (၂) | မဟာဥပဒေဘွဲ့(LL.M) | - | ၃ | ၂ | ၅ဦး |
| (၃) | စီးပွားရေးပညာမဟာဘွဲ့(M.Com., M.Ecom,(Stats), M.Econ(Eco)) | - | ၅ | ၂ | ၇ဦး |
| (၄) | မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech) | - | ၈ | ၄ | ၁၂ဦး |
| (၅) | မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့် အထည်) M.E(Textile) | - | ၂ | - | ၂ဦး |
| (၆) | မဟာအင်ဂျင်နီယာဘွဲ့(စက်မှုအီလက်ထရွန်နစ်) M.E(Mechatronic) | - | ၂ | - | ၂ဦး |
| (၇) | မဟာအင်ဂျင်နီယာဘွဲ့(စက်မှုစွမ်းအား) M.E(Mechanical) | - | ၂ | - | ၂ဦး |
| (၈) | မဟာအင်ဂျင်နီယာဘွဲ့(မြို့ပြ)M.E(Civil) | - | ၁ | ၁ | ၂ဦး |
| (၉) | နိုင်ငံတကာဆက်ဆံရေးပညာမဟာဘွဲ့ M.A(IR) | - | ၂ | ၁ | ၃ဦး |

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများ ပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း/မိတ္တူ

(ဃ) ပညာအရည်အချင်းအတွက် မဟာဘွဲ့လက်မှတ်မူရင်း/မိတ္တူ

(င) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်(၁.၂"x၁.၄")ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်။)

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ(သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကိုသာ ရေကူးစစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်သည့် ရက်စွဲ၊ အချိန်၊ နေရာ၊ စာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်းနှင့်လမ်း ၅၀ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း) ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS)တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၇။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)ပါရှိရမည်။

၈။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mmနှင့် www.maccs.gov.mm၊ Facebook Page(MACCS)တို့တွင် Downloadရယူနိုင်ပြီး၊ လူကိုယ်တိုင်လာရောက်ရယူပါက ၂-၈-၂၀၂၁ရက်မှ ၁၃-၈-၂၀၂၁ ရက်အထိ မှတ်ပုံတင်(မိတ္တူ)နှင့် ဘွဲ့လက်မှတ်(မိတ္တူ)များနှင့်အတူ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်းနှင့်လမ်း ၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)တွင် လာရောက်ထုတ်ယူနိုင်သည်။ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ၁၆-၈-၂၀၂၁ရက်မှ ၂၇-၈-၂၀၂၁ရက်အထိ အကောက်ခွန်သင်တန်းကျောင်း၌ ပြန်လည်လက်ခံသွားမည်ဖြစ်သည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရွေးချယ်ခြင်းခံရပါက အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။

၁၁။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၃။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

---

**မွေးသက္ကရာဇ် အမှန်**

ဖားကန့်မြို့နယ်၊ အလက မှော်ရှန်ကျောင်း၊ Grade-3 မှ အဘ ဦးထိုင်ရီ(ခ)ဦးသိန်းဝင်း၏သား မောင်လှိုင်ဖြိုးဟိန်း၏ မွေးသက္ကရာဇ် အမှန်မှာ ၉-၃-၂၀၁၁ ဖြစ်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀/သမိုင်း၊ မြေကွက်အမှတ်-၈/က[JA]၊ ၀ ဒသမ ၁၃၇ဧက၊ မြေကွက်တည်နေရာအမှတ် ၆၄ H၊ မိုးမြင့်ရိပ်မြုံမြိမ်၊ ဇေယျာခေမာလမ်း၊ ၆-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးမြင့်လွင် ၆/ကသန(နိုင်)၀၀၄၃၀၇၊ မမိုးနှင်းဖြူမြင့်လွင် (အရွယ်မရောက်သေး၍ သဘာဝအုပ်ထိန်းသူဖခင် ဦးမြင့်လွင်မှ လက်မှတ်ရေးထိုး) ၁၂/ကမရ(နိုင်)၁၅၇၁၈၈ အမည်ပေါက် (၂)ဦးအနက် ဖခင်ဖြစ်သူ ဦးမြင့်လွင် ၆/ကသန(နိုင်)၀၀၄၃၀၇ မှာ ၁၁-၄-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပြီး မိခင်ဖြစ်သူ ဒေါ်ရွှေရွှေစိန်မိုးနှင့် ၈-၁၀-၂၀၀၄ ရက်တွင် လှိုင်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူအကြောင်လင်မယားအဖြစ်မှ အပြီးအပိုင်ပြတ်စဲကွာရှင်းပြီးဖြစ်ပါသဖြင့် ၎င်းတို့မှ မွေးဖွားသည့် သားသမီးများဖြစ်ကြသည့် အမည်ပေါက်တစ်ဦးဖြစ်ပြီး သမီးဖြစ်သူ ဒေါ်မိုးနှင်းဖြူမြင့်လွင် ၁၂/ကမရ(နိုင်)၁၅၇၁၈၈ နှင့် သားဖြစ်သူ ဦးဟိန်းမိုးမြင့်လွင် ၁၂/ကမရ(နိုင်)၁၅၇၁၇၁ တို့မှ၎င်းတို့မှာ ကွယ်လွန်သူ ဦးမြင့်လွင်နှင့် ဒေါ်ရွှေရွှေစိန်မိုးတို့၏ သား/သမီးအရင်းများတော်စပ်ကြောင်း၊ ကွယ်လွန်သူဖခင်ဖြစ်သူ ပိုင်ဆိုင်သော ထက်ဝက်အစုကို မိမိတို့(၂)ဦးမှသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ မိမိတို့မှအပ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း၊ ၁၈-၅-၂၀၂၁ ရက်စွဲဖြင့် ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်အမှတ်-၃၃၃၈/၂၀၀၆(၁၃-၉-၂၀၀၆)၊ လှိုင်မြို့နယ်တရားရုံးတွင် ၈-၁၀-၂၀၀၄ ရက်စွဲဖြင့် နှစ်ဦးသဘောတူအကြောင်လင်မယားဦးအဖြစ်မှ အပြီးအပိုင်ပြတ်စဲကွာရှင်းခြင်း စာချုပ်တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## စာသင်သံဃာလက်ခံပြီ

အခြေပြုမူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊

ဓမ္မာစရိယတန်းများ လျှောက်ထားနိုင်သည်။

မင်္ဂလာအေးကျောင်းတိုက်၊ တပင်ရွှေထီးလမ်း၊

(၃၈)ရပ်ကွက်၊ မြောက်ဒဂုံ

ဖုန်း-၀၁-၅၈၄၇၁၇၊ ၀၁-၈၀၁၀၈၀၂၊ ၀၉-၇၇၉၀၀၈၆၇၄

---

## အများသိစေရန်အသိပေးကြေညာခြင်း

ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက် အသေးစားငွေရေးကြေးရေး လုပ်ငန်းအမည်အား (Starfish Microfinance) ကြယ်ငါးအသေးစားငွေရေးကြေးရေးလုပ်ငန်း အမည်ဖြင့် ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**
**ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၅၉-၂၀၂၃၉၅**

---

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁+၇+စကျောက်တောင်)၊ ဦးပိုင် (၆၃၈)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၄၈၄-၅/၂၀၀၉-၂၀၁၀(အေ) ဦးမောင်မောင်ဦးအမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ကို စာချုပ်အမှတ် (၄၅၉I/၂၀၂၀)ဖြင့် ဒေါ်ဒွေးဒွေးဝင်း ၁၃/လရန(နိုင်)၁၃၀၀၁၉မှ ဝယ်ယူပိုင်ဆိုင်ပြီး အမည် ပြောင်း၊ ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်ထွေ/အုပ်၊ လားရှိုးမြို့**

---

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ ဦးပိုင် (၇၁၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၀၀-၅/၂၀၁၆-၂၀၁၇(အေ) ဒေါ်ရှောက်ဆုံ(ခ)ထွေးထွေးခိုင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ကို ဦးဟူဖောင်သို့ အထူးကိုယ်စားလှယ်လွှဲအပ်ကာ စာချုပ်အမှတ် (၃၅၅I/၂၀၂၀)ဖြင့် ဒေါ်ကေသွယ်ဝင်း ၁၃/နမတ(နိုင်)၀၄၇၃၀၂မှ ဝယ်ယူပိုင်ဆိုင်ပြီး အမည်ပြောင်း၊ ထပ်မံ အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်ထွေ/အုပ်၊ လားရှိုးမြို့**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၂)၊ ဦးပိုင်အမှတ် (၁၆၂/၂)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်ကို မူလကဒေါ်စုစုလွင် အမည်ဖြင့် (၁၅-၇-၂၀၁၁) ရက်ထိမြေငှားဂရန်သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး ၊ ဦးပိုင်(၁၆၂/၂ခ)၊ မြေဧရိယာ ၀ ဒသမ ၀၄၈ ဧကရှိ မြေကွက်အပိုင်းကို (၂၀-၄-၂၀၀၄) ရက်တွင် ဒေါ်စုစုလွင်ထံမှ ဒေါ်နှင်းနှင်းခိုင်က နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ခွဲစိတ်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်နှင်းနှင်းခိုင် ၁/မကန(နိုင်)၀၉၅၆၇၃ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ အမည်ပြောင်းရရှိရေးအတွက် ၂၀-၁၀-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၆၆၀/၂၀၂၀)ကို ၂၃-၁၀-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင် အမှတ်(၇၀၄/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ တိုက်အမှတ်-၈၊ (၁)ခန်းတွဲ၊ (၃)ထပ်တိုက် အဆောက်အဦရှိမြေညီထပ်တိုက်ခန်း၊ အကျယ်အဝန်းအားဖြင့် (၁၃'x၅၈')ခန့်မှန်းရှိ ရေမီးစုံတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားနေထိုင်ပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမောင်မောင်အောင်စည် ၁၂/ရကန(နိုင်)၀၁၂၀၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ် ပြုလုပ်သောတိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၇၃/၂၀၁၉)**
**အမှတ်(၁၆/အေ)၊ (၆-လွှာ)၊ ပုညဝဓနလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၂၆၉၀၄၊၀၉-၇၉၃၅၃၇၀၇၈**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၂)၊ ဦးပိုင်အမှတ်(၁၆၂/၂)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်ကို မူလက ဒေါ်စုစုလွင် အမည်ဖြင့် ၁၅-၇-၂၀၁၁ရက်ထိ မြေငှားဂရန်သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး ဦးပိုင်(၁၆၂/၂က)၊ မြေဧရိယာ ၀ဒသမ၀၆၂ဧကရှိ မြေကွက်အပိုင်းကို ၂၀-၄-၂၀၀၄ ရက်တွင် ဒေါ်စုစုလွင်ထံမှ ဒေါ်ဝင်းစိန်က နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ခွဲစိတ်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်ဝင်းစိန် ၁/မကန(နိုင်)၁၃၃၁၉၇ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ အမည်ပြောင်းရရှိရေးအတွက် ၂၀-၁၀-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၆၅၉/၂၀၂၀) ကို ၂၃-၁၀-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၀၃/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အကွက်အမှတ်(၆၅/ဘိုကုန်း)၊ ဦးပိုင်အမှတ် (၁၅/ဃ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိ ခရိုင်အမှုတွဲအမှတ်-ငါး/၉၁/၂၀၀၉-၂၀၁၀အရရရှိထားသော မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ သံလွင်ဥယျာဉ်လမ်း၊ အိမ်အမှတ်(၂) ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦသည် ဒေါ်သန်းရီ(ခ)ဒေါ်ထွေးပါ (၅)ဦးထံမှ ကျွန်မ ဒေါ်ခင်သန်းဝင်း ၁၀/ခဆန(နိုင်)၀၈၅၄၁၆ (ဘ) ဦးဘအုံး(ခ) ဦးပန်းအုံမှ ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတရားဝင်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ၎င်းမြေနှင့် အိမ်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းဝင်း(ဘ)ဦးဘအုံး(ခ)ဦးပန်းအုံ**
**၁၀/ခဆန(နိုင်)၀၈၅၄၁၆**
**အမှတ်(၂)၊ သံလွင်ဥယျာဉ်လမ်း၊ ဘိုကုန်းရပ်ကွက်၊**
**မော်လမြိုင်မြို့။ ဖုန်း-၀၉-၄၂၂၂၀၈၂၂၄**

---

## ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ ပြောင်းလဲခြင်းကြော်ငြာခြင်း

BMF Microfinance Co;Ltd မှ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်ဖြစ်သော ဦးမျိုးစံ၏ ရာထူးနေရာတွင် Ms Nguyen Thi Thanh Chi အား ၁၆-၁၂-၂၀၂၀ ရက်မှ စတင်၍ အစားထိုးခန့်အပ်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**BMF Microfinance Co;Ltd**

